www.burmeseclassic.com

# ရေးကြီးခွင်ကျယ်ဆေးစက်နဲ့
# ရေးခြယ်တဲ့ပန်းချီ



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉) ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်း/ အဖုံးပုံနှိပ်သူ | – | ဒေါ်နွဲ့နွဲ့ရီ (မြဲ–၀၉၈၇၀) ရွှေရောင်လင်းပုံနှိပ်တိုက် အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| အကြိမ် | – | ပထမအကြိမ် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀/– |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ဒီနိုင်း၁

ရေးကြီးခွင်ကျယ်ဆေးစက်နဲ့ ရေးခြယ်တဲ့ပန်းချီ/ ဒီနိုင်း၁၊ ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၃။

၂၃၂ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

( ၁ ) ရေးကြီးခွင်ကျယ်ဆေးစက်နဲ့ ရေးခြယ်တဲ့ပန်းချီ


BURMESE CLASSIC .com

မိတ်ပါရဲ့လား ...

ဟန်ဆောင်ခဏား ..

ရေးသားခြယ်မှုန်း ..

ပြောကြပါအုန်း(ဦး)..

VIP နံပါတ်ပြားနဲ့ တခမ်းတနား ...


ရေးကြီးခွင်ကျယ်ဆေးစက်နဲ့ ရေးခြယ်တဲ့ပန်းချီ ...။



ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com







တစ်မြန်နေ့ကတည်းက ဒီနေ့ထိ ထပ်ခါထပ်ခါ သတိရခြင်းမျိုးနဲ့ နှင့်အလှရဲ့စွဲလမ်းခြင်းများက တာတမံတစ်ခုလို ခိုင်မာနေတာတော့ ဝါယံ့တယ် သုနန္ဒာ၊ ဒါပေမယ့် 'တာ' ဆိုတာလည်း မကျိုးရဘူးလို့ ပညတ်ချက်မှ မရှိတာပဲ ..။ လှပခြင်းသက်သက်နဲ့ ငါ့ရင်ထဲမှာ နှင့်ကို နေရာမပေးချင်ဘူး သုနန္ဒာ ..

ဒီလို သုနန္ဒာရဲ့ ..၊ မြန်မာစကားပုံမှာ ဒီယုန်မြင်လို့ ဒီချုံထွင် တယ်ဆိုတဲ့ ဆိုရိုးစကား ရှိတယ်လေ၊ ဟုတ်ပါတယ် .. နှင့်ကို ယုန်လေး တစ်ကောင်အဖြစ် ငါ မြင်ချင်လွန်းလို့ နှင့်ကိုယ်ပေါ်က ရှုပ်ယှက်ခတ် ပြီကွယ်နေတဲ့ မာန ဆိုတဲ့ ချုံပုတ်ကြီးကို ရှင်းချင်နေတာလေ။

ငါ့စကားက တရားစကားပါသွားသလား၊ ဆောရီးပဲ သုနန္ဒာ ..။ ငါ တရားစကားပြောနေတာ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အမှန်စကားကို ဆိုနေတာပါ။ ထပ်ပြီး မှန်သောစကားကိုဆိုရရင် အချို့ကြိုက်တဲ့ ပုရွက်ဆိတ်လည်း သူ့ထက် အရွယ်အစားကြီးမားတဲ့ သကြားခဲကို လွယ်လွယ်နဲ့ ဘယ်ထားချင်ပါ့မလဲ သုနန္ဒာ ရယ် ...။

ငါသာ ပုရွက်ဆိတ်ဆိုရင် အဲဒီသကြားခဲနားကို လူလစ်တိုင်း တိုးကပ်လာမှာပဲ၊ ဘာလုပ်ဖို့လဲလို့ နင် သိချင်နေတယ် မဟုတ်လား ...။

ငါသာဆိုရင် နင်ဆိုတဲ့ အဲဒီသကြားခဲကို ဘယ်လိုအမှုမျိုး ကျူးလွန်မိမလဲ ...၊ နင် ထိတ်ထိတ်ပျာပျာ စဉ်းစားကြည့်သင့်တယ်။





ရပ်ကွက်အတွင်းက

အခမဲ့ဓေတနာရှင်

Volunteer သို့

ရည်ရွယ်၍ ...





www.burmeseclassic.com

www.burmeseclassic.com



**အ**ချိန် ဆိုတာ ကျွန်တော်နဲ့သိတဲ့ တရုတ်ကြီးတစ်ယောက်လိုပဲ၊ သူ့ရဲ့ တိကျတဲ့လက်နဲ့ စကေးကိုက် အသားတုံးကို ခွဲခြမ်းပိုင်းခြားနိုင်တယ်လေ။ ဘယ်အသားတုံးဖြစ်ဖြစ် ဒီပုံစံ ဒီအရွယ်အစားပဲလေ။ အဲဒါ အချိန်ရဲ့တိကျမှုပဲပေါ့။ အဲဒါကြောင့် သူ အသားခုတ်ခါနီးမှာ ပြောနေကျစကားရှိတယ်။ ‘အချိန်တိကျဖို့ လိုတယ်’ တဲ့။

ကျွန်တော့်အတွက် အချိန်က အရေးကြီးတယ်။ ကျွန်တော် နေမကျော်ဖို့အချိန်က သိပ်အရေးကြီးနေပါပြီ၊ နာမည်ကသာ နေကျော်။ အချိန်က နေမကျော်ဖို့ သိပ်ကို အရေးပါနေပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လုပ်နေတဲ့ အခုအလုပ်က Volunteer အခမဲ့စေတနာ့ဝန်ထမ်း။

ဘယ်လို စေတနာ့ဝန်ထမ်းလဲ ...။





အလုပ်အကိုင်မရှိလို့ စေတနာ့ဝန်ထမ်းလုပ်နေတာ မဟုတ်ပါဘူး။ ကျွန်တော့်မိဘတွေက ဒီရပ်ကွက်မှာ ခေါင်းချသွားခဲ့ပါတယ်။ (ခေါင်းအုံးချပြီး အိပ်စက်သွားတာ မဟုတ်ပါ၊ ကွယ်လွန်အနိစ္စ ရောက်သွားကြခြင်း ဖြစ်သည်။)

မိဘတွေ ကွယ်လွန်ပြီဆိုတော့ ဖာတ်တော်တွေ၊ ပုံပြင်တွေထဲက လို ကုဋေရှစ်ဆယ်သူဌေးသားလို မိဘတွေ ဘဏ်မှာ လောက်လောက် cc ပိုပိုလျှံလျှံ အပ်နှံထားသည့်ပိုက်ဆံတွေကို သုံးဖြုန်းနေလို့လည်း မဖြစ်တာကြောင့် ကိုယ်ဝါသနာပါတာလေးကို တစိုက်မတ်မတ်လုပ်ရင်း ဒီရပ်ကွက်ထဲက ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းတွေ၊ မိတ်ဆွေလူကြီးလူငယ်တွေစုပြီး ဒီလိုမျိုးလေး လုပ်ဖြစ်ခဲ့ခြင်း ဖြစ်သည်။

ကြီးကြီးငယ်ငယ်၊ ပျိုပျိုအိုအို၊ ဘာသာမရွေး၊ အသားမရွေး (မည်းမည်းဖြူဖြူ) အခမဲ့ နာရေးကိစ္စအဝဝကို ကူညီ ဖြေရှင်းပေးသည်။ ကျွန်တော်တို့ကို နောက်ကွယ်မှာတော့ ‘နေကျော်နှင့် သူ၏မိတ်ဆွေများ နာရေးကူညီမှုအကျိုးဆောင်အဖွဲ့’ လို့ ပြောတတ်သည်။ ပြောပါစေလေ ...၊ ဟုတ်နေတာကိုး။

ကြီးကြီးမားမားကြီး မဟုတ်ပေမယ့် တစ်ပိုင်တစ်နိုင်လေးလုပ်ရတာကို ကျွန်တော်တို့ ကျေနပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့မှာ လူငယ်တွေ များပါတယ်။ တာဝန်ကြီးရယ်လို့ သီးသန့်မဟုတ်ပေမယ့် ရပ်ကွက်ထဲမှာ အားယားနေတဲ့၊ အလုပ်ခွင်မဝင်ခင် လူငယ်တွေကိုစုပြီး ဒီလိုမျိုးအဖွဲ့လေးထောင်ထားတော့ မိဘတွေကလည်း စိတ်ချမ်းသာသည်။

ရပ်ကွက်အတွင်းက ကျောင်းထိုင်ဆရာတော်၊ ဘာဘူကြီး ဦးဝမ်ချူး တို့ကလည်း ကျွန်တော်တို့ကို ဘရာဇို လို့ ကောင်းချီးပေးပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ ဆိုက်ကားသမားလည်း ပါတယ်။ သူဌေးသားလည်း ပါတယ်။ လူမျိုးစုံ၊ ဘာသာစုံပေါ့။ ဘယ်လောက်ဂုဏ်ယူဖို့ ကောင်းလဲ။

ဘာသာပေါင်းစုံအဖွဲ့ကြီးလို့ ကြံဖန်ဂုဏ်ယူလိုက်ပါတယ်။ ဒီအဖွဲ့အမြှင် ကျွန်တော်တို့က အခမဲ့ သွေးလှူအသင်းလေးကိုလည်း တည်ထောင်ထားပါသေးတယ်။ ဒီအဖွဲ့လေး ထောင်ဖြစ်တဲ့ကိစ္စက .. ထားပါ၊ ဒါတွေ နောက်ကြုံမှ ရှင်းပြတာပေါ့။

အဲ .. အချိန်ကစပြီး စကားပြန်ဆက်ရရင် ကျွန်တော် နေမကျော်ဖို့ အရေးကြီးနေပါတယ်။ သေသူက လမ်းထဲက ကိုသက်ပြင်း၊ ဒါပေမယ့် အသက်မပြင်းနိုင်ရှာ။ သေပြီဆိုတာနဲ့ ကျွန်တော်တို့အဖွဲ့က ကျွန်တော်တို့အသင်းရဲ့ပိုက်ဆံနဲ့ စုဝယ်ထားတဲ့ တာလပတ်(မိုးကာ)ပေါ့။





သံဖရိန်တွေနဲ့ ဟိုဘက်ဒီဘက်စွပ်ပြီး လမ်းကိုခွကာ မြန်မာပီပီ ခေတ်မီကာလဖျင်း ထိုးလိုက်ကြပါတယ်။ သေပြီဆိုတော့ အသက်မရှိတော့ဘူးလေ။ အသက်မရှိတော့တဲ့လူကိုကြည့်ပြီး နာရေးရှင် မိသားစုဝင်တွေက ငိုကြပါတယ်။

အပူစိတ်ကလေးနဲ့ ကျန်တဲ့ကိစ္စအဝဝကို လှည့်မကြည့်နိုင်။ အဲဒီမှာ ကျွန်တော်တို့က လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်ပေါ့။ လူစုခွဲပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ၊ ရဲအိမ်မှူးလက်မှတ်၊ ဘာရောဂါနဲ့သေလဲဆိုတာ မှတ်ချက်ပေးထားတဲ့ ဆရာဝန်လက်မှတ်၊ မြို့နယ်ဒေသန္တရထောက်ခံစာ စသဖြင့် အားလုံးလိုက် လုပ်ကြရပါတယ်။

အခုလည်း ကျွန်တော် မခင်ချင်လည်း အရမ်းလာရပါများလို့ ညီအစ်ကိုလို၊ ဦးလေးသားချင်းလို ခင်မင်နေတဲ့ မြို့နယ်ကျန်းမာရေးဌာနက စာရေး ကိုအေးလေးက ချစ်စနိုးနဲ့ ...

"ဟော .. လာပါပြီ တစ်လောင်း၊ ပြော .. မသာပွဲစားလေး၊ မင်းမွေးစားထားတဲ့ မင်းအဖေ ဦးဖေ ရဲ့လက်မှတ် ပါလား"

ကျွန်တော်က ရယ်လိုက်သည်။ ရုံးပိတ်ရက်မို့ အိမ်အထိ တကြားတကသွားပြီး ယူခဲ့ရတဲ့ မြို့နယ်ဆရာဝန်ကြီး ဦးဖေ ရဲ့လက်မှတ်ကို ဖြန့်ပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရော .. ဦးဖေ ကိုယ်တိုင် ကျွန်တော့်ကို လက်ဖက်ရည်တိုက်ပြီး သာစုနှစ်ကြိမ်ခေါ်ပြီး ထိုးပေးလိုက်တဲ့လက်မှတ်"

"ကဲ .. ထိုးပြီ .. ရော့၊ ကျုန်တဲ့သာစုကို ငါ ခေါ်လိုက်မယ်"

"မခေါ်ပါနဲ့ဗျာ၊ ဦးသုမောင်ရော၊ ဦးသာစုရော ဆုံးရှာပါပြီဗျာ"

ကျွန်တော့်အပြောကြောင့် ကိုအေးလေးက သူ့ဖိုင်တွဲကြီးထဲ စာရင်းရေးထည့်ရင်း တဟဲဟဲ။

"ကိုအေး .. အလောင်းနံပါတ်က ဘယ်လောက်လဲ"

"ဖိုးတူးစစ် .."

"အိုကေ .. ဂိုးပြီ၊ ဦးကျော်သန်း ဆီ ဖုန်းဆက်ရဦးမယ်"

ကျွန်တော် ပြောပြီး ကျွန်းမာရေးဌာနက ထွက်လာခဲ့ပါတယ်။ ဦးကျော်သန်း ဆိုတာ ရန်ကုန် နာရေးကူညီမှုအသင်းက ဝန်ထမ်း၊ ကျွန်တော် ကားမှတ်တိုင်မှာ ကားစောင့်ပါတယ်။

အဲဒီအချိန်က လူ ပေါ်တော်ရှင်းနေပါတယ်။ လိုင်းကားတစ်စီး ထိုးဆိုက်လာတော့ ကျွန်တော် ကားပေါ်တက်လိုက်ပါတယ်။ တော်တော်လူချောင်တဲ့ကားမို့ ကျွန်တော် နေရာရပါတယ်။

ကားပေါ်မှာ သူ့အလုပ်နဲ့သူ ရှုပ်နေကြတဲ့လူတွေ ထိုင်နေကြပါတယ်။ ကျွန်တော့်ဘေးကခုံမှာ ကောင်မလေးနဲ့ ကောင်လေးလည်း





အလုပ်ရှုပ်နေပါတယ်။ စကားတိုးတိုးပြောလိုက်၊ ဟိုနှိုက်ဒီနှိုက် လုပ်လိုက်နဲ့ပေါ့ (နေကြာစေ့အိတ်ထဲကိုပါ)။ သူတို့ရှေ့က ဘာဘူကြီးက တော့ ဘာတွေ တိုးတိုး တိုးတိုး ရွတ်နေလဲ မသိပါဘူး။

ကေ့န္တ နိုထွက်ဂါထာတွေဘာတွေ ရွတ်နေတယ်နဲ့ တူပါတယ်။ (ရေက ပါနီဖြစ်စေ .. အဲလေ .. ရေက နို့ဖြစ်စေဆိုပြီးတော့လေ)။

အဲဒီအချိန်မှာပဲ ... ကျွန်တော့်ကို ကျောပေးထားပါတယ်။ (ကျွန်တော့်ကို သူ့ကျော အပိုင်ပေးထားခြင်း မဟုတ်ပါ)။ ကျွန်တော့်ကို ကျောခိုင်းပြီးထိုင်နေတဲ့ ခေတ်ရဲ့အလိုတော်ကျ မိန်းကလေးတစ်ယောက်ပေါ့။ မှန်းဆရခက်တဲ့ နံ့သာရနံ့ကို သတိထားမိပါတယ်။ (ရှိုက်လေဖေးလေ ရနံ့)

"ဟယ်လို .. စုမေ၊ ငါပြောနေတာ ကြားလား၊ အရေးထဲ .. ဖုန်းလိုင်းကလည်း တစ်မျောက် .."

သူမက ဖုန်းကို ဟိုမြှောက်ဒီမြှောက် လုပ်နေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ဖုန်းကလည်း အသံမြည်လာပါတယ်။ ကျွန်တော် ဖုန်းဖွင့်နားထောင်လိုက်ပါတယ်။ တစ်ဖက်က နာရေးအိမ်မှာ ကျွန်တော့် အောင်ညီမ်း ရဲ့အသံ။

"နေကျော် .. မင်းကိစ္စ ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ရက်စ် .. နေမကျော်ခင် နေကျော် အလုပ်ကိစ္စ ပြီးကြောင်း ပါ"

အဲဒီမှာ ကျွန်တော့်ရှေ့ကကောင်မလေးဆီက အသံကလည်း ...

"အေးပါ .. ကားပျက်လို့ပါဟယ်၊ ဒါနဲ့ မော်ဒယ်နံပါတ် သိလား"

ကျွန်တော့်ကိုလည်း အောင်ညီမ်း က ...

"မသာနံပါတ် ဘယ်လောက်လဲ"

ကျွန်တော်က ခပ်မြန်မြန်ပဲ ...

"မသာနံပါတ်က ဖိုးတူးစစ် .."

ကျွန်တော့်ရဲ့အသံကြောင့် ဆတ်ခနဲ နောက်ပြန်လှည့်ကြည့်ပါတယ်။ ကြည့်ကြည့်ပေါ့ .. ကျွန်တော်က အရေးမစိုက်ပါဘူး။ ကိုယ်က ယောကျ်ားလေးပဲ၊ ဟုတ်တယ်မို့လား။

ကျွန်တော် ဖုန်းဆက်ပြောပါတယ်။ ကောင်မလေးက ပြန်လှည့်သွားပါတယ်။

"အေးပါ .. ငါ နာကူ ကို အခုပဲ ဖုန်းဆက်လိုက်မယ်၊ ဘယ်အချိန်လဲဆိုတာ မေးပြီးတာနဲ့ မင်းဆီ ပြန်ဆက်လိုက်မယ်၊ ဒါပဲ .. ဒါပဲ"

ကျွန်တော် ဖုန်းချပြီး နာကူအသင်းကို ပြန်ဆက်ရပါတယ်။

"ဟဲလို .. အန်ကယ်၊ ကျွန်တော် နေကျော် ပါ"





ကောင်မလေးကလည်း အသံမြှင့်ပြီး စွမ်းအားအပြည့်နဲ့ ဖုန်းဆက်နေပါတယ်။

"စုမေ .. မမရောက်တာနဲ့ ကားလွှတ်လိုက်နော်"

"ဟုတ်တယ် အန်ကယ်ဦးလေးသန်း၊ ကားလွှတ်လိုက်မယ်၊ ဟုတ်ကဲ့ .. ဘယ်နှစ်နာရီလဲ၊ ဩော် .. ဟုတ်"

ကောင်မလေး ဒီတစ်ကြိမ်လည်း လှည့်ကြည့်ပြန်ပါတယ်။ ကျွန်တော်များ သိပ်ချောနေလားပေါ့။ (အလုပ်များရတဲ့အထဲ) တွေးမိလိုက်ပါသေးတယ်။

ကောင်မလေး နှုတ်ခမ်းကိုက်ပါတယ်။ သူ့ဖုန်းကို သူ အာရုံပြုတယ်။

"အေး .. စုမေ၊ မမ အိမ်ရောက်တာနဲ့ ရေမိုးချိုးထားလိုက်မယ်၊ ကားလွှတ်လိုက်နော်"

"ဟုတ်ကဲ့ .. အန်ကယ်ဦးလေးသန်း၊ အလောင်းက စိုးမိုး တို့ ရေချိုးပေးထားတယ်၊ နာရေးကား လွှတ်လိုက်လေ၊ တစ်နာရီ .. ဟုတ်ကဲ့ စိတ်ချ"

ပြောလို့ စကားလည်း ဆုံးရော၊ ရှေ့ကဖုန်းဆက်နေတဲ့ကောင်မလေးက ဖုန်းဆို ထရပ်ပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



လက်တန်းတော့ ကိုင်ထားတာပေါ့။ ကျွန်တော် ပါးစပ်အဟောင်းသား။ ဘေးလူတွေကလည်း ဝိုင်းကြည့်လို့။

ကေနွ ဒီကောင်မလေး ကျွန်တော့်ကို ခိုးကြည့်ရတာ အားမရလို့ များ .. ဘုရား .. ဘုရား ..။

"ရှင် ဘာစကားပြောတာလဲ"

ဒေါနဲ့ မောနဲ့ ချစ်ရေးဆိုနေတာတော့ မဖြစ်နိုင်။ ချစ်ရေးဆိုတာ ဒီလိုပုံစံမျိုး ကျွန်တော် မမြင်ဖူးပါ။ ကျွန်တော်လည်း ကြောင်တောင်တောင်နဲ့ ...

"မသာစကားလေ .."

"ဘာ!..."

ဘေးက တခွီးခွီးနဲ့ ရယ်သံတွေထွက်နေသလောက် ကောင်မလေးက သေသွားတဲ့ ကိုသက်ပြင်း လောက် ရုပ်ပျက်ဆင်းပျက်မဖြစ်ဘဲ မျက်နှာပျက်နေရှာပါတယ်။

"ရှင် .. ရှင် ..တမင် ကျွန်မကို လိုက်နှောင့်ယှက်နေတာမို့လား"

"နှောင့်ယှက်နေတာ မဟုတ်ဘူး၊ နောက်ကနေ ဆက်နေတာ၊ ဖုန်းလေ .."

"တောက် .."





နှုတ်ခမ်းလှလှလေးနဲ့ ဒေါသလှလှလေးဖြစ်နေတဲ့ ကောင်မလေးက တက်ခေါက်သည်။ အခုမှ ကျွန်တော့်ကို မြင်သွားဟန်တူတဲ့ လမ်းထဲက အန်တီချို က ...

"ဟဲ့ .. မောင်ကျော် .. ဘာဖြစ်တာလဲ၊ ဘယ်သူသေလို့လဲ"

"သူ .. ဟာ!... ယောင်ကုန်ပြီ"

"ဟဲ့ .. ဘယ်နားရောင်လို့လဲ"

"ဟာ .. ဒုက္ခပဲ၊ အန်တီချို က တမှောင့် .."

ကားက မှတ်တိုင်မှာရပ်တော့ ဒေါသကိုရင်ဝယ်ပိုက်ပြီး ကောင်မလေး ဆင်းသွားရှာပါတယ်။

ကျွန်တော့်ကို ဘယ်နားရောင်နေလဲဆိုတာ အတင်းလှန်လှောရှာမယ့်ပုံစံနဲ့ အန်တီချို ကြောင့် ကျွန်တော် မနည်း ရှင်းပြခဲ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



“ဟား ဟား ဟား ဟား .... မင်းကတော့ ဖြစ်ကိုဖြစ်ရမယ် နေကျော်”

အလကားတိုက်တဲ့ ကိုထွန်းမင်း ရဲ့လက်ဖက်ရည်ကို အားမနာ တမ်းသောက်ရင်း အောင်ညိမ်း နဲ့ စိုးမိုး က ကျွန်တော့်စကားဆုံးတော့ ရယ်ပါသည်။

ဒီ အလင်းနှစ် လက်ဖက်ရည်ဆိုင်က ကျွန်တော်တို့ နာရေးရုံးခန်း ဆိုလည်း ဟုတ်၊ နာရေးအသင်းနဲ့ပတ်သက်မှု မှတ်တမ်း၊ ကြေညာတဲ့ ဆိုင်ဆိုလည်း ဟုတ်ပေါ့။

ကိုထွန်းမင်း က လာထိုင်ပါတယ်။

“ဘယ်လိုနေသေးလဲ”





ကိုထွန်းမင်း ရဲ့ ခရီးရောက်မဆိုက်စကားကြောင့် အရက်ကို ရင်ဝယ်ပိုက်ရင်း ပြုံးစိစိနဲ့ ...

“ချစ်တော့ ချစ်စရာလေးဗျ”

“ထွီ .. မသေခင်ကတည်းက သောက်စားမှုးရူးနေတဲ့ကောင်ကို မင်းမို့လို့ကွာ၊ ချစ်စရာလို့ ထင်နေသေးတယ်ပေါ့ .. ဝေါ့ ..”

ကိုထွန်းမင်း စကားကြောင့် ကျွန်တော် မျက်လုံးပြူးသွားပြီး ...

“ဟာ .. ခင်ဗျားက ဘယ်သူ့ကိုပြောတာတုန်း”

“သက်ပြင်း ကိုလေ ..”

“ဟာ!...”

ကျွန်တော် စိတ်ပျက်လက်ပျက် ခေါင်းကုတ်တော့ ဟိုနှစ်ကောင် က ခွက်ထိုးခွက်လန်ပါပဲ။ ကိုထွန်းမင်း ဆိုတာ အဲလိုလူမျိုးပါ။

“ဘယ်လိုကဘယ်လို စဖြစ်တာလဲ နေကျော်”

ကျွန်တော် သက်ပြင်းချရင်း ...

“အရက်ပေါ့ဗျာ၊ ညကတည်းက သောက်ထားတဲ့အရှိန်နဲ့ ..”

“ဟာကွာ .. မင်းကောင်မလေးက လှလှပပနဲ့ အရက်သောက် ရတယ်လို့”

ဟိုနှစ်ကောင်က ရယ်ပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး .. ခင်ဗျားက ဘယ်သူ့ကိုပြောတာလဲ"

ကိုထွန်းမင်း ကလည်း ကြောင်တောင်တောင်နဲ့ ...

"မင်းနဲ့ ကားပေါ်မှာ ဘုဘောက်ကျတဲ့ မိန်းကလေးလေ"

"ဟာ .. ကျွန်တော်က ကိုသက်ပြင်း ကို ပြောနေတာဗျ"

"ရှုပ်နေတာပဲကွာ .."

"ရှုပ်ဆို အလောင်းတွေက ရေဝေးမှာပြည့်နေတာကိုး"

စိုးမိုး စကားကြောင့် ပိုဆိုးကုန်ပါသည်။

"ကဲ .. လုပ်ပါဦး၊ ဒီည အစည်းအဝေးဆို .."

ကိုထွန်းမင်း စကားကြောင့် ကျွန်တော် သတိရသွားသည်။

"အင်း .. ရပ်ကွက်ထဲက လူ့ဒါန်းငွေလေးတွေ၊ ဟို .. အနံကယ် မိုးမြင့်နဲ့ သူ့အပေါင်းအသင်းတွေက လှူကြတဲ့ငွေလေးတွေ တိုးလာတော့ ဘဏ်မှာ ထားသင့်တာ ထား၊ ဒီလထဲ ဘယ်နှစ်လောင်းအတွက် ဘယ်လောက်ကုန်ကျတယ်၊ ရပ်ကွက်ထဲကသိအောင် ကြေညာဖို့လေ"

အောင်ညိမ်းက ထရပ်ကာ ဆေးလိပ်မီးညှိရင်း ...

"အတင်းအဓမ္မကြီးတော့ အလှူမခံနဲ့ကွာ၊ တော်ကြာ ပြောစရာ ဖြစ်နေဦးမယ်"

ကျွန်တော်လည်း သိပါတယ်။





"အေးပါ .. လှူချင်စိတ်ရှိသူကိုပဲ အလှူခံတာပါကွာ၊ ရပ်ကွက်ထဲကလည်း ငါတို့အဖွဲ့ကို နားလည်ပါတယ်၊ ကဲ .. ညကျရင် ဒီဆိုင်မှာပဲ ဆုံကြတာပေါ့၊ မင်းရပ်ကွက်ထဲက လူတွေကိုဖိတ်ဖို့ မမေ့နဲ့ဦးနော်"

ကျွန်တော် စိုးမိုး နဲ့ အောင်ညိမ်း ကို သေချာမှာပြီး အိမ်ကိုပြန်လာခဲ့ပါတယ်။ မနက်ဖြန် ဂျာနယ်တိုက်ကို ဆောင်းပါးတစ်ပုဒ် ရေးပေးရဦးမယ်လေ။

ဆောင်းပါးက 'ဘယ်သူသေသေ မသာပါပဲ' ဆိုတဲ့ဆောင်းပါး။





www.burmeseclassic.com

www.burmeseclassic.com





အံ့တယ်ဗျာ ...

အရောင်းအဝယ်ပညာမှာ သူ့ ဆရာ ..

လူမင်း နတ်မင်း ဗြဟ္မာမင်း ရဲဇာမင်းလည်း မဟုတ်

သူ့ကိုယ်သူ သေမင်း တဲ့။

အနိစ္စတရားရဲ့ တောက် .. တောက် .. တောက် .. တောက်နဲ့

ပြေးလျှောက်ရတဲ့ ပြိုင်ပွဲမှာ ..

ရှေ့ဆုံးက နောက်ဆုံးထိ ဘယ်သူ ပန်းဝင်ဝင် ..

သေမင်းကတော့ လက်လီလက်ကား ကြိုနေလေရဲ့ ..။







ဘဝဆိုတာ လှပတဲ့ ညအိပ်ဝတ်စုံနဲ့ အမြဲ ပျော်ရွှင်တက်ကြွနေတဲ့ အပျိုမဒန်းလေးလိုလည်း မဟုတ်ပါဘူး။ ချွေးစို့သံကြမ်းကြမ်းနဲ့ မီးလျှံလမ်းကတော့ လူတိုင်း တစ်ကြိမ်တစ်ခါတော့ လျှောက်ဖူးရမှာပေါ့။

ဥပမာ ..., လူတစ်ယောက်အတွက် သေရေးရှင်ရေးကိစ္စတွေ ဆိုပါတော့။

အဲဒီနေ့က တစ်ဖက်အပိုင်က သွေးပေးမိတ်ဆွေ (သူတို့လိုတဲ့သွေး ကိုယ်ပေး၊ ကိုယ်လိုတဲ့သွေး သူတို့ဆီက ယူ) ကိုစည်သူ ဆိုတဲ့ အသိတစ်ယောက်က ဖုန်းနဲ့လှမ်းပြီး အကူအညီ တောင်းပါတယ်။ တကယ်တော့ ကျွန်တော့်ဖုန်းက သာရေးနာရေးဖုန်းပါ။ အလုပ်ကိစ္စ ဆက်ရသည်လို့တော့ မရှိတာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်လေး .. မင်းမှာ အေသွေးရှိလား"

"အေသွေးလည်း ရှိတယ် .. ဘဲသွေးလည်း ရှိတယ်"

တစ်ဖက်က ကိုစည်သူ က ကျွန်တော့်ကို ဆဲသည်။

"အေပေးလေး ..၊ အဲဒီဘဲသွေးကို အောင်ညိမ်းကို ကျွေးလိုက်၊ လုပ်ကွာ .. ငါ အေသွေးနှစ်ပုလင်းလောက် လိုလို့ .."

"ခဏဗျာ .."

ကျွန်တော် သွေးလှူရှင်စာရင်းကို ကမန်းကတန်း လှန်ရပါတယ်။ သွေး ဆိုတာ အမြဲတမ်းပေးနေလို့ရတဲ့ အမျိုးအစား မဟုတ်။ ငါးလ ခြောက်လလောက်မှ တစ်ခါသာလှူခွင့်ရသည့် အရှားပါးဆုံးရတနာ။

"ဟာ .. ဒုက္ခပဲ၊ လှူထားတာ မကြာသေးဘူးဗျ။ အနည်းဆုံး တစ်ပတ်လောက်တော့ စောင့်ရမယ်"

ကျွန်တော့်အသံကြောင့် တစ်ဖက်က ကိုစည်သူ စိတ်အတော် ညစ်သွားပုံရပါတယ်။

"ဟာ .. ဒုက္ခပါပဲကွာ၊ ငါတို့ဘက်မှာလည်း အေသွေး ရှားနေပြီ၊ လူနာက ဒီနေ့ခွဲရမှာမို့လို့ အရေးတကြီး သွေးလိုနေတာပါ၊ ဒါနဲ့ မင်း သွေးက အေသွေးမဟုတ်လား နေကျော်"

ကိုစည်သူ ပြောမှ ကျွန်တော် ပြန်သတိရရင်း ရယ်လိုက်မိသည်။





"ဟား ဟား .. မဆောရီး၊ ကိုယ့်သွေး ကိုယ်မေ့နေတာဗျ၊ နေဦး.. ကျွန်တော့်ကို တစ်နာရီလောက် အချိန်ပေး၊ နောက်ထပ် နှစ်ယောက် လောက် ရှာလိုက်မယ်၊ နှစ်လုံးဆိုပေမယ့် သုံးယောက်လောက်လာမှ ဖြစ်မှာ .."

ကိုစည်သူ ကလည်း ကျွန်တော်ပြောတဲ့ အဓိပ္ပာယ်ကို သိပါ သည်။ တစ်ခါတလေ ဖြစ်တတ်ပါတယ်။ လေးငါးယောက်လောက် သွားလို့ တစ်လုံးတောင် ရချင်မှရတာပါ။ သွေးပေါင်မပြည့်လို့၊ သွေး အားမပြည့်လို့၊ ဘီပိုးတွေ့လို့ဆိုပြီး မလှူလိုက်ရတဲ့အခါတွေလည်း ရှိပါတယ်။

ကျွန်တော် ကိုစည်သူနဲ့ ဖုန်းပြောပြီးတော့ သွေးစာရင်းစာအုပ် ကိုင်ကာ လမ်းထဲ ထွက်လာခဲ့ပါတယ်။

လျှောက်နေကျလမ်းမို့ ဖြောင့်ဖြောင့်ဖြူးဖြူးသွားရမယ် မထင် ပါနဲ့၊ ဟိုအိမ်ဝင်မေးလိုက်၊ ဒီအိမ်ဝင်မေးလိုက်နဲ့ လမ်းအဆုံးထိ ရောက် တယ် မရှိ။

"ဟော့ကောင် .. စာအုပ်တစ်အုပ်နဲ့ ဘာရှာနေတာလဲ"

လမ်းမှာ စိုးမိုး နဲ့တွေ့တော့ စပ်စပ်စုစုမေးလို့ ကျွန်တော်က ခပ် တည်တည်နဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းညီမ .."

"ဘာလုပ်မလို့လဲ"

ဒီကောင်ကလည်း စပ်ဖြဲဖြဲနဲ့ ပြန်မေးပါတယ်။

"ငယ်ငယ်ကလို လင်မယားလုပ်တမ်းကစားမလားလို့"

"ခွားမသေး .."

ဒီကောင်ဆဲတော့ ကျွန်တော် တဟားဟားနဲ့ရယ်ရင်း ...

"ကဲ .. အတော်ပဲ .. လိုက်ခဲ့၊ ကိုစည်သူ တို့ဘက်က သွေးလိုလို့တဲ့"

"ဘာသွေးမို့လို့လဲ နေကျော်"

"အေသွေး .."

စိုးမိုး ကျွန်တော့်လက်ထဲက သွေးစာရင်းစာအုပ်ကို မေးငေါ့ပြီး...

"မလှူရသေးတဲ့လူတွေ မင်းစာအုပ်ထဲမှာ ရှိမှာပေါ့"

ကျွန်တော် ခေါင်းခါလိုက်ရင်း ...

"လှူထားတာ သိပ်မကြာသေးဘူးကွ၊ ငါတော့ လှူလို့ရမယ်ထင်တယ်၊ ပိုပိုလိုလို နောက်နှစ်ယောက်လောက်တော့ ခေါ်သွားမှဖြစ်မယ်"

စိုးမိုး စဉ်းစားရင်း ...





"အင်း .. ပဲပြုတ်ရောင်းတဲ့ မဟောမာငြိမ်း က ငါ့ကို အေသွေးလို့တော့ ပြောဖူးတယ်၊ ငါ သွားမေးကြည့်မယ်"

ကျွန်တော် အားတက်သွားပါတယ်။ မဟောမာငြိမ်း ရဲ့ သွေးအမျိုးအစားကို ကျွန်တော့်သွေးစာရင်းထဲ မထည့်ရသေး။

"ဒါဆို မင်း သွားမေးကြည့်လိုက် စိုးမိုး၊ ငါ မောင်ထူး တို့ဘက်သွားလိုက်ဦးမယ်"

"အေး .. ပြီးရင် မင်းအိမ်မှာ စောင့်နေ၊ ငါ တစ်ခါတည်းခေါ်လာခဲ့မယ်"

ကျွန်တော် ခေါင်းညိတ်ပြရင်း ...

"မဟောကောင် .. မကြာစေနဲ့နော်"

"အေးပါ .."

ကျွန်တော်နဲ့ စိုးမိုး လူခွဲပြီး 'သင့်သွေးဖြင့် အသက်ကယ်ပါ' ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လှူရမယ့်သွေးကို အသည်းအသန် ရှာဖွေရပါတယ်။

လမ်းထိပ်တီဗီဂိမ်းဆိုင်ရောက်တော့ တီဗီဂိမ်းကို လူကြီးပိုင် အသည်းအသန်ကစ်နေတဲ့ ဦးလေးစိုးတင့် နဲ့ ဦးလေးထွန်း တို့ကိုမေးရသည်။

"ဦးစိုး .. ဦးစိုး က ဘာသွေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးစိုးတင့် က သူ့ကို လှည့်မကြည့်အား။ သူ့အသင်း ရှုံးနေတာမို့ စိတ်ပေါက်ပေါက်နဲ့ ဖြေပါတယ်။

"ဘိုးဘွားရိပ်သာသွေး .."

ကျွန်တော် ကြောင်တောင်တောင်နဲ့ ခေါင်းကုတ်ရင်း ...

"ဟာဗျာ .. မနောက်ပါနဲ့"

"လခွီးမှပဲ .. ရှုံးနေရတဲ့ကြားထဲ၊ အိုရင် ဘိုးဘွားရိပ်သာရောက်မှာလေကွာ"

သူပြောတာလည်း ဟုတ်နေတာပါပဲ။ ကျွန်တော် ဦးလေးထွန်းကို ကြည့်လိုက်ပါတယ်။ ဦးလေးထွန်း က နိုင်နေပုံ ရပါတယ်။ ဒူးလေးတနန့်နန့် ..၊

"ဦးလေးထွန်း ကရော .."

ဦးလေးထွန်း က ကွမ်းတံတွေးကို ဘေးကပုံးလေးထဲ ပျစ်ခနဲထွေးလိုက်ပြီး ...

"ဟာစီနားရဲ့သမီးသွေး"

လုပ်ပြန်ပြီ..၊ ကျွန်တော်ခေါင်းကုတ်ရင်း ...

"မနောက်ပါနဲ့ ဦးလေးထွန်း ရာ .."

အဲဒီအချိန်မှာ ဦးလေးစိုးတင့် က အချိန်ပြည့်ခါနီးမှ တစ်လုံး





ကောက်ထည့်လိုက်ပါတယ်။ ဦးလေးထွန်း စိတ်ပျက်လက်ပျက်နဲ့ မျက်နှာရှုံ့မဲ့ရင်း သူ့ကိုလှည့်ကြည့်ကာ ...

"ဟာကွာ .. အခုရှုံးပျက်လိုက်တာ နေကျော် ရာ၊ တော်ပြီ .. ခေါင်းခြောက်တယ်၊ ဘုရားသွားပြီး ပုတီးစိပ် .. ဟာ .. မဖြစ်သေးပါဘူး၊ ငါ့အသက်က ခြောက်ဆယ်ဖွန်းဖွန်းပဲ ရှိသေးတာ၊ ခေါင်းကို အရက်နဲ့ ဆွတ်တာပဲ ကောင်းတယ်"

"အေး .. ကောင်းတယ်"

အသက်ကြီးပြီး အသိကျပ်နေတဲ့ အဘိုးကြီးနှစ်ယောက် စိတ်တူကိုယ်တူ ထရပ်လိုက်တော့ ...

"လုပ်ပါ ဦးလေးထွန်း ရာ .. ခုန ဘာ ဟာစီ ဆိုလား .."

"ဟာစီနားပါကွာ .. ဟာစီနား ရဲ့သမီးဆိုတာ ဘီဘီလေကွာ၊ ဘီသွေးပေါ့၊ နေပါဦး .. မင်းက ဘာသွေးလိုချင်လို့လဲ"

"အေသွေး .."

ကျွန်တော့်စကားကြောင့် ဦးလေးထွန်း စဉ်းစားရင်း မျက်မှောင်ကြီးကျုံ့နေပါတယ်။

"အင်း .. အေသွေး၊ ဟာ .. ရှိတယ်"

ဦးလေးထွန်း စကားကြောင့် ကျွန်တော် အားတက်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ၊ အဲဒီကောင်လေး .. အေသွေး .. ဟုတ်တယ်"

"ဘယ်သူလဲ .."

ဦးလေးစိုးမိုး ကလည်း ဝင်မေးသည်။ ဦးလေးထွန်း မျက်လုံးမှိတ်ရင်း နားထင်ကို လက်ညှိုးနဲ့ထောက်ကာ စဉ်းစားရင်း ...

"ဟိုကလေးလေကွာ .. သူ့အမေက မတင် .."

"လမ်းထိပ်က ဒေါ်ကြီးတင်ဇာမော် လား"

ကျွန်တော့်အမေးကြောင့် ဦးလေးထွန်း က စိတ်ရှုပ်ရှုပ်နဲ့ ခေါင်းခါရင်း ...

"ဟုတ်ပါဘူးကွာ၊ ဟိုဒင်းကွာ ... ဖင်ကားမောင်ထွန်း သိလား"

ကျွန်တော် ဝမ်းသာအားရနဲ့ ...

"ဦးထွန်းအေးသား ကိုအောင်ထွန်း လား"

ဦးလေးထွန်း ခေါင်းခါတုန်းပဲ။ ဦးလေးစိုးတင့် က အမြင်ကပ်လာပုံ ရပါတယ်။

"ဘယ်လိုပုံစံလဲ .. ဘယ်နားကအိမ်လဲ"

"ခပ်ဝဝကွာ .. အသက်က ငါးဆယ်လောက်ရှိပြီ၊ နှာခေါင်းထိပ်မှာ ယင်ကောင်ကြီးတစ်ကောင်န ားနေသလို မှဲ့တစ်လုံးရှိတယ်၊ ဖွားစိန်တို့ ဘေးအိမ်က"





ကျွန်တော်နဲ့ ဦးလေးစိုးတင့် စဉ်းစားရင်း မျက်လုံးပြူးကာ ပြိုင်တူပင် ...

"ဟင် .. မတင်သန်း .."

"ဟာ .. ဦးလေးထွန်းမိန်းမ မဟုတ်လား"

"ဟုတ်တယ် .. ငါ့မိန်းမနာမည် ငါ မေ့နေလို့"

ကျွန်တော် ကိုယ့်နဖူးကိုယ် ရိုက်လိုက်မိပါတယ်။

"အဲဒါများဗျာ .. ငါ့သား မောင်ထူး လို့ ပြောလိုက်လည်း ပြီးတဲ့ဟာကို .."

"အေး .. ဟုတ်သားပဲနော်၊ သွားမေးကြည့်"

ကျွန်တော် ရယ်လည်း ရယ်ချင်ပါတယ်။ ဦးလေးထွန်း ဆိုတာ အဲဒီလိုလူမျိုး။

"မောင်ထူး က ဆယ့်ရှစ်နှစ်ရော ပြည့်ရဲ့လား"

"ပြည့်ပြီ .. ပြီးခဲ့တဲ့လက ပြည့်တာ"

"ဒါဆို ကျွန်တော် မောင်ထူး ဆီ သွားလိုက်ဦးမယ်"

ဦးလေးထွန်း တို့ကို နှုတ်ဆက်ပြီး ထွက်မယ်လုပ်တော့ ဦးလေးစိုးတင့် က ဦးလေးထွန်း ကို မေးပါတယ်။

"နေပါဦး .. မင်းက ဘိသွေးဖြစ်ပြီး မင်းသားက ဘာလို့ အေသွေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာလဲ .. မင်းသားမှ ဟုတ်ရဲ့လား"

"ဟင် .. ဟုတ်သားပဲ၊ ဒါ .. ဒါဆို ငါ့မိန်းမ ဘယ်အေသွေးကောင်နဲ့ ဖောက်ပြန်လဲ .. သိမယ်"

ဦးလေးစိုးတင့် ရဲ့ ဘုမသိဘမသိစကားကြောင့် ကျွန်တော် အမြန် ဝင်ရှင်းရပါတယ်။

"ဟာ .. ဦးလေးထွန်း ကလဲ၊ ဒေါ်လေးတင်သန်း က အေသွေးမို့လို့ မောင်ထူး က အေသွေးဖြစ်တာပေါ့ဗျ"

အဲဒီအခါကျမှ ဦးလေးထွန်း မျက်နုံးမြင့်ရင်း ...

"တော်သေးတာပေါ့ကွာ .. ငါ့မိန်းမ ကယ်လို့"

ကျွန်တော် အဘိုးကြီးနှစ်ယောက်ကို နောက်ချန်ထားခဲ့ပြီး မောင်ထူး တို့အိမ်ဘက် ထွက်လာခဲ့ပါတယ်။

မောင်ထူး တို့အိမ်ရှေ့ရောက်တော့ ဦးလေးထွန်း မိန်းမ ဒေါ်လေးတင်သန်း နဲ့ တွေ့ပါတယ်။ မောင်ထူး ကို မမြင်တာကြောင့် ...

"ဒေါ်လေး .. မောင်ထူး ရော ဘယ်သွားလဲ၊ အောင်ငွေ တို့နဲ့ ဘောလုံးကန်နေလား"

ဒေါ်လေးတင်သန်း က ရယ်ရင်း ...

"မင်းညီ ဘုရားခန်းမှာ ပုတီးစိပ်နေတာ၊ ခဏနေရင် ပြီးတော့မှာ"





"အို .. ဂေါ့ .."

မအေနဲ့သားက ဒီလို စရိုက်တူတာမျိုး ကျွန်တော် မတွေ့ခဲ့ဖူးပါ။

"ဒေါ်လေးလည်း ဘာသာရေးဆိုတော့ မပြောဘဲ ထားထားတာ၊ ဒီနှစ်ကျောင်းပြီးရင် လူ့လောကကို ပြီးငွေ့လို့ ဘုန်းကြီးဝတ်မယ်တကဲကဲ လုပ်နေလို့ အမေသေမှ ဝတ်ပါလို့ ပြောထားရတယ် မောင်နေကျော်ရေ၊ ဒါတောင် မေးသေးတယ် .. အမေက ဘယ်နေ့သေမှာလဲတဲ့"

ဒီအိမ်ကတော့ ပြောမယုံပေါင်၊ တောသုံးထောင် ဆိုတဲ့အိမ်မှ တကယ့်အိမ်အစစ်ပါ။

"ဟော .. ပြီးပြီထင်တယ်"

ကြေးစည်သံနဲ့ အမျှဝေသံအဆုံးမှာ မောင်ထူး ထွက်လာပါတယ်။ ဝါတော်ရ ရဟန်းသံဃာတွေလို ခြေလှမ်းတိုင်းကို အသိနဲ့ထိန်းချုပ်ရင်း အိမ်ရှေ့ကိုလျှောက်လာပုံက အံ့သြစရာ ..။

"ဟော .. အစ်ကိုကြီး ကိုနေကျော် ပါလား"

"အေးကွာ .. ဒါနဲ့ မင်းသွေးက အေနော်"

မောင်ထူး က သူ့ဘေးမှာ တင်ပလ္လင်ခွေ တည်တည်ငြိမ်ငြိမ်ထိုင် ထိုင်ရင်း ...

"အင်း .. သွေးတွေဘာတွေနဲ့တော့ ဖွဲ့စည်းထားတာပဲ၊ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



တွယ်မက်နေလို့ မရဘူးလေ၊ ဒါဟာ ရှုံစရာကောင်းတဲ့အသွေးအသား တွေပါ၊ ဘုရားရှင် ဟောထားတာတော့ ..”

“ဟိုး .. ဟိုး ... ပြီးဟော့မှ တရားဟောပါကွာ၊ ငါ အသွေး အသည်းအသန် လိုနေလို့ .. မင်း လှူမလား”

“လှူရမှာပေ့ါ၊ မရှိလို့မလှူ မလှူလို့ မရှိရလေအောင်၊ ဘုရားရှင် ဝေဘာဂီမင်း ဖြစ်တုန်းက ..”

“ဝေဿန္တရာ လုပ်စမ်းပါကွာ”

မောင်ထူး ကျွန်တော့်စကားကြောင့် သွားလေးဖြဲ ခေါင်းကုတ် ရင်း ...

“အဲ .. ဝေဿန္တရာမင်း ဖြစ်ချိန်မှာ .. မက်ဆီ ..”

“မဒီ ပါကွာ၊ ကဲ .. နောက်မှ မဒီတွေ၊ မိုးဒီ၊ ဝေဘာဂီတွေလုပ် တော့၊ လှူမယ်ဆိုလိုက်ခဲ့ .. ခေါ်သွားပြီ ဒေါ်လေး”

ကျွန်တော် မောင်ထူး လက်ကို ဆွဲပြီး ထွက်ခဲ့ပါတယ်။ လမ်းမှာ ဆိုက်ကားနင်းတဲ့ ကိုထောင်ကြီးနဲ့တွေ့တော့ ...

“ဟာ .. အတော်ပဲ၊ ကိုထောင် .. ကျွန်တော့်အိမ်ကို လိုက်ပို့ပေး စမ်းပါဗျာ”

ကိုထောင်ကြီး ဆီက သူ့သုံးစွဲနေကျ ရေမွှေးနံ့က တထောင်း





ထောင်း။

“ဟာ .. ဒီလူကြီးဆိုက်ကားဆို မစီးဘူး ကိုနေကျော်”

မောင်ထူး စကားကြောင့် ကိုထောင် ဒေါသဖြစ်သွားကာ ...

“အေပေးလေး .. မင်းက ဘာကြောင့် ငါ့ဆိုက်ကားကို မစီးချင်ရ တာလဲ”

မောင်ထူး က နှာခေါင်းတရှုံ့ရှုံ့နဲ့ ...

“ခင်ဗျားက အရက်သမား၊ အရက်စော်နံတယ်၊ အရက်သောက် ရင် သူရာဒေါ် လုလုက်ထိုက်တယ်ဗျ”

မောင်ထူး စကားကြောင့် ကိုထောင် ဖျစ်ညှစ်ပြီးရယ်ရင်း ...

“ဟော့ကောင် .. သူရာမေရယကံပါကွာ၊ ငါ အရက်သောက်လို့ အရက်စော်နံတာ ဘာဖြစ်လဲ၊ ခန္ဓာကိုယ်ကို တပ်မက်နေလို့ မင်း ဘာ တရားမှရမှာ မဟုတ်ဘူး၊ ဘုရားက ဟောထားတယ်ကွ၊ ငါ၏ ပူတိ ကာယ (အပုပ်ပြည့်တဲ့ကိုယ်ကြီး)ကို ကြည်ညိုရှုနေခြင်းဟာ ဘာ အကျိုး ရှိမည်နည်း တဲ့၊ မှတ်ထား”

ကျွန်တော်တောင် ဦးသုံးကြိမ်လောက် ထိုင်ရှိခိုးလိုက်ချင်တဲ့စကား တွေ တဖွားဖွား ပေါ်လာပါတယ်။

“ကဲပါဗျာ .. နောက်မှ ခင်ဗျားတို့ မွှောရုံသွားပြီး တရားဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



ကြ၊ ကဲ .၊ လိုက်ခဲ့၊ တက်ပါကွာ ..”

နောက်ဆုံးတော့ မောင်ထူး ကို ထောင်ကြီး ဆိုက်ကားပေါ် ပါလာပါတယ်။ အိမ်ရောက်တော့ စိုးမိုး နဲ့ မပဟေမာငြိမ်းချမ်း တို့ ကျွန်တော်တို့ကို စောင့်နေတာ တွေ့ရပါတယ်။ ကျွန်တော် ဆိုက်ကားပေါ်က ဆင်းတော့ စိုးမိုး က ...

“ကြာလိုက်တာကွာ .. ဒီမှာ မပဟေမာ က အကြောက်အကန်ငြင်းနေလို့ မင်းကိုပြောလို့ ပြောပြီး မနည်းခေါ်လာရတာ”

အရေးထဲ မပဟေမာ က တမှောင့်။ ကိုယ်လည်း ပြန်သုံးလို့မရတဲ့သွေးကိုတောင် ကပ်စေးနဲနေပုံရပါတယ်။

“မဟုတ်ဘူးဟဲ့ .. ငါ လှူလို့ဖြစ်ပ့ါမလားဟယ်”

မပဟေမာငြိမ်းချမ်း က ဟိုကုတ်ဒီကုတ်နဲ့ အပြောရခက်နေပုံ။ ဇကန္တ ဟိုကုတ်ဒီကုတ်ဖြစ်နေတယ်ဆိုတော့ ကျွန်တော်က ...

“ဘာလဲ .. မပဟေမာ မှာ ကာလသမီးရောဂါ ရှိလို့လား”

မပဟေမာ ကျွန်တော့်စကားကြောင့် နှုတ်ခမ်းကြီးချွန်သွားရင်း ...

“ဟယ် .. ဒီကောင်လေး၊ ငါ့မှာ ကာလသမီးရော၊ ကာလသားရော၊ ကာလမအေရော မရှိပါဘူးဟဲ့ .. နင် မသိပါဘူး”

ပြောမယ့်အရေးကို ဟိုကွေ့ဒီကွေ့၊ ဝေ့လည်ကြောင်ပတ်လုပ်နေ





တဲ့ မပဟေမာ ကြောင့် စိုးမိုး စိတ်မရှည်တော့ဘဲ ...

“ကဲ .. ဘာဖြစ်တာလဲဗျာ”

နောက်ဆုံးတော့ မပဟေမာ မထူးတော့တဲ့ပုံနဲ့ အခုလို ပြောပါတယ်။

“ငါ မိန်းမသဘာဝ .. ဟို .. ခမ္မတာလာနေတယ်ဟဲ့ .. သေနာတွေရဲ့”

အားလုံး ပါးစပ်အဟောင်းသား ..၊ နောက်မှ တခွီးခွီးဖြစ်ကုန်ကြတော့ မပဟေမာ မျက်စောင်းထိုးပါတယ်။

ကိုထောင် က ရယ်ကျဲကျဲနဲ့ ...

“အေးလေ .. လာနေတော့ သွေးပေါင်ပြည့်ပ့ါမလား နေကျော်”

“ပေါင်နဲ့မရရင် ပိဿာနဲ့ချိန်မယ်ဗျာ .. နောက်ကိစ္စ နောက်မှရှင်းမယ်၊ လိုက်သာလိုက်ခဲ့”

အဲဒီလိုနဲ့ မပဟေမာ ကန့်လန့်ကန့်လန့်နဲ့ ပါလာပါတယ်။ တကယ်လည်း မှန်ပါတယ်။ ဟိုရောက်တော့ မပဟေမာ သွေးပေါင်မပြည့်လို့ လှူလို့မရ။ နောက်တစ်ယောက် မောင်ထူး က ပိုလို့ဆိုးသည်။

လူတစ်ယောက်၊ ယောကျ်ားလေးဆိုရင် ကိုယ်အလေးချိန်ပေါင်တစ်ရာ့တစ်ဆယ်၊ တစ်ရာ့နှစ်ဆယ် ဘယ်သူမဆို ရှိနိုင်ပါတယ်။ အဲဒါမှ



www.burmeseclassic.com

www.burmeseclassic.com



သွေးလှူခွင့် ရသည်လေ။ ရှိလည်း ရှိတတ်ကြပါတယ်။

"ဟော့ကောင်လေး .. တက်ချိန်လေ"

စိုးမိုး စကားကြောင့် မောင်ထူး စက်ပေါ်ကို မဝံ့မရဲနဲ့ တက်သွားပါတယ်။ စက်မှာပြတဲ့ အမှတ်အသားကြောင့် ကိုထောင် က ဇဝေဇဝါနဲ့ လှမ်းပြောပါတယ်။

"ဟင် .. ကိုးဆယ့်ငါးပေါင်"

စိုးမိုး က စက်များပျက်နေသလားဆိုပြီး စက်ကို လှမ်းပုတ်သည်။ မဟေမာ က မောင်ထူး ကိုကြည့်ပြီး တခွီးခွီးနဲ့ ရယ်ပါတယ်။ အဲဒီကစပြီး မောင်ထူး နာမည်က ကိုးဆယ့်ငါး ဆိုပြီး အမည်တွင်သွားပါတော့တယ်။

နောက်ဆုံးတော့ လိုအပ်တဲ့ သွေးနှစ်ပုလင်းကို ကျွန်တော်နဲ့ ကိုထောင် ကံအားလျော်စွာ လှူခွင့်ရခဲ့ပါတယ်။

"ရှင် ဘယ်နှစ်ကြိမ် ရှိပြီလဲ"

လတ်ဆတ်တဲ့ နှစ်လိုဖွယ်အပြုံးကို သောကြာကြယ်လို အမြဲတမ်း လင်းလက်အောင် ချိတ်ဆွဲတတ်တဲ့ ဆရာဝန်မလေးက သွေးဖောက်ဖို့ပြင်ဆင်ရင်း ကျွန်တော့်ကို မေးတော့ ...

"တစ်ရာကျော်ပြီ"





ကျွန်တော့်စကားကြောင့် ဆရာဝန်မလေးက "ဘုရားရေ .." လို့ တအံ့တသြ ပြောပြီး အထင်ကြီးလေးစားဟန်နဲ့ ကျွန်တော့်ကို ကြည့်ပါတယ်။

စိုးမိုး ကျိတ်ရယ်နေတာကို ကျွန်တော် မြင်သည်။ ကျွန်တော်က ရယ်ကျဲကျဲနဲ့ ...

"တစ်ရာကျော်ပြီ၊ ကျွန်တော် လာလှူတာ မဟုတ်ဘူး၊ လာလှူတဲ့လူတွေကို လိုက်ပို့တာ"

ဆရာဝန်မလေးက အပြုံးလဲ့လဲ့နဲ့ မျက်စောင်းထိုးသည်။ စိုးမိုး ကျွန်တော့်ကို ကျိတ်မနာလိုဖြစ်နေမှာ သေချာပါတယ်။

"ရှင်တို့အဖွဲ့နာမည်က ..."

"ကျွန်တော်တို့ တီးဝိုင်းမထောင်ထားဘူး ခင်ဗျ"

သူမက ရယ်ရင်း ...

"ရှင်တို့ သွေးလှူတဲ့အဖွဲ့နာမည်ကို ပြောတာ .."

"သြော် ..."

"ဟင် .. ရှင်တို့ သွေးလှူအဖွဲ့နာမည်ကလည်း သြော်"

ကျွန်တော့်ကို ပြန်နှိပ်ကွပ်မှန်း သိတာကြောင့် ရယ်မိပါတယ်။ စိုးမိုး မနာလိုဖြစ်လည်း ဖြစ်ချင်စရာ။ ဆေးရုံမှာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတစ်ယောက် သွေးလာလှူတာ အကြိမ်ကြိမ်ပါ။ ဘာမှပြဿနာ မဖြစ် ..။

ကျွန်တော့်အလှည့်ကျမှ ကြည့်လေ .. ကျွန်တော့်လက်မောင်းက သွေးဖောက်ပြီး သွေးပုလင်းကို ကြမ်းပြင်ပေါ်မှာ ချထားလို့မရ။ ချထား လိုက်တာနဲ့ သွေးက စီးကို မစီးတော့တာ။

ဆရာဝန်မလေး သွေးပုလင်းကို ကောက်ကိုင်ထားလိုက်ရင် တော့ ...

"ဟော .. သွေးပြန်စီးပြီ"

စိုးမိုး အမြင်ကပ်လာဟန် ရှိသည်။

"ပေး .. ဆရာမ၊ ကျွန်တော် ကိုင်ထားလိုက်မယ်"

ဆရာဝန်မလေးက အပြုံးနဲ့ငြင်းကာ ...

"နေပါစေနော် .. ကျွန်မပဲ ကိုင်ထားလိုက်ပါ့မယ်"

နောက်ဆုံးတော့ ကျွန်တော့်ဘေးမှာ အသာဝင်ထိုင်ပြီး သွေး ပုလင်းကို ဆရာမလေးက ကိုင်ထားပေးရပါတယ်။

ဘယ်လောက်သဒ္ဓါမြောက်လိုက်တဲ့ အလှူလဲ။ လှူရတာ ကြည် နူး စိတ်ချမ်းသာစရာပါ။ နောင်လည်း လာလှူချင်တဲ့ သဒ္ဓါတရားတွေ တဖွားဖွားပေါ်တဲ့အထိပေါ့။





စိုးမိုး က ဆရာဝန်မလေး မမြင်အောင် ပါးစပ်လှုပ်ဆဲသည်။ ကျွန်တော်က မမြင်ချင်ယောင်ဆောင်ကာ ဆရာဝန်မလေးနဲ့ ဟို အကြောင်း ဒီအကြောင်း စကားမရှိစကားရှာ ပြောလို့ပေါ့။

အဲဒီ ဆရာဝန်မလေးနာမည်က ခင်သစ်မာ တဲ့။ အော်ရီဂျင်နယ် ဆရာဝန်ဖြစ်တာ တစ်နှစ်မပြည့်သေးဘူးဆိုပဲ။

အဲဒီအချိန်ထိ ရေးကြီးခွင်ကျယ် ဆေးစက်လေးအကြောင်း ကျွန် တော် မတွေးမိသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေတဲ့အသက်
လှပမှု အားကောင်းတဲ့အချက်နဲ့
မိန်းမလှဆိုတာ ..
သူ့အင်ဂျင်သူ ဂုဏ်ယူဝင့်ကြွားနေတဲ့
ဖာရာရီ ပြိုင်ကားတစ်စီးပေါ့။
အေးလေ ....
တစ်စစီ ဖြုတ်မလဲမချင်းတော့
လောကဆိုတာ ...
အကောင်းစား ညှော်ခံပွဲကြီးလို့ ..
ထင်ချင် ထင်နေမှာပေါ့ ..။







ကုမ္ပဏီရုံးခန်းထဲ ကျွန်တော် ဝင်ဝင်ချင်း တစ်တောလုံး စိမ်းညို့နေတဲ့ တောအုပ်ထဲရောက်သွားသလို ခံစားလိုက်ရပါတယ်။ အရိပ်ကောင်းပြီး အေးမြတယ်လို့ မထင်လိုက်နဲ့နော်။ စိမ်းတိမ်းတိမ်းနဲ့ အေးစိမ့်စိမ့် အထိအတွေ့ကို ခံစားရသလိုမျိုးပါ။

အထူးသဖြင့် အမိကကတော့ အစိမ်းရောင် အေးစက်စက် မျက်ဝန်းပိုင်ရှင် မိန်းမတစ်ယောက်ရဲ့ မျက်ဝန်းအကြည့်တွေကြောင့်လည်း ဖြစ်မယ်ထင်ပါတယ်။

သူမက မျက်မှောင်ကုပ်ကြည့်သည်။ မြင်ဖူးသလို ဇဝေဇဝါဖြစ်နေပုံရသည်။ ကျွန်တော်ကတော့ ဒီအခန်းထဲဝင်လာကတည်းက [illegible]မိပါတယ်။

"ထိုင် .."



www.burmeseclassic.com

www.burmeseclassic.com



ဆရာမတစ်ယောက်က ကျောင်းသားတစ်ယောက်ကို အမိန့်ပေးသလိုလေသံ၊ ကျွန်တော်ကလည်း ခပ်ရွတ်ရွတ်သမား။ အရွတ်ဆိုရင် အမဲသားအရွတ်ကအစ မချန်တဲ့ကောင်လေ။ ခပ်တည်တည်နဲ့ ကုမ္ပဏီရုံးခန်း ကြမ်းပြင်ပေါ်မှာ ထိုင်ချလိုက်တော့ ...

"ရှင့်ကို အဲဒီမှာ ထိုင်ခိုင်းတာ မဟုတ်ဘူး"

"ဒါဆို ဘယ်မှာ ထိုင်ခိုင်းတာလဲ"

သူမ မခံစားဖူးတဲ့အရသာကို ဒီနေ့မှ ခံစားလိုက်ရပုံ ပေါ်သည်။ ကြည့်ရတာ သတင်းကြားထားတဲ့အတိုင်း သူမ အနီးအနားက သူမနဲ့ပတ်သက်သောလူတွေ ခေါင်းညိတ် ဟုတ်ကဲ့ပဲတတ်တဲ့ ပုတ်သင်ညိုလိုလူတွေ ဖြစ်မယ်ထင်သည်။

"ကုမ္ပဏီနာမည်ပြော .."

"ဗျာ!..."

ကျွန်တော့်ရဲ့ အံ့အားသင့်တဲ့ ဗျာ .. သံကြောင့် သူမက စိတ်မရှည်ပုံနှင့် မျက်မှောင်တွန့်သည်။ အဲဒါကြောင့်လည်း ...

"အရှယ်သုံးပါး .."

"ဘာ !..."

သူမ ရဲ့ ကြုံးအော်လိုက်တဲ့ ဘာ .. ဆိုတဲ့အသံကြောင့် တံခါးဖွင့်





ဝင်လာတဲ့ ကုမ္ပဏီကမိန်းကလေး လန့်ဖျန့်သွားပါသည်။

"ဟုတ်တယ်လေ၊ အဲဒါ ကျွန်တော့်ကုမ္ပဏီနာမည်လေ"

သူမက ကျွန်တော် အပြောင်အနောက်ပြောနေသည်လို့ ထင်ပုံရသည်။

"ကုမ္ပဏီလိပ်စာ .."

"ရေဝေးသုသာန်"

သူမ ဝုန်းခနဲ ထရပ်ပါသည်။

ဟော .. အမှန်အတိုင်းပြောတော့လည်း သူမက စိတ်ဆိုး ဒေါသထွက်သည်။

"တောက် .."

သူမဘာသာ တက်ခေါက်ပြီး သူမဘာသာ ပြန်ထိုင်ကာ ...

"ရှင့်ကုမ္ပဏီက ဘာတွေပို့တာလဲ"

"လူသေ ဒါမှမဟုတ် အလောင်း"

"ရှင် .. ရှင် မိုက်ရိုင်းလှချည်လား"

"မမ .. ဟိုလေ .."

သူမရဲ့ စက္ကူထေရီ ခေါ်မလား၊ တောက်တိုမယ်ရ ခေါ်မလား အဲဒီကောင်မလေးက သူမကို တစ်ခုခု ပြောချင်ပုံရပါတယ်။ သူမက



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေဆိုးပြပြီး သတိမမူ ဂူမမြင်ဆိုတဲ့အတိုင်း ပန်းဆီရောင်မသမ်းဘဲနဲ့ မျက်နှာပေါ်မှာ ဒေါသတွေကိုဆေးတင်ကာ ကျွန်တော့်ကို အချဉ်မပါဘဲ အစိမ်းလိုက်ဝါးစားချင်လောက်အောင် ဖြစ်နေပုံရသည်။

ကျွန်တော်ကတော့ အေးဆေးပဲ။ ဒီကိုလာပြီဆိုကတည်းက၊ သူမအကြောင်းတွေ ကြားကတည်းက၊ သူမ မှန်းသိကတည်းက ဒီလိုဖြစ်လိမ့်မယ်လို့ ကျွန်တော် သိနေပါသည်။

"မမ .. ဟိုလေ .. လေလံဆွဲမယ့်ကုမ္ပဏီကလူ အပြင်မှာရောက်နေတယ်"

"ဟင်!..."

ဝနဲ့ထမ်းကောင်မလေးရဲ့စကားကြောင့် သုနန္ဒာ မျက်လုံးကြီးပြူးသွားပါတယ်။ အဲဒီကျမှ အချိုးမပြေတဲ့ ခပ်တည်တည်နဲ့ငနဲကို သတိပြုမိပါသည်။ ဩော် .. မြင်ဖူးပါတယ်လို့ ထင်နေတာ၊ ဟိုလူကိုး။ ကားပေါ်မှာ တွေ့ခဲ့ကြသည့် မသာစကားပြောတဲ့လူ ..။

သူမ ခပ်ဆတ်ဆတ် မေးမိသည်။

"နေပါဦး .. ရှင်က ဘယ်သူလဲ"

"ကိုနေကိုကျော် .. အဲလေ .. ကိုနေကျော်၊ စာဆိုရှိတယ်လေ.. ေသပျော်ဖို့ဆို နေကျော် နဲ့ တွေ့"





"ဘာကိစ္စနဲ့ ရှင် ကုမ္ပဏီထဲရောက်နေတာလဲ"

"သူခေါ်လို့ .."

နေကျော် ကလည်း တောက်တိုမယ်ရလေးကို ညွှန်ပြတော့ တောက်တိုမယ်ရလေးက မျက်လုံးအဝိုင်းသားနဲ့ လက်ကာကာ ...

"ဟို .. စုမေ က .. လေလံအပြိုင်ဆွဲမယ့်ကုမ္ပဏီကလူ ထင်လို့"

ဟုတ်တော့လည်း ဟုတ်ပါတယ်၊ သူမကိုယ်တိုင်က သိပ်မကြာခင် ရောက်လာမယ်လို့ စုမေ ကို မှာထားခဲ့တာကိုး ..။

သုနန္ဒာ ကိုယ့်အိမ်ကိုယ့်ရာလို သဘောထားကာ ခပ်အေးအေး ထိုင်နေတဲ့ ပုဂ္ဂိုလ်ကျော်ကို မကျေမနပ်နဲ့ကြည့်ကာ ...

"ရှင့်ကိစ္စက ..."

"ခင်ဗျားကို လက်ထပ်စာချုပ် ပေးချင်လို့ .."

"ရှင် မမိုက်ရိုင်းနဲ့နော် .."

မထင်မှတ်တဲ့စကားကြောင့် စုမေ မျက်လုံးပြူးသွားသည်။ ဘာတွေလဲ ..၊ နေကျော် ကလည်း ခပ်တည်တည်ပဲ ...

"ခင်ဗျားကိုယ်တိုင် လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးထားတာလေ၊ ဘာလဲ .. ခင်ဗျားက ငြင်းချင်သေးလို့လား"

စုမေ ဘေးကနေ ရင်ဘတ်ဖိမိပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို မမ သုနန္ဒာ က အပျို မဟုတ်ဘူးပေါ့။ သုနန္ဒာ ကိုယ်တိုင်လည်း အသလွတ်ကြီး လာစော်ကားနေတဲ့ အဲဒီလူကို စက္ကူသာဆို လုံးချေပစ်လိုက်ချင်ပါသည်။

နေကျော် က သရော်ဟန်အပြုံးနဲ့ သူ့အိတ်ထဲက စာချုပ်ကိုယူပြီး သူမ ရှေ့စားပွဲပေါ် ချပေးလိုက်သည်။ သူမ အံတင်းတင်းကြိတ်ပြီး အဲဒီလက်ထပ်စာချုပ်ကို ကောက်ယူကာ နေကျော် ကိုလည်း အစိမ်းလိုက်ဝါးစားမတတ်ကြည့်ရင်း စာချုပ်ကို ဖွင့်ကြည့်လိုက်တော့ ...

"ဟင်!..."

မမသုနန္ဒာ ရဲ့ ပါးစပ်အဟောင်းသားနဲ့ အံ့သြသွားပုံကြောင့် စုမေ လည်း နောက်ကနေ လှမ်းကျော်ကြည့်မိလိုက်သည်။

စာချုပ်ထဲမှာ တကယ့်ကို သူမ ရဲ့လက်မှတ် ..။

ဒါပေမယ့် သတို့သမီးနေရာက မဟုတ်ပါ၊ အသိသက်သေ နေရာမှာ..။





မာလာ က တတွတ်တွတ် တောင်းပန်နေသလောက် ခင်သစ်မာ က တဟားဟားရယ်သည်။ စုမေ က သူမရဲ့ ဘော့စ်မမ နောက်ကွယ်ကနေ ခိုးရယ်သည်။

သုနန္ဒာ ကတော့ အခုထိ ဒေါသမပြေနိုင်ပုံနဲ့ မာလာ ကို မျက်စောင်းထိုးလို့ ကောင်းတုန်း။

"ငါ တောင်းပန်ပါတယ် သုနန္ဒာ ရယ် .. ဒီလိုဟာ၊ ငါနဲ့ ကိုကျော်ကို သူ့ဘက်ကရော .. ငါ့ဘက်ကရော သဘောမတူလို့"

"တတ်ပြားဟောင်းကြီး ဖွင့်မနေနဲ့ မာလာ"

သုနန္ဒာ စိတ်ဆိုးဆိုးနဲ့ ပြောမိတော့ ခင်သစ်မာ က ရယ်မိပါသည်။ သုနန္ဒာ ခင်သစ်မာ ကို မျက်စောင်းလှမ်းထိုးတော့...

"ဟော့ .. ဟော့ .. ငါနဲ့မဆိုင်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ခင်သစ်မာ စကားကြောင့် မာလာ က ခင်သစ်မာ ကို မသိမသာ ဆွဲဆိတ်သည်။ အရေးထဲ ဘေးကနေ လှမ်းညောင့်နေတယ်၊ ဒီမှာ မနည်းချော့နေရပါတယ်ဆိုမှ ..။

"မဟုတ်ပါဘူးဟာ .. ဖြစ်ကြောင်းကုန်စင် ပြောပြတာပါ မိသုရယ် .. ကိုကျော်က သူ စင်ကာပူသွားမယ်ဆိုတော့ စိတ်မချဘူး ဘာဘူးနဲ့ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးထားမယ်ဆိုတော့ နင်တို့ပဲ အသိသက်သေလုပ်ပြီး လက်မှတ်ထိုးပေးကြတာ နင်လဲ သိသားနဲ့ .."

သုနန္ဒာ စိတ်တိုဘိုနဲ့ အဲဒီ သူမရဲ့သူငယ်ချင်း မာလာ ကိုပဲ မျက်စောင်းထိုးနေမိပါတယ်။ အခုချိန်မှာ လုပ်နိုင်တာ ဒါပဲလေ။ မာလာ က မျက်နှာငယ်လေးနဲ့ ဆက်ရှင်းပြပါတယ်။

"ငါ့ဆီမှာထားရင် အိမ်က တစ်နေ့မဟုတ်တစ်နေ့ တွေ့မှာဆိုတော့ ကိုကျော့် ဆီမှာ အပ်ထားတာဟာ၊ ဟိုတလောက အိမ်က သဘောတူတဲ့သူနဲ့ စေ့စပ်မယ်၊ ဘာရယ်ညာရယ် ပြောလာတာနဲ့ ငါနဲ့ ကိုကျော် လက်ထပ်ထားတဲ့အကြောင်း မေမေ့ကို ပြောလိုက်တော့ မေမေက လက်လျှော့လိုက်တယ်ဟ"

"ဒါပေါ့ .. သမီးက ယောင်းမကို ကောင်းဘွိုင်လုပ်နေတာကိုး"





ခင်သစ်မာ စကားကြောင့် မာလာ က ခါးကို ထပ်လိမ်ဆွဲသည်။

"ဟဲ့ .. မာလာ နော် .. လိမ်ချင်ရင် မုန့်ကြိုးလိမ် ဝယ်စား"

အရေးထဲ နောက်နေသေးတဲ့ ခင်သစ်မာ စကားကြောင့် သုနန္ဒာ ထုံးစံအတိုင်း မျက်စောင်းပေါ့။

"ခဏလေး ပါးစပ်ပိတ်ထားပေးပါ သစ်မာ ရယ်"

စုမေ ကလည်း စိတ်ဝင်တစား နားထောင်နေပါတယ်။ မာလာ က ဆက်ရှင်းပြတယ်။

"ဒါပေမယ့် မေမေက သိပ်မယုံချင်ဘူးလေ .. အဲဒီစာချုပ်ပြခိုင်းတယ်၊ အဲဒါနဲ့ ငါလည်း ကိုကျော့် ဆီ လှမ်းအကြောင်းကြားပြီး စာချုပ် လှမ်းတောင်းတော့ ကိုကျော် က သူ့သူငယ်ချင်း ကိုနေကျော် လာပေးလိမ့်မယ်တဲ့"

"နင့်ဆီတော့ မဟုတ်ဘူး .. ငါ့ဆီကိုပေါ့"

စိတ်တိုတိုနဲ့ သုနန္ဒာ ပြောတော့ မာလာ မျက်နှာငယ်လေးနဲ့ ပြုံးပြပါတယ်။

"ဘယ်လိုရေစက်လဲ မသိဘူး၊ စကားပြော်ရင် အကောင်းမပြောဘူး၊ နာမည်ကလည်း နေကျော် တဲ့"

"ဘယ်လို .. နေကျော် .."



www.burmeseclassic.com

www.burmeseclassic.com



နေကျော် ဆိုတဲ့နာမည်ကြောင့် ခင်သစ်မာ စိတ်ဝင်တစားနဲ့ ပြောမိတော့ မာလာ က ပြုံးစိစိနဲ့ ...

"ဘာလဲ .. နင့်အဆက်လား ပျဉ်းကတိုး .."

ခင်သစ်မာ ကို မာလာ က အမြင်ကပ်တိုင်း ပျဉ်းကတိုးလို့ ခေါ်လေ့ရှိသည်။ အင်းလေ .. ပျဉ်းကတိုးလည်း သစ်မာအမျိုးအစားပဲ ဟာ..။

"ငါ့အဆက် မဟုတ်ဘူးဟေ့ .. အထုံး၊ တွေ့တွေ့ချင်း မလာလို့ ကိုင်ထားရတာ .."

"ဟဲ့ .. သစ်မာ .."

မာလာ လှမ်းဟန့်လိုက်တာကြောင့် သစ်မာ ကမန်းကတန်း ဖြေရှင်းရပါတယ်။

"သွေးအိတ် .. သွေးအိတ် .."

"ဘယ်လို !..."

သုနန္ဒာ စိတ်ဝင်တစားနဲ့မေးတော့ ခင်သစ်မာ အခုလို ရှင်းပြပါတယ်။

"ဒီလိုဟ၊ ကိုနေကျော် နဲ့က တွေ့ကြတာ မကြာသေးဘူး"

"ဟဲ့ .. ဒါဆို နင်တို့နှစ်ယောက်က ရည်းစားသမီး ဖြစ်နေကြပြီ





ပေါ့"

"ခဏလေး ပါးစပ်ပိတ်ထားစမ်းပါ မာလာ ရယ် .."

ခင်သစ်မာ က နေကျော် တို့ သွေးလှူအသင်းအကြောင်းကို ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်သည်။

"ဩော် .. အဲဂလိုလား"

"အေး .. အဲဂလို .."

"တော်ပါဟာ .. အပိုအလုပ်တွေ၊ သွေးပဲ .. ဝယ်လိုက်ပေါ့"

သုနန္ဒာ အဲဒီ အချိုးမပြေတဲ့ကောင်ကို ကြည့်မရတာကြောင့် အခုလိုပြောမိတော့ မာလာ က ခေါင်းခါသည်။

"အဲလိုတော့ မပြောပါနဲ့ မိသု ရယ် .. ရွှေလျားမှုမြန်ဆန်တဲ့ ဂလိုတယ်ခေတ်ထဲမှာ ရေစိုမခံတဲ့စိတ်ဓာတ်နဲ့တော့ မပြောပါနဲ့ဟာ"

"ဘာလဲ .. ရေစိုမခံတဲ့စိတ်ဓာတ်"

မာလာ က ရယ်ကျဲကျဲနဲ့ ...

"ပါးတယ် .. အပြလွယ်တယ်"

သုနန္ဒာ စားပွဲပေါ်ကပေတံနဲ့ မာလာ့ ကို လှမ်းရိုက်ရင်း ...

"ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့ .. နင်ပြောချင်တာ ငါက စိတ်ဓာတ်မကောင်းဘူးလို့ ပြောချင်တာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သုနန္ဒာ စကားကြောင့် ခင်သစ်မာ သူမကိုကြည့်ရင်း သက်ပြင်းချသည်။ သုနန္ဒာ ဆိုတာ စိတ်ဓာတ်မဆိုးလှပေမယ့် လူမှုရေးလုပ်ငန်းတွေကို အပိုအလုပ်တွေလို့ ထင်သည်။

ထင်လည်း ထင်ချင်စရာပဲလေ။ သုနန္ဒာ ရဲ့အဖေ ဦးသုနောင် ဆိုတာကလည်း စီးပွားရေးလောကမှာ ခေါင်းမာတယ်၊ ပြတ်သားတယ်၊ အကွက်မြင်တယ်။

ရှင်းရှင်းပြောရရင် ဘယ်သူ့ကိုမှ စာနာငဲ့ကြည့်တတ်တဲ့ လူမျိုးမှ မဟုတ်တာလို့ သစ်မာ ဖေဖေကိုယ်တိုင်က မှတ်ချက်ပေးဖူးတယ်လေ။

ဒီအဖေကမွေးတဲ့သမီး ဒီစိတ်ဓာတ်ကို အမွေရထားပုံပါ။

"ဟဲ့ .. ဘာတွေ အတွေးအင်္ဂလိပ် လုပ်နေတာလဲ"

နယ်ချဲ့တယ်လို့ မပြောတာကြောင့် သစ်မာ ပြုံးတော့ မာလာက စူးစူးစမ်းစမ်းနဲ့ ...

"ဘာလဲ .. ရေကျော် ဆိုတဲ့လူကို သတိရလို့လား"

သစ်မာ က ခေါင်းခါရင်း ...

"မဟုတ်ပါဘူးဟာ .. သုနန္ဒာ နဲ့ ကိုရေဝေး ... အဲ .. ကိုနေကျော်ကို ယှဉ်တွေးမိလို့ပါဟာ"





"နင်နော် .. အဲဒီလူနဲ့ ငါ့ကိုမနှိုင်းနဲ့"

သုနန္ဒာ စူပုပ်ပုပ်ပြောတော့ မာလာ က ပြုံးစိစိနဲ့ ဆက်ပြောဆိုတဲ့ အဓိပ္ပာယ်နဲ့ သစ်မာ ကို အချက်ပြပါတယ်။

"မဟုတ်ပါဘူး မိသု ရယ် .. ကိုနေကျော် က ပျော်ပျော်နေတတ်တာပါဟဲ့"

"အောင်မာ .. ခဏပဲသိလိုက်ရတဲ့လူဘက်က တရားသူကြီး လုပ်နေတယ်"

"ရှေ့နေ ပြောစမ်းပါ မိသု ရယ် .."

"ဟဲ့ .. မာလာ၊ ရှေ့နေက သူ့တရားခံ နိုင်အောင်ပဲ အဆိုတင်သွင်းလို့ရမှာ၊ တရားသူကြီးကမှ အမိန့်ချလို့ရတာလေ"

"ဩော် .. အဲဂလိုလား၊ ကဲ .. သစ်မာ"

သစ်မာ က ရယ်ပြီး ...

"သူ့ဘက်က လိုက်တာ မဟုတ်ပါဘူး၊ ငါနဲ့သိတာ ခဏဆိုပေမယ့် ငါ့ထက်စီနီယာကျတဲ့ မမတွေ၊ ကိုကိုတွေကတစ်ဆင့် ကိုနေကျော် တို့အကြောင်း၊ ကိုစည်သူ တို့အဖွဲ့၊ တခြားအဖွဲ့ကလူတွေရဲ့ အကြောင်းကို ပြောပြောနေကြလို့ ရင်းနှီးနေပြီလေ"

မာလာ က လေးလေးနက်နက် ခေါင်းခါပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော် .. ငါတို့ရပ်ကွက်မှာလည်း လူငယ်တွေ ဦးစီးဦးဆောင်တဲ့ NGO ..."

"NGO ဆိုတာ .."

သုနန္ဒာ နဲ့ မရင်းနှီးတဲ့စကား။ မာလာ က မျက်စောင်းထိုးသည်။

"ပညာတတ် ကုမ္ပဏီပိုင်ရှင်ဖြစ်ပြီး NGO တောင် မသိဘူး၊ တကယ့် ဒေဝဒတ်သမီးပဲ"

အသလွတ်ကြီး နှိပ်ကွပ်နေတဲ့ မာလာ ကြောင့် သုနန္ဒာ ဆွဲဆိတ်တော့ မာလာ မျက်နှာ ရှုံ့မဲ့သွားပါတယ်။

"NGO ဆိုတာ လွယ်လွယ်ခေါ် ရရင်တော့ အစိုးရမဟုတ်သော လူမှုအကျိုးပြုအဖွဲ့အစည်းပေါ့၊ ခေါင်းစဉ်တွေကတော့ အများကြီးပေါ့ဟာ .. (Non Governmental Organization) အစိုးရကိုယ်စားပြုမဟုတ်သော အဖွဲ့အစည်းလို့ သဘောသက်ရောက်တယ် သုနန္ဒာ"

သုနန္ဒာ စိတ်ဝင်တစား မရှိလှပုံကြောင့် သစ်မာ သက်ပြင်းချမိသည်။

စုမေ ကတော့ စိတ်ဝင်တစားနဲ့ မေးမိသည်။

"ဒီဘက်ခေတ် .. အင်း .. နာဂစ်ပြီးတော့မှ ဒီလိုအဖွဲ့အစည်းတွေများလာတယ်လို့ စုမေ တော့ ထင်တာပဲ"





စုမေ စကားကြောင့် သုနန္ဒာ က ဘောပင်ကို လက်ဖျားနဲ့ လှည့်နေရင်းက ပခုံးတွန့်ပြပါသည်။ သစ်မာ က ခေါင်းညိတ်သည်။

"မမလည်း အဲလိုထင်တယ်၊ နာဂစ်ဖြစ်တော့ မမ ဆရာဝန် မဖြစ်သေးဘူး"

သုနန္ဒာ က အမြင်ကပ်ကပ်နဲ့ ...

"ဒါဆို တောင်းစားနေဆဲပေါ့"

မာလာ က တဟားဟားနဲ့ ရယ်သည်။

"အေးပါ .. ပြောထား ဒေဝဒတ်မ၊ ငါပြောတာက အလုပ်သင်ဆရာဝန်ဘဝလို့ ပြောတာ၊ ငါ့တို့ကျောင်းကအဖွဲ့နဲ့ နာဂစ်ဒဏ်ခံ ပြည်သူတွေကို အကူအညီသွားပေးရင်း အဲဒီမှာ NGO တွေရဲ့ အားတက်သရော ကူညီမှုတွေကို တွေ့ခဲ့ရတယ်၊ NGO တွေရဲ့ အရေးပါမှုတွေကိုလည်း သိလာရတယ်လေ၊ အခုနောက်ပိုင်းဆို ခေါင်းစဉ်အမျိုးမျိုးနဲ့ ရပ်ကွက် ဒါမှမဟုတ် ဒီ့ထက်ပိုကျယ်ပြန့်တဲ့ နယ်နမိတ်အထိ ကြိုးစားလုပ်ဆောင်တဲ့အဖွဲ့အစည်းတွေကို တွေ့လာရတယ်"

"အဲဒါ ဘာဖြစ်လဲ"

သုနန္ဒာ က ခပ်ငေါ့ငေါ့နဲ့ပြောတော့ သစ်မာ ကလည်း ခပ်ငေါ့ငေါ့ပဲ ဖြေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နင် သေကြည့်လိုက်လေ မိသု .. နင့်ကို လာချပေးလိမ့်မယ်"

"ခွေးစုတ်မ .."

ဘောပင်နဲ့ လှမ်းပေါက်တော့ သစ်မာ ကမန်းကတန်း ရှောင်ရင်း...

"ဟို .. အသုဘရှုပနကို ပြောတာ .."

စုမေ နဲ့ မာလာ က တဟားဟား ...၊

ဒီလိုပါပဲ။ ငယ်သူငယ်ချင်းတွေဆိုတော့ သုနန္ဒာ စိတ်ဆိုးလည်း အလကားပါပဲ။ သုနန္ဒာ ရဲ့ခံယူချက်ဆိုတာ အရောင်းမြှင့်တင်ရေး၊ ကြော်ငြာနဲ့အံကျိုးအမြတ်၊ အာမခံ စတဲ့ စကားလုံးတွေပဲ နေ့စဉ် ကြားနေရတာလေ။





ဓာတုဗေဒနဲ့ ခပ်နှောနှောလေး ရောထားမှ

လုံးဝစိမ့်နေတဲ့အရသာလို့ ထင်သလား သုနန္ဒာ ..

ရိုးသားတဲ့ အရောအနှော ပါမယ်

ဒါဆို ဒီတံဆိပ်ကို မသုံးနဲ့တဲ့

ကြော် .. သံဝေဂတရားတွေနဲ့ မပြောချင်တော့

ရသမပါတဲ့စာတမ်းလို့တော့ ထင်ချင်ထင်

ရိုးရိုးသားသား ရင်ဖွင့်ရရင်

ကိုယ့်ဗီဇာ ကိုယ်ရဖို့

ဝါ ဒီအလုပ်ကို ရွေးချယ်ခဲ့တာပါ သုနန္ဒာ ...၊



www.burmeseclassic.com

www.burmeseclassic.com



"လင်း တဲ့ .. တစ်လင်းတည်း ရှိတယ်၊ ဖယောင်းတိုင်နဲ့လင်းတဲ့ လင်း မဟုတ်ဘူးဟေ့ .. အင်ဗာတာနဲ့လင်းတဲ့ လင်း ကွ .."

"အေး .. ဒီကလည်း စွာကျယ်မ တဲ့၊ ဘာမှတ်လဲ လင်း ရဲ့.. စွာကျယ်နော် .. စွပ်ကျယ် မဟုတ်ဘူးဟဲ့"

ရှန်းစုရှန်းစုနဲ့ ဆူညံညံအသံတွေ ကြားကတည်းက လင်း နဲ့ သူ့မိန်းမ စွာကျယ်မတို့ရဲ့ ဆက်ဆံရေးဟာ တောင်မြောက်ကွဲပြားနေတဲ့ ကိုရီးယားနှစ်နိုင်ငံလို ညှိနှိုင်းလို့မရသေးဘူးဆိုတာ ကျွန်တော် သိလိုက်ပါတယ်။

ပြီးတော့ အမိန့်ရလူကြီး ရွာအိမ်မှူး ကိုသက်ဦး က ကျွန်တော့်ကို မြင်တော့ ...

"ဟိုကောင်လေး .. လာ .. လာ"





"ဘယ်လဲ .. အလှူအိမ်လား"

ကျွန်တော့်ပြောပုံဆိုပုံကြောင့် ကိုသက်ဦး ဘေးက ဦးလေးတိုးက ရယ်ရင်း ...

"အေး .. အလှူတော့ အလှူပဲ၊ ဒါပေမယ့် အဆဲအလှူ .."

အဲဒီလောက်ဆို ကျွန်တော် သဘောပေါက်ပြီ။

လင်း အိမ်ရှေ့မှာ ရွှေပွဲလာ ပွဲကြည့်ပရိသတ်ကအပြည့်။ ကလေးပေါက်စလေးတွေရော၊ ပျိုပျိုအိုအို၊ ကြီးကြီးငယ်ငယ်လေးတွေရော ..။

အိမ်ထဲကိုလှမ်းကြည့်တော့ လူရိပ်လူယောင် မမြင်ရ။ ဒါပေမယ့် ရေဒီယိုမှာ နေ့စဉ်ပုံမှန် လွှင့်နေကျအစီအစဉ်ကဏ္ဍတစ်ခုလို လေလှိုင်းကအသံတွေက အခုလို ..။

"အေး .. နင့်ဘာသာ စွာကျယ်မကလို့ စွပ်ကျယ်ပဲဖြစ်ဖြစ် လုံးဝ ဂရုမစိုက်ဘူး၊ နင် ကိုယ့်လင်ဆိုတာရော သိရဲ့လား"

ဟ .. ဘာတွေလဲဟ လို့ အော်မိမတတ်ပါ။

ကိုယ့်လင်ကိုယ် မမှတ်မိရအောင် မစွာကျယ် လင်မှားတဲ့အသံ မိုက်တွင်းနက်မိလို့လား။ ဒုက္ခက ဗရုတ်သုတ်ခရောက်လာပြီ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လေင်း .. စွာကျယ်မ ..၊ အိမ်ပြင် ထွက်ခဲ့စမ်း"

ရာအိမ်မှူး ကိုသက်ဦး က ပရိသတ်အားကိုးနဲ့ လေင်း နဲ့ စွာကျယ်မ ကို အပြင်ခေါ်ထုတ်တော့ အိမ်ထဲကနေ လေင်း ရဲ့အသံ က ...

"ဘယ်သူလဲကွ .. ငါ့ကိုခေါ်တာ .. ဒီမှာ ရန်ဖြစ်နေတယ်လေ၊ နားလည်မှု ရှိရမှာပေါ့"

လေင်း အသံကြောင့် အားလုံး ပြုံးစိစိ ဖြစ်ကုန်ပါသည်။ မသိရင်ဘဲ ဒီအိမ်နယ်မြေက ရန်ဖြစ်ရမည့်ဇရိယာဖုန်လို့ပဲ သတ်မှတ်ပေးထားသလိုလို ..။

"ငါလခွီး .. ဟော့ကောင် ..ထွက်ခဲ့စမ်း"

ကိုသက်ဦး ဒေါပွပွနဲ့ ခပ်ကြမ်းကြမ်းအော်တော့မှ လေင်း အိမ်ရှေ့ထွက်လာကာ ကိုသက်ဦး နဲ့ ကျွန်တော်တို့ကို မြင်တော့ သွားဖြဲလေးနဲ့ ...

"ဩော် .. အလှူခံလား အစ်ကိုကြီး ကိုသက်ဦး၊ ခဏနော် .. ဒါလေး လက်စသတ်ရန်ဖြစ်ပြီးရင် လှူပါ့မယ်"

"ဘာကွ .."

ကိုသက်ဦး ဒေါသတွေထွက်လာသလောက် ပရိသတ်ကြီးက





တော့ တဟီးဟီးနဲ့ ရယ်ကြပါသည်။

"မင်းတို့ ဘယ်လိုလူတွေလဲ လေင်း"

ကိုသက်ဦး ရဲ့စကားကြောင့် ကိုလေင်း မျက်ခုံးမြင့်တက်သွားရင်း သူ့ကိုယ်သူ ငုံ့ကြည့်ကာ ...

"ကျွန်တော့်မှာ ဘာများ အပိုပါလာလို့လဲ အစ်ကိုသက်ဦး ရယ်.."

ကိုသက်ဦး ဘာပြောရမှန်းမသိ ဖြစ်သွားတာကြောင့် ကျွန်တော် ဝင်ပါရပါတယ်။

"ကိုလေင်း ရာ .. ပတ်ဝန်းကျင်ကိုလည်း အားနာဦးမှပေါ့၊ လင်မယားချင်း ရန်ဖြစ်တာပဲဗျာ .. တိတ်တိတ်ဆိတ်ဆိတ် ဖြစ်ပေါ့ဗျ"

"ဟာကွာ .. နေကျော်၊ မင်းပြောပုံဆို ငါတို့လင်မယားကပဲ ရိပ်သာထဲသွားပြီး အသံတိတ် လက်ဟန်ခြေဟန်နဲ့ ရန်ဖြစ်ရမလို ဖြစ်နေပြီ"

"အေးလေ .. ဘယ်လိုကောင်လေးလဲ မသိဘူး .. နော် လေင်း ရယ် .."

မစွာကျယ်ကလည်း အပြောင်းအလဲ မြန်ပါ့။ ကိုသက်ဦး လေင်း တို့လင်မယားကို မကျေမနပ်နဲ့ကြည့်ပြီး ...

"နေပါဦး .. မင်းတို့လင်မယားက ဘာကိစ္စနဲ့ ရန်ဖြစ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

ကိုသက်ဦး အခုလိုမေးတော့ ကိုလေင်း သူ့မိန်းမ မစ္စာကျယ် ကို မကျေမနပ်နဲ့ကြည့်ရင်း ...

"ဒီနေ့ညနေ ဆိုက်ကားသိမ်းပြီး ပြန်လာတုန်းကပေါ့၊ လူကလည်း တစ်နေကုန် ဆိုက်ကားနင်းထားရတော့ မောကလည်း မော၊ ဗိုက်က လည်း ဆာလာတာပေါ့ဗျာ .."

စကားကို ခဏရပ်ပြီး သူ့မိန်းမကို မကျေမနပ်နဲ့ ကြည့်လိုက် ပြန်၏။ မစ္စာကျယ် က မျက်နှာကို ငုံ့ထားပါတယ်။ အပြစ်ရှိတယ်ဆိုတဲ့ သဘောပေါ့ ..။

"ပြောပါဦး .."

ကိုသက်ဦး ပြောတော့ ကိုလေင်း က စကားကို ပြန်စသည်။

"ဆိုက်ကားလေးနင်းပြီး ပြန်လာရင်း နေ့လယ်က ကျုပ်မွေးထား တဲ့ တိုက်ကြက်ကြီးကို ကားတိုက်သွားလို့ အသျော့်ရထားတယ်ဆိုတာ ကို သတိရလိုက်တယ်လေ၊ တိုက်ကြက်ကြီးကို နှမြောတော့ နှမြောပေ မယ့် ကြက်သားလေးဘာလေး မစားရတာလည်း ကြာပြီ၊ စွာကျယ်.. နှင့် ကောင်းကောင်းချက်ထားလိုက် ဆိုပြီး မှာခဲ့တာ၊ ဒီနေ့တော့ ဟင်း ကောင်းကောင်းစားရပြီဆိုပြီး အားကြိုးမာန်တက် ပြန်လာတာပေါ့





အိမ်ရောက်တော့ စွာကျယ်က အိမ်မှာမရှိဘူး၊ မီးတွေကလည်း ပျက် နေတာနဲ့ ရေ ကမန်းကတန်း ချိုး၊ ဖယောင်းတိုင်လေး ထွန်းပြီး ထမင်း ပန်းကန်ထဲ အကြီးဆုံးကြက်သားတုံးနှစ်တုံးကို ခပ်ထည့်၊ ဗိုက်ဆာဆာ နဲ့ တီးမယ်ဆိုပြီး အကြီးဆုံး ကြက်သားတုံးကို ဆွဲကိုက်လိုက်တာ ..."

ပြောနေရင်း ကိုလေင်း ရဲ့မျက်နှာကြီးက မသတီတော့သလို ရှုံ့မဲ့ သွားပါတယ်။

"ပြောလေဗျာ .. ဘာလဲ .. ဟင်းချက်တာ မကောင်းလို့လား"

ကျွန်တော်က စကားထောက်ပေးတော့ ကိုလေင်း က ဒိုသံကြီး နဲ့ ...

"ဘယ်ကလာ .. ငါဆွဲကိုက်လိုက်တဲ့ ကြက်သားတုံးက ကြက် သားတုံးမှ မဟုတ်တာ၊ ကြက်လည်ဇလုတ်ကြီးကွ၊ ဆွဲလည်း ကိုက် လိုက်ရော .. ဇလုတ်ထဲက ဆန်ကွဲတွေရော .. သားရေပင်တွေရော... ထွီ ..၊ ကြက်လည်ဇလုတ် ထည့်ချက်ရတယ်လို့ သူ့ကို ဘယ်သူ သင် ပေးလိုက်တာလဲ မသိဘူးကွာ .."

အဖြစ်မှန်ကို သိသွားတာနဲ့ တခွီးခွီးရယ်သံတွေ ထွက်လာပါ တယ်။ ဒါတောင် မစ္စာကျယ် က မရဲတရဲ ဝင်ပြောလိုက်ပါသေးတယ်။

"ဟိုလေ .. အဆီအနှစ်တွေများ အဲဒီမှာ စုနေမယ်ထင်ပြီး ..."



www.burmeseclassic.com

www.burmeseclassic.com



မစွာကျယ်ကလည်း မစွာကျယ်။ ဝက်သားဟင်းချက်တာ တစ်ခါ စားဖူးပါတယ်။ ဘယ်လိုအတွေးနဲ့ ချက်လည်း မသိ။ ဝက်သားဟင်းကို မဆလာ၊ ဇီယာတို့ ထည့်ချက်ထားသည်။ ဒါတောင် စပါးလင် ဝယ်၍ မရလို့တဲ့။ အဲဒီလို အာဂမိန်းမ။ တီဗွီကလာတဲ့ ကိုရီးယားဟင်းချက် ပြိုင်ပွဲမှာ သူမကို ဝင်ပြိုင်ခိုင်းရမည်။

လေလင်း ပြဿနာ ဖြေရှင်းခန်းပြီးနောက် သူတို့တွေ ကိုထွန်းမင်း တို့ဆိုင်ဘက်ကို ကိုသက်ဦး နဲ့ ထွက်လာခဲ့ကြပါတယ်။

"ဟော .. ဘယ်ကလာတာလဲ"

လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုထွန်းမင်း က ကိုသက်ဦး ကို ဦးတည်မေးတော့ ကိုသက်ဦး က ကျွန်တော်နဲ့ ဝင်ထိုင်ရင်း ...

"လေလင်း ကိစ္စ ရှင်းပြီး ပြန်လာတာလေ"

"လေလင်း ဘာဖြစ်လို့လဲ"

ကိုသက်ဦး က နောက်တစ်ကြိမ် လေလင်း ပြဿနာဖြေရှင်းခန်းကို ပြောပြတော့ ကိုထွန်းမင်း ရော .. ဆိုင်ထဲက စားသုံးသူတွေပါ အားရ ပါးရ ရယ်ကြပါတော့သည်။

"ဘာတွေ သဘောကျနေတာလဲဟ"

ခံအောင်ညိမ်း အပြင်ကလာပြီး သူတို့ဝိုင်းမှာ ဝင်ထိုင်ရင်း မေ





တော့ ...

"မင်းညီမ ဝေဝေလင်း က ငါ့ကို သဘောကျတယ်လို့ ပြောတာ ပဲ"

ကျွန်တော့်စကားကြောင့် အောင်ညိမ်း က စပ်ဖြီးဖြီးနဲ့ ...

"ငါ့ညီမ ဝေဝေ က သဘောကျတာ မဖြစ်နိုင်ဘူး၊ ကျမယ့်ကျ မင်း အူကျတာပဲဖြစ်မယ်"

"ဒါကတော့ကွာ .. နေပြင်းတာကိုး"

"နေပြင်းဆို .. ဟော့ကောင် .. နေလင်း နဲ့ တွေ့လား"

"ဘာဖြစ်လို့လဲ"

"ဒီနှစ် ကထိန် ဘယ်ကျောင်းခင်းမှာလဲတဲ့"

အောင်ညိမ်း စကားကြောင့် အားလုံး ခေါင်းထောင်သွားပါသည်။ မနီးမဝေးအသံချဲ့စက်တွေဆီက ကထိန် အလှူခံသံတွေကို ကြားရ တော့ အားလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်ပါသည်။

သူတို့ နှစ်စဉ်နှစ်တိုင်း ရပ်ထဲရွာထဲ၊ အသိမိတ်ဆွေ၊ နီးစပ်ရာ ဝင်မင်သူတွေထံက အလှူခံပြီး ဆင်းရဲနွမ်းပါးတဲ့ ဘုန်းကြီးကျောင်း ဒါမှမဟုတ် မြို့နဲ့မနီးတဲ့ ရပ်ဝေးက စာသင်တိုက်တွေကိုသွားပြီး ကထိန် ခင်းနေကျ ..။



www.burmeseclassic.com

www.burmeseclassic.com



"နေလင်း က ဘာပြောလို့လဲ"

ကိုသက်ဦး က လာချပေးတဲ့ လက်ဖက်ရည်ခွက်ကို ကျွန်တော့်ဘက် တိုးရွှေ့ပေးရင်း အောင်ညိမ်း ကို မေးသည်။

"သူက ဝေါဘက်က စာသင်တိုက်တစ်ခုကို သွားလှူမယ်တဲ့"

"ဘယ်ကျောင်းလဲ .."

"ကာသစ်ဝိုင်း"

အောင်ညိမ်း ပြောပြချက်အရ သူတို့ရဲ့စည်းမျဉ်းနဲ့ ကိုက်ညီသည်။ မနှစ်ကလည်း ပဲခူးမရောက်ခင် အထဲကို တော်တော်ဝင်ရသည့်ကျောင်းကို လှူပြီးပြီလေ။

"နောက်ထပ်ကျောင်း တွေ့ထားသေးလား၊ တော်ကြာ ဟိုလူက ဒီကျောင်းလှူမယ်၊ ဒီလူက ဟိုကျောင်းလှူမယ် ဖြစ်နေမှာစိုးလို့"

"ဟာ .. ကိစ္စမရှိပါဘူး .. ဘောလုံးပွဲတွေလို ခြောက်ပန်းလှန်ပေါ့ဗျာ"

"ခွေးသားလေး .."

ကိုထွန်းမင်း ဆဲတော့ ဟိုကောင် အောင်ညိမ်း က အရယ်မပျက်။

"ဝေါ ဆိုတော့ ပစ္စည်းတွေကို ဘယ်လိုသယ်မလဲ"

"ဩော် .. လက်နဲ့ပဲ သယ်ရမှာပေါ့"





ကျွန်တော် အပြောင်အပျက် စတော့ အောင်ညိမ်း က လှမ်းကန်သည်။

"မဟုတ်ဘူးလေကွာ .. ခရီးစရိတ်ကို ပြောတာ၊ အလှူအတန်းထက် ခရီးစရိတ်ကများနေရင် ကြားလို့လည်း မကောင်းဘူး"

ကိုထွန်းမင်း ပြောတာလည်း ဟုတ်သည်။ ကျွန်တော်က ဝင်ဆွေးနွေးကြည့်၏။

"ဒါဆိုလည်း ကထိန်ပစ္စည်းတွေကို ဖြုတ်၊ ဆာလာအိတ်နဲ့သယ်ပြီး လိုင်းကား[illegible]စီးရင်ရော .."

"ဒါလည်း ရတာပဲ"

"နေဦး .. ခဏ"

ကျွန်တော်တို့ ဆွေးနွေးနေတုန်း ခပ်လှမ်းလှမ်းဝိုင်းက ခင်မောင်ထွေး က မိုးဇော် တို့နဲ့ ဘောလုံးအကြောင်း ငြင်းခုန်နေရာက လှမ်းပြောတော့ ကျွန်တော်က ...

"ငါတို့ ဘယ်မှမသွားပါဘူး ခင်မောင်ထွေး ရယ် .."

ခင်မောင်ထွေး က လှမ်းဆဲပြီး မိုးဇော် နဲ့အတူ ပရီးမီးယားဇာတ်ခင်နောက်ပေါက်ကနေ လက်ဖက်ရည်ခွက်လေးတွေ [illegible]ရင်း ခုန်ဆင်းလာပြီး ကျွန်တော်တို့ဝိုင်းမှာ ဝင်ထိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ကားပေးမယ်"

အောင်ညိမ်း က တစ်ဖက်ကို ရွှေ့ပေးရင်း ...

"ကားပေးစရာ မလိုပါဘူးကွာ၊ စုစုစည်းစည်း ထိုင်လို့ရပါတယ်၊ နေရာက အကျယ်ကြီးဟာကို"

အောင်ညိမ်း သိသိနဲ့နောက်တော့ ခင်မောင်ထွေး ဂျပုက လူပု သလောက် စိတ်တိုစွာဖြင့် ဆေးလိပ်ခွက်နဲ့ အောင်ညိမ်း နဖူးကို ခေါက်ပြီး ...

"လူကြီးတွေ စကားပြောနေရင် ဝင်မရှုပ်ရဘူး၊ သွား၊ ငါးဆယ် သချိုင်းကုန်း မုန့်သွားစား"

ဂျပုစကားကြောင့် ဟိုကောင်က ပါးစပ်လှုပ်ရုံ ဆဲပြသည်။ အားလုံးက ရယ်သည်။

တစ်နေ့တစ်နေ့ ရယ်လိုက်၊ ငိုလိုက်၊ ဝမ်းရေးအတွက် ကာယ အင်အား၊ ဉာဏအင်အားတွေနဲ့ တစ်နေ့တာ နာရီမှတ်တမ်းတွေထဲမှာ ကျင်လည်နေခဲ့သည်လေ။





"ခေါင်းလိမ်းဆီ ဝယ်ရအောင်ကွာ .."

လူအုပ်တွေကို ရှောင်ကွင်းရင်း၊ ကထိန်ခင်းမယ့် ပစ္စည်းတွေကို မနိုင်မနင်းသယ်ရင်း ကျွန်တော် ပြောတော့ အောင်ညိမ်း က အလန့် တကြားနဲ့ ...

"ဟေ့ကောင် .. ဘုန်းကြီးကို ခေါင်းလိမ်းဆီ ..."

"ဟာ .. ငါလိမ်းဖို့ပါကွ"

ကိုထွန်းမင်း နဲ့ မစံက ပစ္စည်းတွေမနိုင်မနင်းနဲ့ ဝိုင်းရယ်ကြသည်။

"ခွေးကောင် ဂျပု၊ ပစ္စည်းသယ်ရမှာစိုးလို့ ကားစိတ်မချဘူးဆိုတဲ့ အကြောင်းပြချက်နဲ့ အပြင်မှာနေခဲ့တာ ဖြစ်မယ်"

မကျေမနပ်နဲ့ အောင်ညိမ်း ရဲ့အပြောကြောင့် ကိုထွန်းမင်း က ရယ်မောရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါကွာ .. နောင်ဘဝအထိ ဘာမှရှည်မယ့်ကောင် မဟုတ်ဘူး၊ အသက် .."

မစံ က သူ့ယောကျ်ား ကိုထွန်းမင်း ကို ဆွဲဆိတ်သည်။

"ဟင် .. ကန်တော့ ..."

သယ်လာရတာလည်း လူကြားထဲမှာ၊ ဝန်ထုပ်ဝန်ပိုးတွေနဲ့ မမီ မကမ်း ဆွဲဆိတ်လိုက်တာကြောင့် မျက်နှာချင်းဆိုင်ကလာတဲ့ ကောင် မလေးတစ်ယောက်နဲ့တိုက်မိကာ အိတ်ထဲကပစ္စည်းတွေ ထွက်ကျ ကုန်သည်။ ကိုထွန်းမင်းက တောင်းပန်ရင်း ...

"ဆောရီး .. ညီမ၊ မိစံ .. နင်ဟာလေ .."

"ဟို .. ရပါတယ် .. မတော်တဆပဲဟာ၊ ကျွန်မတို့ဘက်ကလည်း အမှားပါ"

ကြားဖူးသလိုထင်ရတဲ့အသံကြောင့် နေကျော် လှမ်းကြည့်တော့...

"ဟာ .. သစ်မာ .."

"ဟင် .. ကိုနေကျော်၊ ဈေးလာတာလား"

သစ်မာ နဲ့ မာလာ က ပစ္စည်းတွေ ကူကောက်ထည့်ပေးရင်း သစ်မာ ရဲ့ ကိုနေကျော် ဆိုတဲ့အသံကြောင့် သတိရသွားကာ နေကျော် ကို ကမန်းကတန် းလှမ်းကြည့်ပြီး ပြုံးစိစိ ဖြစ်ကုန်ပါသည်။





နေကျော် လည်း အခုမှ မာလာ ဆိုတဲ့ မိန်းကလေးနောက်က သုနန္ဒာ ရဲ့ စူပုပ်ပုပ်မျက်နှာကို မြင်မိပါသည်။ နေကျော် ရယ်ချင်သွားပါ သည်။

"ဩော် .. ကိုအောင်ညိမ်း လည်း ပါလာတာကိုး"

ကိုထွန်းမင်း တို့ကတော့ ခင်သစ်မာ နဲ့ မျက်မှန်းတန်းမိရုံမို့ အပြုံး နဲ့ပဲ ခေါင်းညိတ် နှုတ်ဆက်ရုံလောက်ပေါ့။ မာလာက သူမရဲ့ကိုကျော် သူငယ်ချင်းမှန်း သိသွားပြီမို့ ...

"ကျွန်မ ကိုကျော်ဝဏ္ဏ ရဲ့ချစ်သူပါ"

"ဟာ ... ကျော်ကြီး ရဲ့မိန်းကလေး မာလာ လား။ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျွန်တော် ကျော်ကြီး ပေး ..."

ဆက်ပြောမယ်လုပ်ပြီးမှ သုနန္ဒာ ကို ကြည့်ကာ ဆွပေးသလိုဖြစ် မှာစိုးတာကြောင့် စကားရပ်လိုက်တော့ မာလာ နဲ့ သစ်မာ က ရယ် သည်။

"ကျွန်မ ရပြီးပါပြီ"

မာလာ စကားကြောင့် နေကျော် စပ်ဖြဲဖြဲနဲ့ ...

"အေးဗျာ .. ကျော်ကြီး နဲ့ ကျွန်တော်တို့နဲ့ ကျောင်းတော်ခဲ့တဲ့ တစ်ယောက်က စင်ကာပူကနေ ဒီကိုပြန်လာတော့ ကျော်ကြီး က ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်နဲ့ ကျွန်တော့်ကို အဲဒီစာ .. အဲ .. ဟိုဟာကို ပေးခိုင်းလိုက်တာ”

သုနန္ဒာ မျက်နှာက မာဆတ်ဆတ်၊ ရှုပုပ်ပုပ်။ ကိုထွန်းမင်း နဲ့ မိစံ တို့ကလည်း သုနန္ဒာ နဲ့ နေကျော် ရဲ့အနေအထားကို ကြည့်ပြီး တစ်ခုခုတော့ တစ်ခုခုပဲလို့ တွေးနေကြပါတယ်။

“ကဲ .. အတော်ပဲ၊ မာလာ .. ကိုနေကျော် နဲ့တွေ့တုန်း တစ်ခုခု ညှိခံမှုနဲ့တူတယ်”

“ဟာ .. မဟုတ်တာ၊ မလုပ်ပါနဲ့”

နေကျော် ကမန်းကတန်းငြင်းတော့ သစ်မာ ကလည်း ဝင်ပြော သည်။

“အို .. မဟုတ်တာ ကိုနေကျော် ရယ် .. တစ်ယောက်နဲ့တစ် ယောက် ရင်းနှီးနေမှတော့ ..”

မာလာ ကလည်း ဝင်ပြောသည်။

“အားနာစရာမှ မဟုတ်တာ ကိုနေကျော်၊ တော်ကြာ ကိုကျော် က သူ့သူငယ်ချင်းကို လမ်းမှာတွေ့တာတောင် ညှိမခံရကောင်းလား ဆိုပြီး ဆူနေမှဖြင့် ...”

“ဆူရင်လည်း လက်ဖက်ခြောက်ထည့်လိုက်မယ်လေ”

အောင်ညိမ်း ကလည်း တမင် ရင်းနှီးလွယ်အောင် ဝင်ရောသည်။





သုနန္ဒာ ကတော့ နာရီတကြည့်ကြည့်နဲ့ ညိုမြလုပ်နေတဲ့ မာလာ နဲ့ သစ်မာ ကို အမြင်ကပ်စွာနဲ့ ကြည့်နေပါသည်။ နေကျော် ကလည်း သုနန္ဒာ မျက်နှာရဲ့ အလိုမကျပုံကြောင့် တမင်နှိပ်စက်ချင်တာနဲ့ ...

“ကောင်းတာပေါ့ဗျာ၊ ကဲ .. သွားရအောင်”

မာလာ နဲ့ နေကျော် က ကျော်ကြီး အကြောင်းတွေပြောရင်း ရှေ့က လျှောက်သည်။ မာလာ က မစံ ရဲ့အထုပ်တွေကို မျှကိုင်ပေးပါ တယ်။ သစ်မာ က အောင်ညိမ်း ဆီက အထုပ်တစ်ထုပ်ကို ယူကာ ကူသယ်ပေးပြီး သုနန္ဒာ ကို ခပ်တိုးတိုးပြောသည်။

“ဟဲ့ .. မိသု၊ နင့်မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ”

သုနန္ဒာ ကလည်း စိတ်ပေါက်ပေါက်နဲ့ ...

“ငါ့ဘာသာ ဘာဖြစ်ဖြစ်ပေါ့”

သစ်မာ ခွီးခနဲ ကျိတ်ရယ်ကာ ...

“မောင်တော်ဘုရားက အရေးမလုပ်တော့ ရွှေစိတ်တော် ကောက် နေတာလား”

သုနန္ဒာ စိတ်တိုတိုနဲ့ ခိုးပြီး ဆိတ်ကာ ...

“နင်နော် .. ကြားသွားရင် သိက္ခာကျနေဦးမယ်”

“ဩော် .. အဲဒါဆိုလည်း အဲဒီသိက္ခာကို ပြန်ကောက်ပြီး ရင်ဘတ်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ထည့်လိုက်ပေါ့ဟာ"

ဘယ်လိုပြောပြော မရမယ့်အပြင် ပိုပြီး ဆိုးလာနိုင်တာကြောင့် မသိချင်ယောင် ဆောင်နေလိုက်ရပါတယ်။ ဟိုရောက်တော့ ဟိုမှာ ဒီမှာ နဲ့ ကိုယ်စားချင်တာကို ရွေးမှာကြပြီး မာလာ က စပ်စုသည်။

"ပစ္စည်းတွေက များလှချည်လား ကိုနေကျော်"

မာလာ စကားကြောင့် မစံ က ဝင်ပြောသည်။

"ကထိန်အတွက်လေ မာလာ ရဲ့ .. မစံ တို့ရပ်ကွက်က ပရဟိတ အသင်းက နီးစပ်ရာအလှူငွေကောက်ပြီး နှစ်စဉ် ကထိန်ခင်းတယ်လေ"

"ဩော် .. ဟုတ်လား"

မာလာ က တအံ့တဩနဲ့ပြောတော့ နေကျော် က မိတ်ဆက်ပေးပါတယ်။

"ကဲ .. မိတ်ဆက်ပေးရဦးမယ်၊ ဒီဘက်က ကိုထွန်းမင်း တဲ့၊ မစံ ရဲ့အမျိုးသားပေါ့၊ ဟိုဘက်ကတော့ အောင်ညိမ်း၊ သစ်မာ နဲ့က ဆေးရုံမှာ ရင်းနှီးပြီးသားလေ၊ ကိုထွန်းမင်း .. သူက မာလာ၊ ဒီဘက်က ခင်သစ်မာ၊ နောက် ..."

နောက်ဆုံးတစ်ယောက် ကျန်နေသေးတာမို့ နေကျော် ခေါင်းကုတ်မိပါတယ်။ မိတ်ဆက်ပေးလို့ ကောင်းပါ့မလား မသိ။ အဲဒီဒေါသ





ကုမ္မာရမင်းသမီးက ကျေနပ်လား၊ မကျေနပ်လား မသိ။ နေကျော် ရဲ့ ချီတုံချတုံဖြစ်နေတဲ့ အခက်အခဲကိုသိတဲ့ သစ်မာ က ဝင်မိတ်ဆက်ပေးသည်။

"သူ့နာမည်က သုနန္ဒာ .."

သုနန္ဒာ က သစ်မာ စကားကြောင့် မျက်နှာထားတင်းတင်းနဲ့...

"ဘာလို့ မိတ်ဆက်ပေးတာလဲ၊ အဲဒီကောင်နဲ့ ငါက မိတ်ဆွေမှ မဟုတ်တာ .."

ပက်ခနဲ ပြောလိုက်တဲ့ လေယူလေသိမ်းကြောင့် မာလာ တို့ မျက်နှာပျက်သွားပါတယ်။ ကိုထွန်းမင်း တို့ကတော့ ဒီအခြေအနေဆို သဘောပေါက်သွားပါပြီ။ နေကျော် က မျက်နှာ တစ်ချက်မှမပျက်၊ အားနာနေဟန်ရှိတဲ့ မာလာ တို့ကို ပြုံးပြရင်း သုနန္ဒာ ဘက်လှည့်ကာ..

"ကျွန်တော်နဲ့ မိတ်ဆွေဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်ပါဘူး သုနန္ဒာ၊ ခင်ဗျား လမ်းမှာ အမှားတစ်ခုခုတွေ့ရင် လှမ်းဟောင်သတိပေးတတ်တဲ့ ခွေးတစ်ကောင်လောက်တော့ အသုံးဝင်မှာပါ"

နေကျော် ကတော့ ဆော်ပြီဆိုတာ အောင်ညိမ်း တို့ သိသည်။ သုနန္ဒာ က ဆက်ပြောရင် ပြဿနာဖြစ်မှာကို သိတာကြောင့် ဘာမှ မပြောဘဲ ရှုပုပ်ပုပ်နဲ့ နေလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မာလာ က တိတ်ဆိတ်သွားတဲ့ စကားဝိုင်းအခြေအနေကို ထိန်းလိုတာကြောင့် ...

"ဒါနဲ့ ကထိန်ဆိုတော့ မာလာ တို့လည်း ကုသိုလ်ဝင်ယူရမှာပေါ့"

"ဟာ .. မဟုတ်တာ .. မာလာ ရယ် .."

နေကျော် ငြင်းမယ်လုပ်တော့ မာလာ နဲ့ သစ်မာ က ပိုက်ဆံကိုယ်စီထုတ်ကာ နေကျော် ရှေ့ ချပေးရင်း ...

"ကုသိုလ်အလုပ်ကို မငြင်းဆန်ကောင်းဘူးလေ ကိုနေကျော်"

အောင်ညီမ်း ကလည်း ဝင်ပြောပေးပါသည်။

"ကဲ .. ဒါကာမတွေကတော့ ပါရမီဖြည့်နေပြီ ဒကာကြီး"

သုနန္ဒာ က သူမ ဘေးလွယ်အိတ်ထဲက ပိုက်ဆံတစ်ထပ်ကိုထုတ်ပြီး ဘေးမှာရှိတဲ့ မစံ ကို ကမ်းပေးရင်း ...

"မစံ .. ဒါ .. သုနန္ဒာ ကြည်ကြည်ဖြူဖြူနဲ့ လှူတာနော်"

မစံ ယူရခက် မယူရခက် ဖြစ်နေမိပါတယ်။ ကိုထွန်းမင်း မျက်ရိပ်ပြလိုက်တော့မှ ယူလိုက်ပြီး ...

"ကျေးဇူးနော် ညီမလေး"

သုနန္ဒာ က ပြုံးသည်။

"ညမှာ နေမင်းကတော့ ပွင့်တော့မယ်"





နေကျော် ဟိုလူလိုလို၊ ဒီလူလိုလိုနဲ့ပြောတော့ သုနန္ဒာ မကျေမနပ်နဲ့ မျက်စောင်းထိုးကာ တက်ခေါက်သည်။ သစ်မာ က သုနန္ဒာ မြင်မှာစိုးတာကြောင့် တစ်ဖက်လှည့် ခိုးရယ်ပါသည်။

"ဒါနဲ့ ကထိန်က ဘယ်တော့လဲ၊ မာလာ တို့ လာခဲ့မယ်လေ"

မာလာ စကားကြောင့် ကိုထွန်းမင်း တို့က ရယ်တော့ မာလာ တို့က ကြောင်တောင်တောင်နဲ့ မစံ တို့ကို ကြည့်နေတာကြောင့် မစံ က အားနာဟန်နဲ့ပြောသည်။

"ကထိန်က ဝေါဘက်က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ မာလာ ရဲ့ .."

သုနန္ဒာ နှာခေါင်းရှုံ့တာ နေကျော် မြင်သည်။ အင်းပေါ့လေ .. ကထိန်ဆိုတာ ဒီမှာ ခင်းကျင်းလည်းရတာပဲလို့ တွေးနေပုံပါ။ ဒါကြောင့် မာလာ ကို ပြောသလိုနဲ့ သူမကို တမင်ရည်ရွယ်ကာ အခုလို ပြောလိုက်ပါတယ်။

"ရပ်ကွက်ထဲမှာ ကထိန်ခင်းလည်း ရတာပဲလို့ တွေးမိကောင်း တွေးမိမယ်၊ ဒါပေမယ့် ဒီလိုရှိတယ် မမာလာ"

"မာလာ ပဲ ရင်းရင်းနှီးနှီးခေါ်ပါ နေကျော်"

နေကျော် ခေါင်းညိတ်ပြုံးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့မှာ ထုံးစံရှိတယ်၊ ရန်ကုန်မြို့တွင်းဖြစ်ဖြစ်၊ ရန်ကုန်နယ်နမိတ်ကျော်မှာပဲဖြစ်ဖြစ် တကယ်ဆင်းရဲတဲ့ကျောင်း၊ အဆင်မပြေတဲ့ကျောင်း၊ အလှူအတန်းသွားလုပ်လို့ ခက်ခဲဝေးလံတဲ့ စာသင်တိုက်တွေကို ဦးစားပေးတယ်လေ၊ ကိုယ်လုပ်လိုက်တဲ့ဒါန အကျိုးသက်ရောက်ဖို့အတွက်ပေါ့၊ ကျွန်တော်တို့အလှူပွဲက အဆောင်အယောင်၊ အခမ်းအနား ရေးကြီးခွင်ကျယ် ပကာသနတွေ မပါတာတော့ သေချာတယ်"

သုနန္ဒာ အောင့်သီးအောင့်သက်နဲ့ ငြိမ်နေလိုက်ရပါတယ်။ မာလာက အားတက်သရောနဲ့ ...

"ဘယ်နေ့လဲ .. မာလာ လည်း လိုက်မယ်လေ၊ အတွေ့အကြုံရတာပေါ့"

နေကျော် က သွားမည့်ရက်ကိုပြောပြတော့ သစ်မာ ကလည်း လိုက်မယ်လို့ ပြောပါတယ်။

"အတော်ပဲ .. အဲဒီရက် သစ်မာ လည်း အားတယ်၊ မီသု .. လိုက်ခဲ့ပါလားဟယ်"

သုနန္ဒာ က မစံ တို့ကို အားနာပေမယ့် နေကျော် ကို မကျေမနပ်ကြည့်ပြီး ခပ်ပြတ်ပြတ်လေသံနဲ့ ...

"အို .. ရှုပ်ရှုပ်ယှက်ယှက်တွေ၊ မအားပါဘူး"





"ဟာ!... နင်ကလဲ .."

သစ်မာ က အားနာဟန်နဲ့ လှမ်းဟန့်တော့ နေကျော် က သစ်မာကို ပြောလိုက်သည်။

"သစ်မာ .. တာပေါ် ရေမကျော်ခင် နေကျော် မှ သိမယ်"

သုနန္ဒာ ကတော့ နေကျော့် စကားကြောင့် ထုံးစံအတိုင်း တက်ခေါက်ရုံပဲ ရှိတာပေါ့။

ကဗျာဆန်ရမယ့်လမ်းကို အစိမ်းရောင်ဆေးသား ရွေးချယ်ခဲ့တဲ့ ထိုကောင်မလေးအတွက် ရင်ထဲက စကားတစ်ခွန်း ပြောချင်ပါသည်။

ကျွန်တော့်စကားဟာ သူမ ကြားနေကျ၊ သူမ အလိုကျ စကားတစ်ခွန်းမဟုတ်တာတော့ သေချာပါတယ်။ တကယ်လို့ ကျွန်တော်ပြောမိရင် သူမကတော့ ပြောမည်ထင်သည်။

'မသာကိုင်တဲ့လက်နဲ့ ရွှေခွက်ကို နှိုက်ချင်တယ်' လို့။

မာန၊ မောဟ၊ သောကတွေ မရှိတော့တဲ့ သက်မဲ့ပစ္စည်းကို ကိုင်တွယ်တဲ့လက်က ပိုပြီး သန့်ရှင်းမယ် ထင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



လှေဦးမှာ အရှုးကိုထားသလို
ပဲ့ကိုင်သူက အမူးသမား။
ပဒိုင်းသားကိုမှ လှေထွင်း
အချစ် ဆိုတာကို အဲဒီလိုမြင်တော့ . .
တဝဲလည်လည် အသည်းငယ်ငယ် . . . . .၊







**ကား**ကိုမြင်ပြီး မာလာ မျက်လုံးပြူးသွားတာမို့ သစ်မာ က ရယ်သည်။ နေကျော် က အားနာပုံမပေါက် ..။

"လိုက်လို့ဖြစ်ပါ့မလား .. အချိန်မီသေးတယ်နော် မာလာ"

ကားက ဒိုင်နာအမျိုးအစားကား ..၊ ပစ္စည်းတွေကို ဆာလာအိတ်တွေ၊ တောင်းတွေနဲ့ စုထည့်ပြီး ရှေ့ဘက်ခြမ်းမှာထားပြီး လိုက်မယ့်လူက သူမတို့ အပါအဝင် အယောက်နှစ်ဆယ်။

"ဖြစ်ပါတယ် .. တစ်သက်လုံး ကားအကောင်းစားကြီး စီးလာတာမှ မဟုတ်တာ"

အားတင်းပြီး ပြောသာပြောလိုက်ရသည်။ သွားရမယ့်ခရီးနဲ့ စီးရမယ့်ကားကို တွေးကြည့်ပြီး ကိုယ်လက်တွေ နာကျင်လာသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သက်သက်သာသာ ရှေ့ခန်းက စီးပါလား"

"ဟာ .. မလုပ်ပါနဲ့ ပျော်ပျော်ပါးပါး နောက်မှာပဲ အားလုံးနဲ့ တူတူစီးတော့မယ်"

"ကဲ .. ဒါဆို တက် .."

မာလာ နဲ့ သစ်မာ တို့ တက်ကြသည်။ သစ်မာ က မာလာ့ အိမ်မှာ လိုက်အိပ်ပြီး သူတို့က မာလာ့ အိမ်ကနေ မနက်မိုးမလင်းခင်က သွားကြို လာခြင်းဖြစ်သည်။ အေးစိမ့်စပြုနေတဲ့ ရာသီဥတုနဲ့အတူ သူတို့ ခရီးက ပျော်ရွှင်စရာကောင်းပါတယ်။ ဆောင်းလေရဲ့ အကဲစမ်း မျက်စပစ်မှုကို ကျွန်တော်တို့ မေ့လျော့နေတဲ့အထိ ရယ်စရာ ပျော်စရာများနဲ့ ကားအတွင်းမှာ ပျံ့နှံ့နေပါသည်။

"ဟို Green Master လေးက ဘာပြောသေးလဲ"

မစံ က ပြုံးစစနဲ့မေးတော့ မာလာ က ပခုံးတွန့်ပြရင်း ...

"ကြည့်ရတာ ကျောင်းဘော်က ရန်စရှိတဲ့ ကိုယ်တော်လေး မခေါ်လို့နေမှာပေါ့နော့ .."

မာလာ က သစ်မာ ကို မျက်စပစ်ပြီးပြောပုံက နေကျော် ကို ရည်ညွှန်းမှန်း ရိပ်မိပါတယ်။ ဒါကြောင့်လည်း ...

"မလုပ်ပါနဲ့ဗျာ .. တော်ကြာ ကြားသွားလို့ သူ့ရဲ့မျက်စောင်းကြီးနဲ့





လျှောက်ရမ်းနေမှဖြင့် အားလုံးစူးကုန်ပါ့မယ်"

နေကျော် ဥပမာကြောင့် ကားပေါ်ကလူတွေ ရယ်ကြသည်။ ကိုထွန်းမင်း က ကွမ်းတဝါးဝါးနဲ့ ပြောပါတယ်။

"ဒါကလည်းကွာ .. တော်ရုံကုသိုလ်ကံနဲ့ ဒီလို မတည့်တဲ့ကိစ္စကို လုပ်ယူလို့ ရလို့လား"

ကိုထွန်းမင်း လုံဖျားနဲ့ မ,ပြီဆိုတာ နေကျော် သိလိုက်ပါသည်။ အောင်ညိမ်း နဲ့ ဂျပု က အရိုးမပြေတဲ့အပြုံးနဲ့ ကိုထွန်းမင်း ကို ဆက်ပြောရန် အချက်ပြသည်။

စိုးမိုး က တဟဲဟဲနဲ့ ...

"ဟဲ .. ဟဲ .. မန်ချက်စတာဒါဘီရဲ့ ၅နေနေ့ပွဲစဉ်လေးကို စပေါ်ကြပါစို့ ကိုထွန်းမင်း ရေ"

"မှန်တာပေါ့ ကိုစိုးမိုး ရယ် .. ဒါဘီဆိုတာ ဒီပါကစတာလေ၊ ဒီပါဆိုတာ နီလာရဲ့အစ်ကိုလေ"

ကျွန်တော် ရှက်ရှက်နဲ့ ရယ်မိပါတယ်။ ကျွန်တော်ရယ်တာကို အခွင့်အရေးမပေးချင်တဲ့ မာလာ က ...

"ဒါပဲလေ .. လူကြီးရှက်တော့ စပ်ဖြီးဖြီးဆိုတာ ဒါပဲဖြစ်ရမယ်"

"ဟာဗျာ .. တော်ပါဗျာ၊ ဒီဟာမလေးအကြောင်း ပြောမနေပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ဘယ်လိုတရားချချ ရမယ်မထင်တဲ့ မာနနဲ့ဟာလေးကို ..”

“ဟ .. ဒါကတော့ တရားပြတဲ့ကိုယ်တော်ကို သူရွေးနေလို့ ဖြစ်မှာပေါ့၊ မင်း မကြားဖူးဘူးလား .. ပုဂ္ဂိုလ်ခင်မှ တရားမင်တယ် ဆိုတာလေ”

ကိုသက်ဦး ကလည်း သူ့ပါ ဝင်ပြောမှ ဖြစ်မယ့်အနေအထားပုံစံနဲ့ ကိုထွန်းမင်း ရဲ့အဆိုကို ထောက်ခံလိုက်ပါတယ်။

“ဟော့ကောင်လေး .. မတည့်ဘူးဆိုတာ တော်တော်ထူးခြားတဲ့ အရာနော်၊ မင်း သေချာစဉ်းစားကြည့် ..၊ ဥပမာကွာ .. စိန်နဲ့သံပရာ၊ ရေခဲမုန့်နဲ့ချင်းသုပ် အစ .. အစ ရှိသည်ပေါ့ကွာ”

ဥပမာတွေကြောင့် ကျွန်တော် မျက်နှာရှုံ့မဲ့ရင်း ...

“ခင်ဗျားဥပမာတွေက အသက်ရှုတောင် မဝချင်တော့ဘူး၊ မာလကီးယားမယ့် ဥပမာတွေပဲ”

“ဟ .. အဲဒီမာလကီးယားမယ့်အရာတစ်ခုအတွက် ကြိုက်တဲ့အရာ ရွေးစား၊ မတည့်တဲ့အစာဖြစ်ဖို့ တော်တော်ရှားတယ်၊ အမှိုက်နဲ့ ရောနေတဲ့ ရွှေစရွှေမှုန့်အတွက် ပြဒါးရှိမှ ရွှေဖမ်းလို့ ရတာ၊ လောကက ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေထဲမှာ မင်းအတွက် သုနန္ဒာ ဟာလည်း ရွှေကိုဖမ်းဖို့အတွက် ပြဒါးဖြစ်ချင်လည်း ဖြစ်မှာပေါ့”





ကိုသက်ဦး ရဲ့အတွေးအခေါ်ကို အားလုံး လက်ခုပ်တီးပြီး အားပေးကြပါတယ်။

“တော်ပြီဗျာ .. အိပ်ရေးကမဝရတဲ့ကြားထဲ တစ်ရေးအိပ်လိုက်ဦးမယ်”

ကျွန်တော့်ကို ဆက်စ,နေမှာစိုးတာကြောင့် အိပ်ချင်ယောင် ဆောင်နေပြန်တော့လည်း လမ်းထဲက မိချို က မကြားတကြား စသည်။

“အိပ်ချင်ယောင်ဆောင်နေတဲ့သူကို အနိုးရခက်တယ်ဆိုတာ ဒါပဲဖြစ်မယ်”

“မဟုတ်ဘူး .. အိပ်ချင်ယောင်ဆောင်ပြီး စားမြုံ့ပြန်နေတာ ဖြစ်မယ်”

“ဟာ .. စားမြုံ့ပြန်ရအောင် နေကျော် က နွားမှမဟုတ်တာ..”

“အဲလိုပြောလို့ မရဘူးလေ.. နွားတိုင်း ချိုပေါက်နေတာမှ မဟုတ်တာ ..”

“ဟာဗျာ .. တော်ကြပါတော့ဗျာ ..”

နောက်ဆုံး သူ မနေနိုင်တော့ဘဲ ထအော်တော့မှ [illegible]ပျားနဲ့ ရယ်သံတွေ ဆူညံသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရင်မောတယ် သုနန္ဒာ .. မင်းနဲ့ ငါနဲ့ စိတ်တူကိုယ်တူဆိုရင်လည်း ခက်ခဲတဲ့ ခယောင်းလမ်းမှာ ဖျတ်ခနဲဆို ပန်းတွေဝေအောင် ငါ လုပ်နိုင်ပါတယ်။

အဖြူတစ်ဝက် အနီတစ်ခြမ်းဖြစ်နေတဲ့ ငါတို့နှစ်ဦးရဲ့ယုံကြည်မှုအတွက် တစ်ရောင်တည်း သီးသန့်ဖြစ်ဖို့ဆိုတာ လွယ်ပါ့မလား။

ယုံပါတယ် .. တစ်ချက်လောက် ဖျတ်ခနဲ ကြည့်ရုံနဲ့ ယုံထင်ကြောင်ထင် သံသယကင်းလွတ်ခွင့်ရှိတဲ့ အလှတရားကို နင် ပိုင်ဆိုင်ပေမယ့် ခက်ထန်မာကျောတဲ့ အပြုံးတစ်ခုဟာ ကျောက်သားနဲ့ ထုဆစ်ထားတဲ့ ပန်းတစ်ပွင့်လိုပဲမို့ လေပြည်တိုက်ရင်လည်း ယိမ်းနွဲ့လို့ ဘယ်ရမလဲနော် ..။

နင် တစ်နေ့တော့ ပွင့်ဖတ်ပွင့်လျှာတွေ နူးညံ့လာပါစေလို့ ငါ ဆုတောင်းနေမှာပါ။





မာရသွန်အပြေးသမားတစ်ယောက် ပန်းတိုင်ကို ပြေးဝင်လာသလို ကျွန်တော်တို့ကားကြီးကလည်း အငွေ့တထောင်းထောင်းနဲ့ ဆိုက်ရောက်ခဲ့ပါပြီ။

"ကဲ ... ရောက်ပြီဟေ့ .."

ဖုန်တွေကို ခါ၊ ဆူးခက်တွေကို ရှင်းလင်းပြီး ကားအောက်ကို ဆင်းကြပါတယ်။ လမ်းက တအားဆိုးတဲ့လမ်းပါ။ ကားလမ်းမက ခွဲထွက်ပြီး ဘုန်းကြီးကျောင်းဆီရောက်ဖို့ အတော့်ကို သွားရပါသေးတယ်။

ဝင်လာတုန်းက လမ်းဘေးတစ်ဖက်တစ်ချက်မှာ အ[illegible]အရိပ်ပေါက်နေတဲ့ အပင်ပေါင်းများစွာက ကားနဲ့ လုံးဝ မလွတ်..။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမကြီးက ခွဲထွက်ပြီး ဒီလမ်းထဲကို ဝင်ပြီဆိုတာနဲ့ အားလုံးကို ခေါင်းတွေအပြင် မထွက်ဖို့ရယ်၊ ကားအတွင်းမှာပဲ ဝပ်နေကြဖို့ကို မှာရပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ သစ်ကိုင်းသစ်ခက်တွေက ကားဘေးပေါင်ကို လာလာရိုက်မိပြီး တချို့အကိုင်းအခက်တွေဆို ကျိုးပြီး ကားထဲကို ရောက်လိုရောက်နဲ့ပါ။

ဒါ့အပြင် ဖုန်တွေကလည်း အထွေးလိုက်ကြီး ကားထဲဝင်နဲ့ လူတွေလည်း ဖုန်အလိမ်းလိမ်း၊ လူရုပ်တောင် မပီပြင်တော့။

ကားပေါ်ကဆင်းတော့ သစ်မာ က ဘုန်းကြီးကျောင်း ပရဝဏ်ကို လှေ့လာပြီး ...

“ဟယ် .. တအားအေးချမ်းတာပဲနော်”

“အေးဟဲ့ .. ပရဝဏ်က အတော်ကျယ်တာပဲ၊ လယ်ကွင်းတွေ အလယ်မှာ အိုအေစစ်လေးလို ဖြစ်နေတာပဲဟဲ့”

“ကဲ .. ပစ္စည်းတွေ သယ်ကြရအောင်၊ မိန်းကလေးတွေက မစံနဲ့ လိုက်သွားပြီး ဘုန်းကြီး ကို သွားလျှောက်၊ ငါတို့က ပစ္စည်းတွေကို နေရာချမယ်”

လူအုပ်စုခွဲပြီး ကျွန်တော်တို့က လှူဖွယ် ကထိန်ပစ္စည်းတွေကို





ကျောင်းထဲကို သယ်ကြပါတယ်။

ကျောင်းထဲရောက်တော့ ပစ္စည်းတွေကို နေရာချပြီးတာနဲ့ ကျောင်းဝေယျာဝစ္စအဖွဲ့က ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်စားဖို့ လာခေါ်ပါတယ်။ ကျွန်တော်တို့လည်း ဆာဆာနဲ့ အားရပါးရ စားကြပါတယ်။

စားသောက်ပြီးတော့ ရေစက်ချ အမျှဝေပါတယ်။ ကိစ္စတွေပြီးတာနဲ့ ကျောင်းပရဝဏ်အတွင်းက စေတီတော်တွေကို အားလုံး သန့်ရှင်းရေး လုပ်ကြပါတယ်။

ဒီကျောင်းဟာ တရားရိပ်သာဖြစ်တာကြောင့် ယောဂီတွေနေတဲ့ ရိပ်သာလေးတွေကို သတိပြုမိပါတယ်။

“ရိပ်သာတစ်ခုကို နှစ်ပိုင်းခွဲထားတယ်နော်”

မာလာ ရဲ့အမေးကြောင့် မစံ က ခေါင်းညိတ်ပြီး ...

“ဟုတ်တယ် မာလာ ရဲ့ .. ဘန်ဂလိုပုံစံလေးတွေလိုပေါ့၊ လုံးချင်းတစ်ခုကို နှစ်ခန်းခွဲပေးထားတယ်၊ သတိထားမိလား .. မြို့သစ်အကွက် ရိုက်ထားသလိုပဲ၊ ပတ်ကြည့်ကြည့် ..”

မစံ ပြောတဲ့အတိုင်း လျှောက်ပတ်ကြည့်တော့ စေတီတော်များတဲ့ ရိပ်သာလုံးချင်းအတွဲလေးတွေကို တွေ့ရပါတယ်။ တရားစခန်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြတဲ့ ယောဂီတွေတော့ သိပ်မတွေ့ရပါ။ တရားစခန်းပြီးတာ သိပ်မကြာသေးဘူးလို့ သိရပါတယ်။

စေတီဝေယျာဝစ္စတွေ ရှင်းလင်းပြီးတော့ ကျောင်းဝေယျာဝစ္စအဖွဲ့ကကျွေးတဲ့ ထမင်းနဲ့ ဟင်းကို စားကြပါတယ်။ ဟင်းတွေက အကောင်းစားကြီးမဟုတ်ပေမယ့် ဖွယ်ဖွယ်ရာရာပါ။ ခေါင်းမဖော်တမ်းစားကြပါတယ်။ သစ်မာ နဲ့ မာလာ က ဒီခရီးကို အတော် ကျေနပ်နေပုံပါ။

"နောက်သွားရင်လည်း မာလာ တို့ကို ခေါ်နော်"

မာလာ စကားကြောင့် အောင်ညီမ်း က စသည်။

"အေး .. သွားမယ်၊ ရေဝေးကို လိုက်မလား"

"အဲဒါ ရှင်ပဲ သွား .. အောင်ညီမ်း ရေ .."

"ဟ .. ငါတို့က နာရေးပါတွဲလုပ်တော့ မသွားမဖြစ် သွားရတာလေ၊ ခင်ဗျားတို့က ရောက်ခဲတော့ ကျွန်တော်က ခေါ်တဲ့ဟာ .."

အောင်ညီမ်း စကားကြောင့် မာလာ က မျက်စောင်းထိုးသည်။ ဘုန်းကြီးကျောင်းကပြန်ထွက်တော့ နေ့လယ်တစ်နာရီကျော်နေပါပြီ။ ဒီမှာတင် ကားရှေ့ခန်းက ဦးလေးစိုးတင့် က တစ်စခန်းထပါသည်။

သွားနေရင်းနဲ့ ကားကို လမ်းဘေးမှာ ထိုးရပ်လိုက်တာကြောင့် နေကျော် က လှမ်းမေးလိုက်သည်။





"ကားဘာဖြစ်လို့လဲ ဦးလေးစိုးတင့်"

ဦးလေးစိုးတင့် နဲ့ ယာဉ်မောင်း ကိုအောင်မြင့် က ကားတံခါးပိတ်ပြီး ဆင်းလာကာ ရယ်ကျဲကျဲနဲ့ ...

"ကားက ဘာမှမဖြစ်ဘူး၊ လူက ဆီပျောက်မီးပျောက် ဖြစ်နေလို့ ဆီဖြည့်ဖို့ .. ဟဲ .. ဟဲ .."

နေကျော် သိလိုက်ပါပြီ။ ကားရပ်ထားတဲ့နေရာနဲ့ မနီးမဝေးမှာ ထန်းရည်ဆိုင်ကို လှမ်းမြင်လိုက်ကြပါတယ်။ ကားပေါ်က သကောင့်သားတွေက သွားရည်တမြမြ။ ခေါ်စရာမလိုအောင် အလုအယက်ဆင်းလာကြပါသည်။

"ကိုအောင်မြင့် .. ခင်ဗျားက ကားမောင်းရမှာနော်၊ အလွန်အကျွံမသောက်နဲ့"

"အေးပါ နေကျော် ရာ .."

ကိုအောင်မြင့် စကားကြောင့် ထန်းရည်ဆိုင်က အဒေါ်ကြီးက နားစွန်နားဖျားကြားပြီး ...

"နေကျော် ပေမယ့် ထန်းရည်က သောက်လို့ ကောင်းပါတယ်ကွယ်"

နေကျော် မျက်နှာရှုံ့မဲ့သွားတော့ တဟားဟားနဲ့ ရယ်ကြသည်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေထဲက မစံ က ထန်းရည်နည်းနည်းပါးပါး သောက်သည်။

"ထန်းရည်ဆိုတာ လူနဲ့တည့်တယ်၊ ဆီးမှန် ဝမ်းမှန်တယ်"

သောက်ချင်တော့လည်း အကြောင်းပြချက်တွေက မစံ ပြောသလိုပေါ့။ မာလာ တို့အုပ်စုကတော့ လာချပေးတဲ့ အမြည်းမုန့်သမျှကို လက်မလွှတ်တမ်း စားကြပါသည်။

အရှိန်လေးနည်းနည်းရလာတော့ ဦးလေးစိုးတင့် က အခုလို ပြောလာပါတယ်။

"ထန်းရည်ဆိုတာ ရှေးအခါက ထမ်းပြီးရောင်းလို့ ထန်းရည်လို့ ခေါ်တာဖြစ်မယ် .."

ဦးလေးစိုးတင့် စကားကြောင့် ကိုထွန်းမင်း က ထန်းရည်လေး တစ်ငုံသောက်ပြီး ...

"ဒါဆိုရင် ရွက်ပြီးရောင်းရင်ရော .. ရွက်ရည်ဖြစ်မယ် ထင်တယ်နော် .."

"ဟေ့ကောင် .. မင်း ကန့်လန့်မပြောနဲ့"

ရှုံ့ရှုံ့ရှဲ့ရှဲ့နဲ့ ရေတ်သီးစားသားသလို ဦးလေးစိုးတင့် ပြောတော့ ကိုထွန်းမင်း ကလည်း ဦးလေးစိုးတင့် အကြောင်းကို သိသူမို့ တမင်





ကလိချင်တာကြောင့် ...

"အဲဒါပဲ .. ဦးလေးစိုးတင့် ဗဟုသုတ ဘယ်လောက်နည်းသလဲ၊ အရမ်းသိသာတာ .."

မစံ တို့က ပွဲကတော့ စပြီဆိုပြီး ကျိတ်ရယ်ကြပါသည်။

"အုန်းသီးလို့ ဘာလို့ခေါ်လဲ .. ဦးလေး သိလား"

"ပြောပါဦး .. မဟုတ်ကဟုတ်ကတွေ .."

"ဒီလိုရှိတယ် .. အုန်းသီးဆိုတာ အသီးပဲလေ"

"ဟာကွာ .. ဒါကတော့ မင်းပြောမှလား၊ ကလေးတောင် သိတယ်"

"အဲဒါပြောတာပေါ့ .. စကားဆုံးအောင်မှ နားမထောင်တာ၊ အုန်းသီးက အသီးဆိုတာတော့ လူတိုင်း သိတာပေါ့၊ ဒါပေမယ့် အုန်းသီးလို့ နာမည်ပေးဖို့ ရှေးလူတွေ တော်တော်စဉ်းစားရတာ၊ အခွံမာတဲ့အမျိုး မဟုတ်လား .. တစ်နေ့မှာ မြန်မာပညာရှိ နန်းတော်ရှေ့ ဆရာတင် က .."

ရယ်သံတွေ ထွက်လာတော့ ဦးလေးစိုး က ...

"ဟေ့ကောင် .. ဟေ့ကောင် ... နန်းတော်ရှေ့ ဆရာတင် က သီချင်းကြီးတွေ၊ ဝံသာနုသီချင်းတွေ ရေးတဲ့ ဂေးရေးဆရာကွ"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးစကားကြောင့် ကိုထွန်းမင်း က ဒါလေးတောင် မသိဘူး ဆိုတဲ့ အမူအရာနဲ့ ...

"ဟာဗျာ ... ဟို ဆရာတင် က သပ်သပ်၊ ဒီဆရာတင် က ဘုရင် ကိုယ်တိုင် အားကိုးယုံကြည်လို့ သူ့အိမ် .. အဲ .. သူ့နန်းတော်ရှေ့မှာ ထားပြီး ဆရာတင်ထားလို့ နန်းတော်ရှေ့ဆရာတင် လို့ ခေါ်တာ၊ AC DC ခေတ်ကလေဗျာ .."

"ဘာ AC DC ... ဟုတ်လို့လားကွာ"

မယုံသင်္ကာဟန်နဲ့ ဦးလေး က မေးတော့ ကိုထွန်းမင်း က ရယ်ကျဲကျဲနဲ့ ...

"ဟိုလေ .. AD တို့၊ BC တို့ခေတ်ကို ပြောတာ .."

"တော်သေးတာပေါ့ .. အေစီမီလန်တို့၊ အင်တာမီလန်တို့ မဖြစ်တာ"

ခပ်ငေါ့ငေါ့နဲ့ ပြောတော့ ကိုထွန်းမင်း က တဟဲဟဲ ..။

"ကဲ ..ထားပါ၊ အုန်းသီးအမည်တွင်ပုံကို ရှင်းစမ်းပါဦး"

"အဲဒီပညာရှိကြီး .. ဘာလဲ .. အလွမ်းသီချင်းရေးတဲ့ မောင်ကျော်ဇော က .."

"ဟော့ကောင် .. ခုနကပြောတော့ နန်းတော်ရှေ့ဆရာတင် ဆို.."





ဘေးကလူတွေ တခွီးခွီး။ လေလေးက တဖြူးဖြူး၊ ထန်းရည်မှူးလေးက တမြူးမြူးနဲ့ သိပ်ကို ဟုတ်နေကြပါသည်။

"မှားသွားလို့ပါ ဦးလေးကလဲ .. အဲဒီမှာ ဆရာတင် က အုန်းပင်ကြီးကို ငုံ့ကြည့်ပြီး အုန်းသီး .."

"ဟော့ကောင် .. မင်းအုန်းပင်က ဘာအုန်းပင်မို့ ငုံ့ကြည့်ရတာလဲ၊ ဟုတ်မှပြောနော်"

"ဩော် .. မှားသွားလို့ပါ ဦးလေးရာ .. အဲဒီမှာ အုန်းပင်ကြီးကို မော့ကြည့်ပြီး ဒီအပင်ကို ဘာအပင် နာမည်ပေးရမလဲလို့ စဉ်းစားနေတုန်း ဖြုန်းဆို .."

"အမလေးကွာ .. လန့်လိုက်တာ၊ ဖြည်းဖြည်းပြောပါဟ"

ဦးလေးစိုးတင့် လန့်သွားပုံကြောင့် အားလုံး တဟားဟား။

"မဟုတ်ပါဘူး .. ပညာရှိကြီး လန့်သွားပုံကို ပြောပြတာပါဗျာ၊ အုန်းပင်ကအသီး မြေပြင်ကို 'အုန်း' ဆိုပြီး ပြုတ်လည်းကျရော .."

"ဘာလဲ .. အုန်းပင်လို့ ပေးလိုက်ရောလား"

"ဟင့်အင်း .. လုံချည်ကျွတ်သွားလို့ ကမန်းကတန်း ပြန်ဝတ်ရသေးတယ်"

ရယ်သံတွေ ဆူညံသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လုံချည်ပြန်ဝတ်ပြီးမှ 'အုန်း'ခနဲ ပြုတ်ကျလို့ အုန်းပင် လို့ ပေး
လိုက်ပါလေရော .."

ဦးလေးက မကျေမနပ်နဲ့ အခုလို ဆိုပါတယ်။

"တော်သေးတာပေါ့ .. ဖွက်ထဲကျလို့ 'ဖွက်'လို့မြည်ရင် ဖွက်ပင်
လို့ ဒီပညာရှိကြီး နာမည်ပေးမှာ သေချာတယ်"

ဦးလေးစကားကြောင့် အားလုံး သဘောကျစွာ ရယ်ပါတော့
တယ်။

"ကဲ .. ရယ်မနေကြနဲ့ .. ပြန်ဖို့လုပ်ရဦးမယ်၊ မမှောင်ခင် ရန်ကုန်
ရောက်ဖို့ အရေးကြီးတယ်"

"ဘာလဲ .. ရန်ကုန်မြို့က ဒီနေ့မီးပျက်မယ်လို့ ပြောထားလို့လား"

အောင်ညိမ်း လှမ်းပြောတော့ နေကျော် က ပါးစပ်လှုပ်ရုံ ဆဲလိုက်
သည်။

ကျွန်တော် နောက်တစ်ကြိမ် ကားပေါ်တက်ကြပြီး အမိရန်ကုန်
ရွှေမြို့တော်ကြီးဆီလား .. အဖရန်ကုန်မြို့တော်ကြီးဆီလား ပြန်ဖို့
ဆုံးဖြတ်လိုက်ပါတယ်။

"ဟော .. ရပ်ပြန်ပြီ၊ ဘာဆိုင်ရှိလို့လဲ .."

သိပ်တောင် ဝေးဝေးမသွားလိုက်ရပါ။ ကားက နောက်တစ်ကြိမ်





ပြန်ရပ်သွားတာကြောင့် ကိုလင်း က ဘေးဘီဝဲယာကိုကြည့်ပြီး ကမန်း
ကတန်းပြောတော့ စပီကာက အသံထွက်လာပါတယ်။

"ဘာဆိုင်မှ မရှိဘူး .. ရှေ့မှာ ကားတစ်စီးပျက်နေလို့ပေါ့ .."

အေးပေါ့လေ .. ကိုယ်တွေရဲ့ နဂိုစိတ်အခံလေးကိုက ကူညီချင်တဲ့
စိတ်လေးရှိတာကြောင့် တစ်အုံတစ်မကြီး ကားပေါ်က ဆင်းကြရပြန်
ပါတယ်။

"ဟင်!... မိသု"

သစ်မာ တအံ့တသြပြောပြီး ခဲရောင်ကားလေးဘေးမှာရပ်နေတဲ့
သုနန္ဒာ ဆီကို အမြန်လျှောက်လာခဲ့ပါတယ်။

သုနန္ဒာ အားကိုးတကြီး တားလိုက်ပြီးမှ ကားပေါ်ကဆင်းလာ
ကြတာက နေကျော် နှင့် သူ၏အပေါင်းအပါများ ဖြစ်နေတာကြောင့်
နှုတ်ခမ်းက အော်တိုမစ်တစ် စူသွားပါသည်။

"ဟော့ကောင်ရေ .. မင်းကိုတွေ့တာနဲ့ စူပြီပေါ့၊ လက်ဖက်ခြောက်
စတ်လိုက်ရမလား"

အောင်ညိမ်းက တိုးတိုးကပ်ပြောတော့ ကျွန်တော် ဒီကောင့်ခြေ
ထောက်ကို လှမ်းနင်းလိုက်ပါတယ်။ စုမေ ကတော့ သူမရဲ့ဘော့စ်ဘေး
မှာ ထုံးစံအတိုင်း ဘာမှမလုပ်တတ်တဲ့ပုံစံနဲ့ ဟိုကြည့်ဒီကြည့်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ကား ဘာဖြစ်လို့လဲ"

မာလာ အမေးကြောင့် သုနန္ဒာ နေကျော့် ကို ဖျတ်ခနဲ လှမ်းကြ
ပြီး ...

"မသိပါဘူးဟာ"

"နင် ဒရိုင်ဘာ မပါဘူးလား"

သုနန္ဒာ ခေါင်းခါပြပြီး ...

"ဟင့်အင်း .. ကျိုက်ထိုကစက်ရုံကို အရေးတကြီးကိစ္စနဲ့လာပြီ
အပြန်မှာ ကားက ဘာဖြစ်မှန်းမသိဘဲ ရပ်သွားတာ .."

"အဲဒါ စက်ပျက်တာပေါ့"

"အေးပေါ့ .. စက်ပျက်တော့ စိတ်ပါပျက်ရော .."

"စက်ပျက်တာ ကောင်းလား .. စိတ်ပျက်တာ ကောင်းလား"

အရေးထဲ အောင်ညိမ်း နဲ့ စိုးမိုး က ဝင်ဖောက်နေတော့ မရွှေ
သုနန္ဒာ ရဲ့မျက်စောင်းက အရှိန်ကောင်းလာပါတယ်။

"ကဲ .. ညီမလေး လှန် .."

"ဘာ!..."

နေကျော် တို့ ယာဉ်မောင်း ကိုအောင်မြင့် စကားကြောင့် သုနန္ဒာ
ဒေါသနဲ့အော်တော့ ကိုအောင်မြင့် မျက်လုံးပြူး မျက်ဆံပြူးနဲ့ ...





"ဟို .. ဘော .. ဘော ..."

"အဲဒါ ရှင့်ဟာရှင် လှန် .."

နေကျော် မနေသာတော့ ..။

"ခင်ဗျားက တစ်မှောင့်ဗျာ၊ ကဲ .. မရွှေသုနန္ဒာ .. ခင်ဗျား သော့ဖွင့်
ပေး၊ ကားဘောနပ် ဖွင့်မလို့"

နေကျော် ဝင်ရှင်းမှပဲ အဆင်ပြေသွားပါတယ်။ စုမေ က ကား
တံခါးဖွင့်ကာ ဘောနပ်အဖုံးပွင့်ဖို့ သော့ဖွင့်ပေးပါသည်။

နေကျော်က နည်းနည်းပါးပါး ကလိတတ်ပေမယ့် ကိုအောင်မြင့်
က ကားအကြောင်း ကျွမ်းကျင်သူမို့ ဘေးကပဲ ရပ်ကြည့်နေလိုက်ပါ
တယ်။

"ဟာ .. ရေတောင် မရှိတော့ဘူး"

ကိုအောင်မြင့် ပြောတာလည်း ဟုတ်ပါသည်။ ရေမရှိတော့တဲ့
အတွက် ပြဿနာတွေက စခြင်း ဖြစ်ပါသည်။

"ကိုအောင်မြင့် .. ဒီပုံနဲ့ဆို မလွယ်ဘူး၊ ဘယ်လိုလုပ်မလဲ"

ကိုအောင်မြင့် က ခေါင်းညိတ်ပြီး ...

"ကားကို ဆွဲသွားရမှာပေါ့"

"ဒီလိုလုပ်ဗျာ .. ခင်ဗျားကားမှာ ဆွဲဖို့ ကြိုးပါလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်မြင့် က ခေါင်းညိတ်ပြီး လက်ပြကာ သူ့ရဲ့ကားရှေ့ခန်း ထဲကကြိုးကို သွားယူပါတယ်။

"ကဲ .. သုနန္ဒာ၊ ခင်ဗျားကားက ဆက်မောင်းလို့ မရတော့ဘူး"

"ဘာလို့ ဆက်မောင်းလို့ မရမှာလဲ၊ ကျွန်မကားက အသစ်ကြီး ဟာ .."

အရေးထဲ သူမက သူမရဲ့ကားအသစ်ဖြစ်ကြောင်း ကြွားနေသေး တာကြောင့် ...

"ဩော် .. ကားက ဘယ်လောက်သစ်သစ် ကားရဲ့ဓာတ်ကြိုး လေးပါးမှာ ရေဓာတ်ကို အတော်ကြီး ခန်းခြောက်အောင် အတင်းစွတ် မောင်းတော့ သူလည်း ကွဲရှာတော့မှာပေါ့ .. ရေတိုင်ကီ၊ ကဲ .. ပဲခူး အထိ ကျွန်တော်တို့ကားနဲ့ ဆွဲသွားမယ်၊ ပဲခူးက ကျွန်တော့်အသိ ကားဝပ်ရှော့မှာ အပ်ထားခဲ့မယ်၊ မနက်မှ လာပို့ခိုင်းလိုက်မယ်၊ ဟုတ် ပြီလား"

ဖြစ်လာမှတော့ မပတ်သက်ချင်လည်း ပတ်သက်ရတော့မှာပေါ့။ ကိုအောင်မြင့် တို့က ကားကို ကြိုးနဲ့ချည်နေပါတယ်။

"ဒါဆို ကျွန်မတို့က ဘာစီးရမှာလဲ"

အရေးထဲ သူမက မြင်းတို့၊ နွားတို့ စီးချင်ပုံနဲ့ ပြောနေပါတယ်။





"ခင်ဗျားဘာသာ ကြိုက်တာ စီး .. ဒီနေရာမှာ တက္ကစီတော့ ငှားလို့ မရဘူးနော် .. လိုက်ချင်ရင် လိုက်ခဲ့"

ပြောပုံကိုက ကြည့် ..၊ သုနန္ဒာ အချိုးမပြေတဲ့ ဒီလူကို မျက် စောင်းပဲ ပိတ်ထိုးလိုက်ပါတယ်။

"လာပါဟယ် .. ငါတို့နဲ့ပဲ အတူလိုက်ခဲ့ပါ မိသု ရယ် .."

"အေးလေ .. နင် တခြားကား တားစီးလည်း ပဲခူးရောက်ရင် ကားအပ်ဖို့ ဆင်းရမှာပဲဟာ .."

သုနန္ဒာ မကျေမနပ်နဲ့ပဲ စုမေနဲ့အတူ ကားပေါ်တက်ခဲ့ရပါတယ်။ ကားပေါ်ရောက်တော့ ထန်းရည်နံ့တွေက တထောင်းထောင်း။

ပဲခူးရောက်တော့ နေကျော် နဲ့ အောင်ညိမ်း က ကားကို စောင့် ယူမယ်ဆိုပြီး နေခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



“ဟိုမှာ .. နှမ်းကပ်ကြော် .. အဲလေ .. ကိုနေကျော်”

အရေးထဲ စုမေ က သူမ စားချင်တာတွေ ရွတ်နေပါသေးတယ်။ သုနန္ဒာ သူမရဲ့ကားဒက်ရှ်ဘုတ်ထဲမှာ မှတ်ပုံတင်ပါသွားတာရယ်၊ ဒီနေ့ အလုပ်ကိစ္စနဲ့သွားရမယ့် ဌာနတစ်ခုက မှတ်ပုံတင်မပါလို့ မဖြစ်တာရယ် ..၊

ပြီးတော့ ကားကိုပြန်ယူရဦးမှာရယ်ကြောင့် သစ်မာ ကနေ တစ်ဆင့် နေကျော့် ဖုန်းနံပါတ်ကို လှမ်းတောင်းပြီး ဒီထောင့်မကျိုးငနဲ့ကို ဖုန်းဆက်တော့ ဒီလူက ဆေးရုံကို လိုက်ခဲ့ပါတဲ့လေ။

သူမတို့ကားစီးလာတဲ့ တက္ကစီကို ဆေးရုံရှေ့မှာစောင့်နေတဲ့ သူ့ရှေ့မှာ ရပ်ခိုင်းပြီး ဆင်းလာတော့ ...

“ကဲ .. လာ .. အမြန်လိုက်ခဲ့”





အရေးတကြီးပုံစံနဲ့ အတင်းဆွဲခေါ်နေတဲ့ နေကျော် ကြောင့် သုနန္ဒာ စိတ်တိုတိုနဲ့ ...

“ဘာလို့လိုက်ရမှာလဲ .. ကျွန်မကား ပြန်ပေး၊ ပြင်ခ ဘယ်လောက်ကျလဲ”

နေကျော် သူ့ကို ဘုဆတ်ဆတ်ပြောနေတဲ့ ဒီဟာမလေး စကားကြောင့် နှုတ်ခမ်းတစ်ဖက်တွန့် ကွေးရင်း ...

“မင်းကားကို ပြန်လိုချင်တယ် မဟုတ်လား”

သူမ မကျေမနပ်နဲ့ ပြန်ကြည့်နေလိုက်ပါတယ်။

“လိုက်ခဲ့ပါ .. စကားတွေပြောနေရတာ ကြာတယ်”

စုမေ က ဘုမသိဘမသိနဲ့ ...

“ဟိုလေ .. ကိုနေကျော် .. မမသု ရဲ့ကားကို ဆေးရုံတင်ထားရလို့လား”

“ဟာ .. နင်ကတစ်မျိုး”

စုမေကို မကျေမနပ်နဲ့ သုနန္ဒာ လှမ်းဟောက်တော့ နေကျော် ပြုံးစိစိနဲ့ ရှေ့ကလျှောက်သွားပါတယ်။ သုနန္ဒာ မကျေမနပ်နဲ့ နောက်က မပြေးရုံတမယ် လိုက်ခဲ့ရပါတယ်။

ဆေးရုံထဲဝင်ပြီး ခုတင်တစ်လုံး ရဲ့ဘေးမှာ သူကရပ်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



လူနာခုတင်ဘေးက သစ်မာ က တအံ့တသြနဲ့ ...

"ဟင် .. နင်က ဘယ်လိုကနေ ဘယ်လို .."

သုနန္ဒာ မျက်နှာပေါ်က ဒေါသကြောင့် နီရဲနေတဲ့အရိပ်အခြေကြောင့် သစ်မာ စကားကိုရပ်ပြီး ကြောင်တောင်တောင်နဲ့ နေကျော် ကို ကြည့်တော့ ...

"ကဲ .. သစ်မာ၊ လူနာအတွက် လိုအပ်နေတဲ့ AB သွေး သုနန္ဒာ လှူလိမ့်မယ်"

"ဘာ!..."

သုနန္ဒာ ကြုံးအော်မိပြီးမှ နံရံပေါ်က 'ဆူညံမှုမလုပ်ရ'ဆိုတဲ့ စာတန်းကြောင့် ကျိတ်မှိတ်နေလိုက်ရပါတယ်။ စုမေ က သူမကို တိုးတိုး ကပ်ပြောသည်။

"မမသု .. ရုံးကိုသွားဖို့ အချိန်သိပ်မရဘူးနော်"

သုနန္ဒာ ရင်ထဲက တလိပ်လိပ်တက်လာတဲ့ဒေါသကို ကျိတ်မှိတ် မျိုချပြီး နေကျော် ကို ကြည့်တော့ နေကျော် က ပြုံးစိစိ။

လုပ်ထားဦးပေါ့ ..၊ တေးထားလိုက်ရင်း ...

"ကဲ .. သစ်မာ၊ ငါ သွေးလှူမယ်"

သစ်မာ ကမန်းကတန်း ခေါင်းညိတ်ပြီး စာရွက်စာတမ်းဖြည့်၊





သွေးပေါင်ချိန်ကာ သွေးစစ်ဖို့ ပြင်ဆင်ပေးပါတယ်။ ဒါတောင် နေကျော် က တိုးတိုး လှမ်းပြောပါသေးတယ်။

"စိတ်ငြိမ်ငြိမ်ထားနော် .. စိတ်လှုပ်ရှားရင် သွေးပေါင်မငြိမ်ဘူး"

"သေလိုက်ပါလား .."

သူမ ပက်ခနဲပြောတော့ နေကျော် က တဟားဟားနဲ့ သဘောကျနေပါတယ်။ သူမ သွေးလှူပြီးတော့ နေကျော် ကို မတွေ့တာကြောင့် ဒေါသထပ်ဖြစ်မိပါတယ်။

သစ်မာ က ...

"ကျေးဇူးပါပဲ မိသု ရယ် .. ဒီလူနာအတွက် သွေးအရမ်းလိုနေလို့ဟဲ့၊ အဲဒါနဲ့ နေကျော် ကို ဖုန်းဆက်တော့ လှူမယ့်လူ ရှိတယ်တဲ့၊ ဒါကတော့ နင်လို့ မထင်ဘူးလေ"

သစ်မာ က ဘာမှန်းမသိဘဲ စွတ်ပြောနေပါသည်။

"ဪ .. ရော့ .. မေ့လို့၊ နေကျော် ပေးသွားတာ၊ နင့်ကား အောက်မှာ ရပ်ထားတယ်တဲ့"

မာ က သူမရဲ့ကားသော့ကို လှမ်းပေးပါတယ်။

" သူငယ်ချင်းရယ် .. ဒီလိုဆိုတော့လည်း သူငယ်ချင်း က လူမှုရေး တဲ့မောက်လေး ရှိသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဆိုင်ဘူး .."

သူမ စိတ်တိုတိုနဲ့ ပြောပြီးထွက်လာတော့ သစ်မာ ပါးစပ်အဟောင်းသားနဲ့ ကျန်ခဲ့မှာ သေချာပါတယ်။

"မမ .. ဘယ်လိုကဘယ်လို .. ဒီလူ မမသွေးကို သိသွားတာလဲ"

သူမ နှုတ်ခမ်းမဲ့လိုက်မိသည်။

မနေ့က ကားပြင်ရင်း ကားဒက်ရှ်ဘုတ်ထဲက သူမရဲ့မှတ်ပုံတင်ကို တွေ့သွားတာ နေမှာပေါ့။

နေနှင့်ဦးပေါ့ နေကျော် ရယ် ..၊

သူမ စိတ်ထဲမှာ တေးထားလိုက်မိပါသည်။








မမေ့နိုင်ဖို့အတွက်

အပြည့်စုံနိုင်ဆုံး အပြုံးကို ပြုံးပါကွယ် ..

ခပ်လွယ်လွယ်စကားကို ဆိုသူ မဟုတ်ရပါ ..

ငါဟာ အချစ်ကြောင့် ဒုက္ခရောက်နေသူပါ သုန္ဒာ ..။





www.burmeseclassic.com

www.burmeseclassic.com



သုနန္ဒာ မျက်နှာပြင်ပေါ်က ရှုံးရှုံးရှဲ့ရှဲ့နဲ့ ခပ်စပ်စပ် ဒေါသတွေကို မာလာ နဲ့ သစ်မာ က ကြည့်ပြီး ရယ်ပါတော့ဟယ်။

"နှင်တို့နော် .. ဒီမှာ ဒေါသထွက်နေရတဲ့ကြားထဲ .."

ပြောလေပိုဆိုးလေပါပဲ၊ မာလာ မျက်ရည်ထွက်မတတ်ရယ်ရင်း...

"အဲဒါဆိုရင် ကြားထဲက ဒေါသမထွက်အောင် အိုးဖာတိပ်နဲ့ကပ်လိုက်ပါလား မိသု"

မာလာ စကားကြောင့် သုနန္ဒာ လှမ်းရိုက်လိုက်သည်။

သုနန္ဒာ သွေးလှူပြီးတဲ့အချိန်မှာ သစ်မာ လည်း ဂျူတီပြီးတဲ့အချိန်နဲ့ တိုက်ဆိုင်သွားလို့ သစ်မာ နဲ့အတူ မာလာ့ ကုမ္ပဏီအထိလာပြီး မာလာ တို့ကုမ္ပဏီနားက စားသောက်ဆိုင်မှာ ဟိုသကောင့်သားရဲ့လုပ်ရပ်ကို ဖောက်သည်ချနေခြင်း ဖြစ်သည်။





"ငါလေ .. သွေးလှူရင်းနဲ့ အဲဒီဂြိုဟ်ကောင်ဆိုးမျက်နှာကို ကုတ်ဆွဲပစ်ချင်လိုက်တာ တကယ်ပဲဟာ"

"အေးပေါ့လေ .. ကုတ်ဆွဲတာတို့၊ ဆိတ်ဆွဲတာတို့ဆိုတာ .."

စပ်ဖြဲဖြဲနဲ့ပြောပြီး ရယ်ပြန်တော့ သုနန္ဒာ ရှက်ကိုးရှက်ကန်းနဲ့ သစ်မာ ကို ဆွဲဆိတ်ပါသည်။

"ဟဲ့ .. ငါ့ကို ဆိတ်ရမှာ မဟုတ်ဘူး၊ နင်ဆိတ်ရမှာ ကိုကိုနေကျော်ကိုလေ .. ဟဲ့ .."

သုနန္ဒာ ဟန်မဆောင်နိုင်တော့ဘဲ ရှက်ရှက်နဲ့ရယ်တော့ မာလာ သုနန္ဒာ ကို ချစ်စနိုးနဲ့ကြည့်ပြီး ...

"အင်း .. အခုမှပဲ ငါတို့သူငယ်ချင်း ကျောက်ရုပ်ကြီး လူစိတ်လေးနဲ့ ပြုံးနိုင်တော့တယ်"

သုနန္ဒာ မျက်စောင်းထိုး နှုတ်ခမ်းကိုက်မိရင်း ...

"ခွေးမ .. ငါ့ကိုများ ကျောက်ရုပ်တဲ့"

မာလာ ပခုံးတွန့်ပြရင်း ...

"မဟုတ်လို့လား .. အခုဆိုရင် စေတနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ နင့်သွေးနဲ့ လူတစ်ယောက်အသက်ကို ကယ်ခဲ့ပြီးပြီ နင် တွေးပြီး လေးလေးနက်နက် စဉ်းစားကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မာလာ ပြောမှ သူမ စဉ်းစားကြည့်မိသည်။ ကိုယ်ကူညီလိုက်လို့ တခြားလူတစ်ယောက် အသက်ဘေးက လွတ်မြောက်လာသည်ဆိုတော့ ရင်ထဲမှာ တစ်မျိုးတော့တစ်မျိုးပဲ၊ နွေးသွားသလိုလို၊ ရှိန်းတိန်းတိန်း ဖြစ်သလိုလို။

သူမကို အကဲခတ်နေတဲ့ သစ်မာ က ကျေနပ်ပီတိနဲ့ကြည့်ရင်း...

"ဟွေ့လား .. မိန်းမ၊ နင့်မျက်နှာပေါ် ကအပြုံးက ဘယ်လောက် လတ်ဆတ်သလဲ၊ နင် မသိပေမယ့် ငါတို့ တွေ့နေရတယ်"

"ဒါပေါ့ .. ဈေးပေါင်ကျိုးတဲ့အပြုံး မဟုတ်ဘူး၊ ဈေးဦးပေါက်တဲ့ အပြုံး .."

"ဟဲ့ .. မာလာ၊ ဒီမှာ စကားအကောင်းပြောနေတယ်နော်"

"အကောင်းဆိုတာ ဘယ်ကောင်လဲ၊ နင့်ကောင်လား"

မာလာ ရွှတ်နောက်နောက်နဲ့ပြောတော့ သစ်မာ က မဲ့ရွဲ့ရင်း...

"ငါ့မှာ ဘာကောင်မှမရှိဘူးဟေ့ .. စိတ်လည်းမဝင်စားဘူး"

"ဆိတ်တောင်မစားဘူးဆိုတော့ နင့်ရင်ထဲကအခင်းက သုံးစားလို့ မရတဲ့အထိ ဖြစ်နေတယ်ထင်တယ်"

သစ်မာ ရည်းစားမထားခြင်းကို မာလာ က နွှင်ဝင်တုန်း သာသာလေး နှက်တော့သည်။





"သုံးစားလို့မရတာ မဟုတ်ဘူး၊ မချစ်တတ်တာ .."

သုနန္ဒာ က သူ့ဘက်လှည့်မလာတာမို့ ပြုံးပြုံးလေး ဘေးကြည့် ပရိသတ် လုပ်နေပါသည်။

"ဒါပဲလေ .. မချစ်တတ်သောအုန်းသီးနဲ့ ထမင်းငတ်သော ယောကျ်ားဆိုတာ နင့်ကို ရည်ရွယ်ပြီး ပြောတာဖြစ်မယ်"

သစ်မာ က သူ့ကို ကာမင်ပြောနေတာတောင် တဟားဟားနဲ့ ခွက်ထိုးခွက်လန်ရယ်တော့ မာလာ မျက်စောင်းထိုးရင်း ...

"နင့်ကို နာအောင် တမင်ပြောနေတာဟဲ့"

သစ်မာ က ဗခုံးလေးတွန့်ပြရင်း ...

"နေပါဟာ .. ဒါနဲ့ လာကုန်ရင် ငါ ခွင့်ဆယ်ရက်ရတယ်ဟာ"

"အဲဒီတော့ ထုံးစံအတိုင်း နင် သီလရှင်ဝတ်မယ်ပေါ့"

သုနန္ဒာ က သစ်မာ အကြောင်း သိနေသည်မို့ ဝင်ပြောပါသည်။ သစ်မာ ရဲ့ ဆံပင်ပုံစံက ကျောလယ်အထိ ရှည်သည်လို့မရှိ၊ ယောကျ်ား ဆံပင်သာသာပဲ အမြဲတွေ့ရတတ်သည်။ သစ်မာ က တစ်နှစ်တစ်ခါ ခွင့်ယူပြီး သီလရှင်ဝတ်နေကျလေ။

"ဟင့်အင်း .. ဒီတစ်ခေါက်တော့ တရားစခန်းသွားပြီး တရားထိုင်ရင် ကောင်းမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တရားစခန်းလဲ သစ်မာ"

မာလာ စကားကြောင့် သစ်မာ ရေနွေးတစ်ငုံသောက်ရင်း ပြန်ပြောသည်။

"ဟိုတစ်ခေါက်က ကိုနေကျော် တို့နဲ့ သွားခဲ့တဲ့ကျောင်းလေးကို သဘောကျတယ်ဟ"

"ဪ .. ကသစ်ပိုင်လား"

"အင်း .. အဲဒီကျောင်းမှာ အမြဲတရားစခန်းဝင်နေတဲ့ အဒေါ်ကြီးတစ်ယောက်က ဆေးရုံမှာ လူနာလာတွေ့ရင်း စကားစပ်မိလို့ ဒီတစ်ခေါက် ငါပါလိုက်မယ်ဆိုပြီး အတူတူသွားဖို့ ချိန်းပြီးပြီ"

"သာဓု .. သာဓုပါရှင်၊ တစ်ခွန်းတော့ ချန်ခဲ့မယ်နော်"

မာလာ ပြောင်စပ်စပ်နဲ့ပြောတော့ သစ်မာ က ရေနွေးလက်ကျန်နဲ့ လှမ်းပက်ပါသည်။





BURMESE CLASSIC .com

သုနန္ဒာ ကုမ္ပဏီရုံးခန်းထဲဝင်တော့ ဒက်ဒီ ဒေါသတကြီးနဲ့ ကုမ္ပဏီက သူ့ဝန်ထမ်း ကိုနိုင်စိုးထွန်းကို ဆူနေတာ ကြားလိုက်ရသည်။

"ဘာကွ ..၊ လူမှုရေးကြောင့် ဟုတ်လား .. ဘာလူမှုရေးလဲ၊ အဲဒီလူမှုရေးက သူတို့ကို နေ့စဉ် ထမင်းကျွေးနေလို့လား၊ ထမင်းစားချင်ရင် ထမင်းကျွေးတဲ့အလုပ်ကိုတော့ လေးစားရမှာပေါ့၊ တောက် .. နိုင်စိုး"

"ဗျာ .. ဆ .. ဆရာ ..."

ကိုနိုင်စိုးထွန်း က ဦးသုနောင် ကို ယိုကြောက်ပိပိ ကြောက်ကြောက်လန့်လန့်နဲ့ ထူးတော့ ...

"မင်း အဲဒီဝန်ထမ်းကို တစ်လစာကြို ပေးပြီး အလုပ်ထုတ်လိုက်တော့၊ ကဲ .. သမီး၊ ဒက်ဒီ အစည်းအဝေးတစ်ခု တက်စရာရှိတယ်၊ ဝင်ကာပူကဖုန်းလာရင် သမီးပဲ အကောင်းဆုံး ဆုံးဖြတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ .. ဒက်ဒီ .."

ဒက်ဒီ ပြောပြီး သူ့အိတ်ကိုကောက်ယူကာ တံခါးကို ခပ်ကြမ်းကြမ်း တွန်းဖွင့်ပြီးထွက်သွားတော့ ကြောင်တောင်တောင် ရပ်နေတဲ့ ကိုနိုင်စိုးထွန်း ကို သူမ ထိုင်ခုံမှာ ဝင်ထိုင်ရင်း မေးမိသည်။

"ဒက်ဒီ ဘာတွေစိတ်ဆိုးနေတာလဲ ကိုကြီးနိုင်"

ကိုကြီးနိုင် က ဒက်ဒီတပည့်ရင်းလည်း ဖြစ်၊ ငယ်ငယ်ကတည်းက သူမကို ထိန်းကျောင်းလာသူမို့ ပွင့်ပွင့်လင်းလင်း ရှိသည်။ ဒါကြောင့် သူမရှေ့မှာ ဝင်ထိုင်ရင်း ...

"ညည်းဒက်ဒီအကြောင်းလည်း ညည်း သိတယ်မဟုတ်လား၊ လူမှုရေးတွေဘာတွေ နားလည်တာ မဟုတ်ဘူးဟ"

ပြောပြီး စကားလွှန်သွားမှ အလန့်တကြားနဲ့ အဝင်အထွက်တံခါးကို လှမ်းကြည့်တော့ သူမ သဘောကျစွာ ရယ်ရင်း ...

"ဒက်ဒီ ပြန်လှည့်မလာပါဘူး ကိုကြီးနိုင် ရယ် .. ပြောမှာသာပြောပါ"

"ပြောလို့မရဘူးလေ .. ဆရာက သူ့အကြောင်းပြောနေတာသိလို့ မသွားဘဲ လှည့်ပြန်လာမှဖြင့် ငါတော့သေပြီ မိသု ရေ"

ဒက်ဒီကို ကိုကြီးနိုင် သာ မဟုတ်ပါ၊ ကုမ္ပဏီတစ်ခုလုံးက ကြောက်





ရသည်။

အစုရှယ်ယာရှင် တော်တော်များများကတောင် ဒက်ဒီ့ကို ရှိန်ကြတဲ့အထိ ဒက်ဒီက အနေတည် ပြတ်သားသည်။

"ဒီလိုဟာ .. Finance က ဖြူဖြူထွေး ကို နင်သိတယ် မှတ်လား"

သူမ မျက်ခုံးတွန့် စဉ်းစားရင်း ...

"ဟို ရယ်ရင် ပါးချိုင့်လေးတွေပေါ် အောင်ရယ်တဲ့ ကောင်မလေးလား"

"အေး .. အေး .. ဟုတ်တယ်၊ ဒီလိုဟ .. ကောင်မလေးက ဒီနေ့ ရုံးနောက်ကျတယ်ဟ၊ ဖြစ်ချင်တော့ ဒီနေ့မနက် ဆရာ့ဆီ အပြီးပေးရမယ့် အဝင်အထွက်စာရင်းတွေကို သွားယူတာ၊ ဖြူဖြူထွေး က မရောက်သေးတော့ ဆရာ့ဆီ အချိန်မီ မပို့နိုင်ဘူးလေ၊ နောက်ကျတယ် ဆိုပေမယ့် နာရီဝက်လောက်တော့ ရှိတာပေါ့၊ ဖြူဖြူထွေး ကုမ္ပဏီကို ရောက်တော့ ငါ့ကိုပြောပြတယ်၊ အရေးပေါ် သွေးလိုအပ်နေလို့ လူမှုရေးအရ မငြင်းကောင်းတာနဲ့ သွေးလှူနေလို့ နောက်ကျတာတဲ့"

သုန္ဒာ သက်ပြင်းချမိပြန်သည်။ လာပြန်ပြီ ..ဒီ[illegible]

"အဲဒါနဲ့ ဒက်ဒီက ပေါက်ကွဲရောဆိုပါတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"အေးဟာ .. ငါလည်း ကောင်မလေးကို နင့်ကို အလုပ်ထုတ်လိုက်ပြီလို့ ဘယ်လိုပြောရမှန်း မသိဘူး"

သုနန္ဒာ ကို စိတ်ဓာတ်မာသူ၊ လူမှုရေးနားမလည်သူလို့ မာလာတို့ ပြောပေမယ့် ဒက်ဒီလောက်တော့ မဆိုးပါ။

ဘာတတ်နိုင်မလဲလေ ..၊ နောက်မှ ဒက်ဒီမသိအောင် ဖြူဖြူထွေး ကို မာလာ တို့ကုမ္ပဏီမှာ အလုပ်တစ်နေရာဖြစ်ဖြစ် ပြောပေးလိုက်တာ အကောင်းဆုံး အနေအထား ဖြစ်မယ်လို့ တွေးမိလိုက်သည်။





"ဟဲ့ .. ဘာလို့ငိုတာလဲ၊ ကေနှ နင် ဒီနေ့သွေးလှူလိုက်ရလို့ ကျေနပ်ပီတိဖြစ်ပြီး ငိုနေတာလား၊ ဘာငိုစရာရှိလဲ ဖြူဖြူထွေး ရယ်"

ကျွန်တော့်စကားကြောင့် ဖြူဖြူထွေး က နှာခေါင်းတရှုံ့ရှုံ့နဲ့ ပိုပြီး ငိုပါတော့သည်။ စိုးမိုး က မျက်ခုံးမြင့်တက်သွားရင်း ...

"ဟာ .. မဟုတ်တာ .. ငါသိပြီ၊ ဖြူထွေး သွေးလှူလိုက်လို့ သူတို့ တော့စ်က ဖြူထွေး ကို လေးစားဂုဏ်ယူပြီး ခွင့်တစ်ပတ် ဆုချလိုက်တာ ဖြစ်မယ်"

စိုးမိုး စကားကြောင့် ဖြူထွေး အော်ကြီးဟစ်ကျယ် ငိုပါတော့သည်။

"အောင်မလေး အမေရဲ့ .. သွေးလေး တစ်ခါလှူပြီးပါတယ်၊ အလုပ်ပါပြုတ်လာတာကို မညှာမတာ ဝေဖန်နေကြတယ် အမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဖြူထွေး ငိုသံကြောင့် သူတို့ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ထဲက ရပ်ကွက်ထဲကလူတွေ ပြုံးစိစိ ဖြစ်ကုန်ကြပါသည်။

နေကျော် ခေါင်းနပန်းတွေ ကြီးသွားသည်။ ပြဿနာက သူ့ဘက် လှည့်လာသည်လေ။ ဒီမနက် သစ်မာ က ဖုန်းဆက်ပြီး ဆေးရုံက လူနာတစ်ယောက် အရေးပေါ်ခွဲစိတ်ရမှာမို့ သွေးတစ်ပုလင်းလိုသည် လို့ အကြောင်းကြားတာကြောင့် သူလည်း လိုအပ်တဲ့သွေးကို အရေး ပေါ် လိုက်ရှာရသည်။

သွေးလှူမယ့်လူက တော်တော်နဲ့ မရ။

ရပ်ကွက်ဆိုတော့ လူလတ်တန်းစားနဲ့ အောက်ခြေဝန်ထမ်းတွေ ပဲများတာကြောင့် ညက တစ်ညလုံး အလုပ်လုပ်ထားလို့ သွေးလှူလို့ မရတာနဲ့၊ ဘာဖြစ်လို့ ညာဖြစ်လို့ အကြောင်းအမျိုးမျိုးတွေကြော သူ ဒုက္ခတွေ့နေစဉ် မဏီမေခလာ ဖြူဖြူထွေး အလုပ်သွားဖို့ လျှောက် လာတာမြင်တော့ သူမရဲ့သွေးအမျိုးအစားကို မေးကြည့်မိသည်။

လိုအပ်နေတဲ့သွေးနဲ့ ကွက်တိဖြစ်တာကြောင့် အကူအညီတောင် ပြီး ဆေးရုံလိုက်ခဲ့ဖို့ခေါ်တော့ ဖြူဖြူထွေး အကြောက်အကန် ငြ သည်။

"လှူတော့လှူချင်ပါတယ် ကိုနေကျော်ကြီး ရယ် .."





"အဲဒါဆိုလည်း လှူလိုက်ပါလား ဖြူဖြူထွေးလေး ရယ်"

ဖြူဖြူထွေး နှာရှိုတကြည့်ကြည့်နဲ့ ခေါင်းကုတ်တော့ ...

"ကဲပါ ဖြူဖြူထွေးလေးရယ် .. အူတူတူလေးလုပ်မနေနဲ့၊ ပြော နေတဲ့အချိန်ကတောင် ကြာနေသေးတယ်"

"ဟုတ်တော့ဟုတ်ပါတယ် ကိုနေကျော်ကြီး ရှယ် .. ကိုနေကျော် ကြီးလို အူတူတူလုပ်လို့ရတာ မဟုတ်ဘူးလေ၊ သမီးတို့ကုမ္ပဏီရဲ့ ဘော့စ်က ကြီးတယ်"

"အမ်!..."

"ဟို .. ဟို .. ဒေါသ .. စည်းကမ်း .."

"အဲလိုလုပ်ပါဟာ .. ကဲ .. ခဏလေးပါ၊ နင် သိပ်နှောက်ကျလည်း ဆယ့်ငါးမိနစ်ပေါ့"

အဲသလိုပြောပြီး အတင်းဆွဲခေါ်လာရပါသည်။ ဆေးရုံရောက် တော့ ကားတိုက်ခံရတဲ့ကလေးမလေးက အရေးပေါ်ခွဲစိတ်ဖို့ အသင့် ဖြစ်နေပါပြီ။ ကံကောင်းတယ်ဆိုရမှာပေါ့။

ဒါပေမယ့် ကလေးမလေး ကံကောင်းသလောက် ဖြူဖြူထွေး လေးမှာ ကံမကောင်းရှာ။

အခုတော့ သူထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ထဲထိ လိုက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူထွေး ငိုချင်းချပါတော့သည်။

"အဟီး ... ဒီနှစ် ယောကျ်ားယူမယ်ဆိုပြီး ပျက်ရက်မရှိ အလုပ်ဆင်းပြီး ဘောနပ်ရအောင် လုပ်လာတာ .. ရှုတ် ... အခုတော့ ဘောနပ်မရတဲ့အပြင် ... အဟီး .. ဟီး ..."

ဖြူဖြူထွေး ရဲ့ မချိတင်ကဲငိုသံက သူပါရောပြီး ငိုချင်လာပါသည်။

"မငိုပါနဲ့ဟာ .. တစ်ရက်နှစ်ရက်အတွင်း နင် ကုမ္ပဏီအလုပ်တစ်ခုခု ရစေရမယ်ဟာ၊ ငါ့အသိ ကုမ္ပဏီပိုင်ရှင်တွေ အများကြီးပါဟ၊ မငိုနဲ့နော် .. တိတ် .. တိတ်၊ ဒါနဲ့ နင့်သူဌေးကို နင် မပြောပြဘူးလား"

ဖြူဖြူထွေး က အလုပ်ပြန်ရမည်ဆိုတော့ ရှေ့ရေးကိုမျှော်တွေးပြီး အငိုတော့ရပ်သွားပါသည်။ ဒါပေမယ့် ရှိုက်သံလေးကတော့ ဒဏ္ဍာရီဆန်ဆန် ကျန်ရစ်ခဲ့ပါသေးတယ်။

"အင့် .. ပြော .. ပြော .. ပြောတော့ပြောတာပေါ့၊ ဒါပေမယ့် သူဌေးက လူတစ်မျိုး ကိုကြီး ကိုနေကျော်ကြီး ရယ်"

ဖြူဖြူထွေး စကားကြောင့် အောင်ညိမ်း က အလန့်တကြားနဲ့...

"နင့်သူဌေးက လူတစ်မျိုးဆိုတော့ ဘယ်လိုလူလဲ၊ ဟိုဟာမရှိလို့လား"

"ရှင်!... ဟင် .. ဟင် ..."





ရှိုက်သံလေးနဲ့ အံ့သြပြနေတော့ အောင်ညိမ်း က ကမန်းကတန်း

"ဟိုလေ .. ခြေထောက်တို့၊ ပါးစပ်တို့ အဲဒါ ..."

"ရှိ .. ရှိတာပေါ့၊ လူတစ်မျိုးဆိုတာ လူမှုရေးမသိတဲ့လူ၊ အားနေရင် ဒေါသကို ဒေါသလိုမထွက်ဘဲ ဒေါသထွက်ပြနေတဲ့သူ .."

"ဘယ်လို ..၊ ဒေါသကို ဒေါသလိုမထွက်ဘဲ ဒေါသထွက်နေတာ၊ ရှုပ်နေတာပဲ ဖြူဖြူသေးသေးလေးရယ်"

"ဘာ!..."

"ဟို .. ဖြူဖြူထွေးလေး ရယ်လို့ ပြောတာ .."

အရေးထဲ စိုးမိုး က စကားချော်သွားတာကြောင့် ဖြူဖြူသေးသေးလေး .. အဲလေ .. ဖြူဖြူထွေး က မျက်စောင်းထိုးပါသည်။

"ဘာသိလို့လဲ .. ဒေါသဆိုတာ တစ်ခါထွက် နှစ်ခါထွက် တော်ရောပေါ့၊ ဒီလူကြီးက အခွန်မဆောင်ရတိုင်း ဒေါသကို ဘုံးပေါလအောထွက်ပြနေတော့ မျက်နှာက ဟာစ်တလာ၊ ပါးစပ်က အမေဂျမ်းပါးစပ်၊ မျက်လုံးက အာဠာဝက မျက်လုံး၊ ဒေါသထွက်မှုနဲ့ အရေးယူစတမ်းဆိုရင် ထောင်ထဲကကို ထွက်ရမှာ မဟုတ်ဘူး၊ မွေးကတည်းက ရုပ်လို့မအော်ဘဲ ရုပ်ဆိုးဆိုးမျက်နှာနဲ့ မွေးတဲ့လူကြီး၊ အမလေး.. အမေရဲ့၊ သမီးကို ဒီလူကြီး အလုပ်ထုတ်ပစ်ရက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကတည်းက အစာမကြေခဲ့တာလည်းမသိ၊ အစာကြေဆေးလည်း သောက်လို့မရတော့တဲ့အထိ မှိုချိုးမျှစ်ချိုး ရှိသမျှချိုးကာ ပြောချလိုက်ပြီး ငိုလိုက်တာ သူ့နဲ့ စိုးမိုး မနည်းတားရပါသည်။

"တော် ... တော်ပါတော့ဟာ၊ ဒါနဲ့ နင့်ကို အလုပ်ထုတ်တယ်ဆိုတော့ နင့်အလုပ်ရှင်က ခြောက်လစာ နစ်နာကြေးပေးရမှာပေါ့"

"ဟာ .. ဒါဆို ပွတာပဲ"

"ပွရအောင် ဖြူဖြူသေးသေးလေး .. အဲလေ .. ဖြူဖြူထွေး က မာလကာသီးမှ မဟုတ်တာ .."

"မာလကာသီး ဟုတ်မဟုတ် မင်းက ဘယ်လိုသိလဲ"

"တော် .. တော်ပါတော့ .. အစ်ကိုတစ်၊ အစ်ကိုနှစ်၊ အစ်ကိုသုံးတို့ရယ်"

အရေးထဲ ဖြူဖြူထွေးက ကိုရီးယားစာတ်လမ်းတွဲတွေ ရွတ်ပြနေပါသည်။

"အေးလေ .. စိုးမိုး ပြောတာလည်း ဟုတ်တာပဲ၊ ငါသာဆိုရင် အလုပ်ဝင်လိုက်၊ သူဌေးအလုပ်ထွက်ခိုင်းအောင် ကျိုင်ရှာလိုက်၊ ခြောက်လစာယူလိုက်၊ နောက်အလုပ်ပြောင်းလိုက်၊ ကျိုင်ရှာလိုက် .."

ကျွန်တော် အောင်ညိမ်း ကို လှမ်းကန်ရင်း ...





"မင်း အဲဒါကြောင့် အလုပ်လျှောက်တိုင်း တစ်ခါမှမရတာ .."

အောင်ညိမ်း က ရယ်သည်။ ဖြူဖြူထွေး တတိယအကြိမ်မြောက် နှာရှည်ကို ညှစ်ထုတ်ပြီး ...

"ဘော်ပါတော့ အစ်ကိုတစ်ရယ်၊ ခြောက်လစာဆိုလို့ လေဆာသွားတိုက်ဆေးတောင် မရဘူး .. ထွီ .."

"ဘာ!..."

ကျွန်တော် တအံ့တဩမေးတော့ ဖြူဖြူထွေး က မကျေမနပ်နဲ့ ပြောသည်။

"ဟုတ်တယ်၊ တစ်လစာပေးပြီး အလုပ်တုတ်ပစ်လိုက်တာ .."

ပြောချင်တိုင်းပြောပြီး ပေးချင်သလောက်ပဲပေးတဲ့ ဖြူဖြူထွေးရဲ့သူဌေးဆိုသူကို နေကျော် အသေခေါ်ပစ်ချင်လာပါသည်။ ပေးချင်သလောက်ပေးပြီး အလုပ်ထုတ်ပစ်ရအောင် မြေရှင်ပဒေသရာဇ်ခေတ်လည်း မဟုတ်။

တွေ့ပြီလေ ..၊ နေကျော် ဆိုတဲ့ကောင်ကလည်း ရှေးမင်းသားကြီးတွေဖြစ်တဲ့ ရွှေဘတို့၊ တင်ညွန့်တို့၊ မြတ်လေးတို့ခေတ်က ရုပ်ရှင်ထဲကလို "ကျုပ်တို့က ကျောမွဲလူတန်းစားတွေမို့ အနိုင်မခံ အဖိခံနင်းပြားတွေလို့ ထင်တာလား၊ ပကာသနကို ခွာချပြီး ရေဖျော်ဖို့



www.burmeseclassic.com

www.burmeseclassic.com



နေကျော် လာပြီ” ဆိုပြီး အဲဒီလိုပြောချင်နေတဲ့ကောင်ဆိုတော့ တွေ့ကြပြီပေါ့။

ကျားနဲ့ဆင်၊ ပွဲဈေးမှာ ရဲမတွေ့ခင် တွေ့ကြပြီပေါ့။

“တောက် .. နင့်ရဲ့ အဲဒီသူဌေးဆိုတဲ့ လူကြီးဆီ ငါ့ကို ခေါ်သွားပေးစမ်း ဖြူဖြူထွေး ..”

ကျွန်တော့်စကားကြောင့် ဖြူဖြူထွေး က မျက်လုံးအဝိုင်းသားနဲ့ ...

“ဘာလုပ်မလို့လဲ”

“ဒီလိုမတရားအလုပ်ထုတ်ပစ်တာတော့ ပြောရမှာပေါ့ဟ၊ ငြိမ်ခံနေလို့ ဖြစ်ပါ့မလား”

“ဟို .. ဖြစ်ပါ့မလား”

“ဘာလဲ .. နင်က ကြောက်လို့လား”

ဖြူဖြူထွေး မျက်နှာငယ်လေးနဲ့ ..

“ဟို .. ကြောက်တော့ ကြောက်တာပေါ့”

“ဟာ .. ဘာကြောက်စရာရှိလဲ၊ ငါရှိတယ် .. ဘာမှမစိုးရိမ်နဲ့”

“အေးလေ .. ဒီလိုငြိမ်ခံနေလို့ ဘယ်ဖြစ်မလဲ”

“ဒါပေါ့ ..”





စိုးမိုး တို့၊ အောင်ညိမ်း တို့ကလည်း မြန်မာလူမျိုးပီပီ အဆင်းမှာဘီးတပ်ပေးပါတယ်။

ဒီလိုနဲ့ ကျွန်တော်၊ ဖြူဖြူထွေး၊ အောင်ညိမ်း တို့၊ စိုးမိုး တို့ အဲဒီဦးသုနောင် ဆိုတဲ့ ကုမ္ပဏီပိုင်ရှင်ကြီးပိုင်တဲ့ ကုမ္ပဏီရှိရာကို ချီတက်ခဲ့ပါတယ်။

အလံမထူ၊ ဘင်ခရာမတီးဘဲ ကျွန်တော်တို့ အဲဒီကုမ္ပဏီရှေ့ရောက်တော့ ...

“ကဲ .. ဝင်ကြမယ်”

ကျွန်တော် ဝင်ဖို့ပြင်ဆင်ရင်း နောက်လှည့်ပြောတော့ အောင်ညိမ်း က ခေါင်းကုတ်သလိုလိုနဲ့ ...

“ဟိုလေ.. ငါတော့ မလိုက်တော့ဘူးကွာ၊ လူများတော့ မကောင်းဘူးလေ၊ အရေးထဲ ဗိုက်ကမကောင်းတော့ ဟိုရှေ့က လက်ဖက်ရည်ဆိုင်မှာပဲ စောင့်မယ်”

“အေးလေ .. နေခဲ့မယ်ဆိုရင်လည်း နေခဲ့ပေါ့၊ ကဲ .. စိုးမိုး .. ဝင်မယ်”

“ဟိုကွာ .. ငါ ဒီကောင်အဖော်ရအောင် နေခဲ့မယ်၊ ဒီကောင်တစ်ယောက်တည်းဆိုတော့ အားငယ်နေမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



စိုးမိုး စကားကြောင့် ဖြူဖြူထွေး က စိုးမိုး ကို နှာခေါင်းရှုံ့သည်။ ကျွန်တော် ဒီကောင်တွေရဲ့သတ္တိကို သိလိုက်ပါသည်။

သတ္တိဆိုတာ ဘုရားပွဲက ဆေးမှင်ရည်စုတ်ထိုးတဲ့ဆိုင်မှာ လက်မောင်းပေါ် ထိုးလို့ ရတဲ့အက္ခရာလောက်ပဲ ထင်ထားပုံရသည်။

"ငါတို့ ကြောက်လို့မဟုတ်ဘူးနော် .. မင်းရဲ့သတ္တိ ပိုပြောင်မြောက်အောင် နေခဲ့တာ .."

စပ်ဖြဖြနဲ့ စိုးမိုး ပြောတော့ ကျွန်တော် ဆဲပြီး ဖြူဖြူထွေး နဲ့အတူ ကာမွဏီထဲဝင်သည်။

"ဘယ်သူနဲ့ တွေ့ချင်ပါသလဲ"

"လူတွေနဲ့ .."

"ရှင် ..."

ရုတ်တရက် တွေ့လိုက်လိုက်ချင်းမေးတော့ ကျွန်တော်လည်း တွေ့တွေ့ချင်း ရုတ်တရက်မို့ အခုလိုဖြေတော့ ရီဆက်ပ်ရှင်က မိန်းကလေးက အံ့သြပြသည်။ လှတပတလေး အံ့သြပြတာ ချစ်စရာကောင်းပါတယ်။

ဖြူဖြူထွေး ကိုမြင်တော့ အဲဒီကောင်မလေးက ...

"ဟင် .. ဖြူဖြူထွေး ..၊ နင့်ကို အလုပ်ထုတ်လိုက်ပြီဆို ..၊ ဘ





ဘယ်လိုကဘယ်လို ဒီကို .."

တစ်စွန်းတစ်စအမေးကို ဖြူဖြူထွေး က ကြောင်တောင်တောင်နဲ့ ကျွန်တော့်ကို လက်ညှိုးညွှန်ပြီး ဖြေပါတယ်။

"ဟိုလေ .. သူ .. သူ .."

ကောင်မလေးက ဖြူဖြူထွေး ရဲ့ကြောင်တောင်တောင်စကားကို ဘယ်လိုထင်သွားသည် မသိ ..၊

"ဟင် .. ဒါဆို .. ဒီလူက .."

သူဌေးနှင့် တစ်စုံတစ်ရာဆက်စပ်သည်ဟု ထင်သွားပုံရသည်။ ကိုရီးယားကားထဲကလို သူဌေးရဲ့ ပထမမယားကြီးရဲ့သားလို့ ထင်ပုံရပါတယ်။ ကောင်မလေးမျက်လုံးက အရောင်ပြောင်းသွားပါတယ်။ ချက်ချင်းပဲ လောကွတ်တွေချော်ပြီး ...

"လာ .. အိုပါး .. အဲ .. အစ်ကို .."

ကျွန်တော့်ကို လက်မဆွဲရုံတမယ် ရှေ့က ဦးဆောင်ခေါ်သွားပြီး အခန်းတစ်ခုရှေ့ရောက်တော့ အခန်းရှေ့မှာ ခုံလေးတစ်လုံး၊ စားပွဲလေးတစ်လုံးနဲ့ ဘုရားရှေ့က ခြသေ့ရုပ်ကြီးလို ခပ်တည်တည် ထိုင်ကြီးစောင့်နေတဲ့ ပုဂ္ဂိုလ်လေးက ...

"ဟဲ့ .. ကောင်မ .. ဘယ်သူလဲ၊ ဘော့စ်နဲ့တွေ့ဖို့လာတာလား၊



www.burmeseclassic.com

www.burmeseclassic.com



ညှော့သည်က ကြိုပြိုင်ယူထားသေးလား"

ပုဂ္ဂိုလ်လေးရဲ့ အထက်စီးဆန်ဆန်စကားကို ကျွန်တော်တို့ကို ခေါ်လာတဲ့ ကေဇင် ဆိုတဲ့ အာဂမိန်းမကလည်း မျက်နှာလေးရှုံ့ပြီး...

"ဘာ .. ကြိုပြိုင်ယူရမယ် .. ဟုတ်လား၊ ဒီမယ် .. ဒီက အိုပါးကို ဘာမှတ်လို့လဲ ဖော်ထွန်း .. ဟွန်း .."

စကားတွေရဲ့ အသွားနဲ့အလာတွေက တရုတ်သိုင်းဝတ္ထုတွေလိုပဲ အတွင်းအားတို့၊ ဘာသိုင်းကျမ်းတို့ ပါသွားလားမသိ၊ ဖော်ထွန်း ဆိုတဲ့ လူ မျက်လုံး အလုံးလိုက်ပြူးသွားပါတယ်။

"ဟာ ..ဆောရီး ... ဆရာအစ်ကိုသူငွေး .."

ကျွန်တော့်ကို နည်းမျိုးစုံနဲ့ တောင်းပန်ပါတော့တယ်။ ကေဇင် ဆိုတဲ့ချာတိတ်မက စစ်ပွဲမှာ စစ်နိုင်ပြီးပြန်လာတဲ့ မျက်နှာထားနဲ့ ဟွန်း ခနဲ မေးငေါ့ပြီး တံခါးဆွဲဖွင့်ကာ ကော့ကော့ ကော့ကော့နဲ့ဝင်သွားတော့ ကျွန်တော်တို့လည်း လိုက်ဝင်လာခဲ့ပါတယ်။

အထဲရောက်တော့ ကျွန်တော့်ကို အရင်ဆုံးသတိပြုမိသူက ဟို ကျွန်တော့်ရဲ့ ကျောင်းတော်ကာရန်စရှိသူလေ၊ သုနန္ဒာ ..။

သုနန္ဒာ က မျက်လုံးအဝိုင်းသား ..။ ကျွန်တော် ဒီကုမ္ပဏီရဲ့ ရောက်ပြီဆိုကတည်းက သူမနဲ့ပတ်သက်မှုရှိမှန်း သိခဲ့ပြီးသားပါ။ အ





မှတော့ တစ်တောင့်စားလည်း ရှောက်သီးပဲလေ။

ပြီးတော့ ကုမ္ပဏီတစ်ခုလုံးရဲ့ အကောင်းဆုံးနေရာနဲ့ အဓိက အကျဆုံးခုံမှာထိုင်နေတဲ့၊ သုနန္ဒာ နဲ့မျက်နှာချင်းဆိုင်ပြီး သုနန္ဒာ ထက် ပိုပြီးစူးရှတဲ့မျက်လုံး (*မှတ်ချက်။* ဖြူဖြူထွေး ကတော့ အာဋ္ဌာဝက မျက်လုံးလို့ တင်စားထားသည်) အဲဒီမျက်လုံးနဲ့ ကျွန်တော်တို့ကို သူ့ရဲ့ တပည့်လက်ပါးစေတွေလို လှမ်းကြည့်သည်။ ပြီးတော့ ကျွန်တော့် နောက်က ဖြူဖြူထွေး ကို မြင်သွားပြီး ...

"ဟော့ .. ဒီကလေးမကို ဘယ်သူခေါ်ထားတာလဲ၊ ငါ အလုပ် ထုတ်ပြီးပြီလေ"

အသံဟိန်းဟိန်းကြီးနဲ့ ရုတ်တရက် ဒေါသဘက်ကိုပြောင်းလဲသွား တဲ့ မျက်နှာဟန်ပန်ကြောင့် ဖြူဖြူထွေး ဆတ်ခနဲ ဖြစ်သွားပြီး ကျွန် တော့်လက်မောင်းကို လှမ်းကိုင်ပါတယ်။

ကေဇင် ဆိုတဲ့ ပုဂ္ဂိုလ်မလေးက အခုမှ ကြောင်တောင်တောင်နဲ့ ကျွန်တော့်ကို မရဲတရဲလေး လက်ညှိုးထိုးပြီး ...

"ဟိုလေ .. ဘောစ့်နဲ့ ဟိုလိုဖြစ်ပြီး ဟိုဒင်းဖြစ်တယ်ထင်လို့ ဟို ဟာ ခေါ် ..."

"တော်စမ်း .."



www.burmeseclassic.com

www.burmeseclassic.com



သုနန္ဒာ စိတ်ညစ်သွားပါသည်။ အဲဒီ နေကျော် ဆိုတဲ့လူကိုမြင်တော့ ဘာလာမွှေတာလဲလို့ စိတ်ထဲ တထင့်ထင့်။ အခုတော့ ဖြူဖြူတွေး မြင်ကုတည်းက ဟို .. ပိုက်ဆံမပေးရဘဲ စေတနာကို ရှေ့တန်းတင် ဗန်းပြတဲ့ လူမှုရေးအကျော်အမော်လေးနဲ့ သူမရဲ့ ဒေါသကုမ္ပဏီ ဒက်ဒီတို့ ထိပ်တိုက်ကို တွေ့ကြပါပြီ။

ဦးသုနောင် ရဲ့ စိမ်းဆတ်ဆတ်မျက်ဝန်းတွေက နေကျော် ဆီကို ရွေ့ပါတယ်။ နေကျော် က ယဉ်ယဉ်ကျေးကျေးပုံစံနဲ့ ...

"ကျွန်တော်တို့ကို ထိုင်ခွင့်ပေးပါ အန်ကယ်"

ဦးသုနောင် က အရေးမကြီးသလို ခေါင်းဆတ်ပြတော့ ...

"ဟိုလေ .. အဲဒါ ထိုင်ခိုင်းတာလား၊ ထခိုင်းတာလား"

စုမေ မမသုနန္ဒာ နောက်မှာရပ်နေရာမှ ရယ်ချင်စိတ်ဖြစ်လာတာမို့ ကျိတ်မှိတ်နေရပါတယ်။

ဦးသုနောင် မျက်ခုံးတွန့်မိရင်း ...

"မင်း .. ဒီလိုအရိပ်အခြေ ဟန်ပန်အမူအရာလေးကိုတောင် နားလည်သဘောမပေါက်ဘူးလား၊ မင်း တော်တော်တုံးတာပဲ"

အဲဒီစကားကြောင့် နေကျော် ကျေနပ်စွာပြုံးမိသွားပြီး ဦးသုနောင်ရှေ့မှာ ဝင်ထိုင်လိုက်ပါတယ်။





"ဟုတ်ပါတယ် .. ကျွန်တော် တုံးပါတယ်၊ ဒီမဆိုစလောက် ဟန်ပန်အမူအရာလေးပြရုံလောက်ကို မသိတဲ့ ကျွန်တော်လိုကောင်က တော်တော့်ကိုတုံးတဲ့ကောင်ပါ၊ ဒါပေမယ့် ဖြစ်သင့်ဖြစ်ထိုက်လို့ ဖြစ်သလို လုပ်လိုက်ရတဲ့ အခြေအနေကြီးတစ်ခုကို မမြင်ဘဲ နားလည်သဘောမပေါက်ပေးတဲ့ အန်ကယ်က ကျွန်တော့်ထက်ပိုတုံးတဲ့ ကမ္ဘာကျော် ကျောက်တုံးလို့ ကျွန်တော် မြင်တယ်ဆိုရင်ရော .. အန်ကယ် ဘာပြောမလဲ"

ဦးသုနောင် ရေတ်သီးမစားဘဲ ရှူးရှူးရှဲရှဲ ဖြစ်ပါပြီ။

"ဘာ .. ဘာပြောတယ်၊ မင်း .. မင်း .. ငါ့အခန်းထဲဝင်ပြီး ငါ့ကို စော်ကားတယ်ပေါ့"

"အန်ကယ့်အခန်းမှာ နေ၊ အန်ကယ့်အရိပ်အာဝါသအောက်မှာရှိတဲ့ လူတိုင်းကို အန်ကယ် ပိုက်ဆံပေးထားရင် စော်ကားလို့ရတယ်လို့ ထိုလိုတာလား"

"မင်း .. မင်း .."

သုနန္ဒာ စိတ်ညစ်ညစ်နဲ့ ထရပ်ပြီး ...

"ရှင် ပြန်ပါတော့ ကိုနေကျော်၊ ဒါ ကျွန်မတို့ပိုင်နက်ဆိုတာလည်း သဘောပေါက်မှပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နေကျော် မျက်ခုံးမြင့်တက်သွားပြီး ...

"ပိုင်နက်လို့ပြောရအောင် ကျွန်တော်တို့က ခြံခတ်ခံထားရတဲ့ နွားတွေလည်း မဟုတ်ဘူး သုနန္ဒာ၊ ခင်ဗျားတို့ လူလိုတွေးပြီး လူလို နားလည်ပေးဖို့ အကြံလာပေးတာပါ"

"ဘာကွ .. ဘာအကြံလဲ၊ Security .."

လုံခြုံရေးလို့ လှမ်းခေါ်လိုက်တဲ့အသံကြောင့် ဝတ်စုံဝတ်နှစ်ယောက်က အခန်းထဲ ပြေးဝင်လာပါတယ်။ ဖျတ်ခနဲ နေကျော် သူ့အိတ်ထဲကကတ်ကို ထုတ်ပြလိုက်တော့ ဟိုနှစ်ကောင် တွန့်ခနဲ ဖြစ်ပြီး ကိုယ်ရှိန်သပ်သွားပါတယ်။

ကတ်ထုတ်ပြတော့ သုနန္ဒာ လည်း ကြောင်သွားတာပေါ့။ နေကျော် ဘယ်အဖွဲ့အစည်း၊ ဘယ်ဌာနမှာ လုပ်သလဲပေါ့။ အဲဒီမှာ ဝတ်စုံဝတ်တစ်ယောက်က ...

"ဟာ .. သွေးလှူတဲ့ကတ်ပဲ၊ ဖမ်းကွာ .."

နေကျော် လက်ကာတားလိုက်တော့ ဝတ်စုံဝတ်နှစ်ယောက် အူကြောင်ကြောင် ဖြစ်သွားပါတယ်။ နေကျော် က ...

"ကျွန်တော်နဲ့ ဖြူဖြူထွေး က သွေးလှူထားတာ မကြာသေးဘူးနော်၊ သွေးလှူထားလို့ အားနည်းနေတဲ့သူကို ကိုယ်ထိလက်ရောက်





ကျူးလွန်ရင် ဘာဖြစ်မယ်ထင်လဲ"

ဝတ်စုံဝတ်နှစ်ယောက်က ဘယ်ပုဒ်မတွေလဲဆိုပြီး ဟိုတွေးဒီတွေးနဲ့ တွန့်ဆုတ်ဆုတ် ဖြစ်သွားကြပါတယ်။ ဦးသုနောင် ဝုန်းခနဲ ထရပ်ပြီး ဒေါသတကြီးနဲ့ နေကျော် ကို အသံကျယ်ကြီးနဲ့ပြောပါတယ်။

"ဟေ့ကောင် .. မင်းဘာလိုချင်လဲ၊ ဘာဖြစ်ချင်လဲ ပြော .."

အော်သံကြီးကြောင့် နေကျော် နားကိုပိတ်ရင်း ...

"နီးနီးလေးပဲ အန်ကယ်ရာ .. ဖြည်းဖြည်းအော်ပါ၊ ဒီလို စည်းမျဉ်းစည်းကမ်းအရ ဒီကောင်မလေးကို နစ်နာကြေးလုပ်ခ ငါးလစာ ပေးပါ၊ ပြီးတော့ ဒေါသတကြီးနဲ့ မင်းကို အလုပ်ထုတ်တယ်လို့ ပြောထားတဲ့အတွက် အန်ကယ် မျက်နှာလေးချိုချိုနဲ့ ရည်ရည်မွန်မွန်အသံလေးနဲ့ သမီး အလုပ်ထွက်တော့နော်လို့ ပြောရမယ်"

နေကျော် စကားကြောင့် စုမေ နှုတ်ခမ်းကို ကိုက်ထားရပါတယ်။ ကိုနေကျော် တို့ကတော့လေ ..။ သုနန္ဒာ ကတော့ စိတ်လည်း ညစ်၊ ပြီးတော့ ရယ်ချင်သလိုကြီး ..။ ဒက်ဒီ့ပုံစံက မအီမလည် ဒေါသကြီးနဲ့ ...

"မင်း .. မင်း .. မလုပ်ဘူးကွာ၊ မင်းတို့ တိုင်ချင်ရာတိုင်ကြ .."

နေကျော် က အပိုးမကျိုးတဲ့မျက်နှာနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် သိပါတယ်နော်၊ အလုပ်သမားရေးရာမှာ ဒီကိစ္စကို တိုင်လိုက်လို့ ဖြစ်လာမယ့်အကျိုးဆက်က .. အင်း .. ကုမ္ပဏီကြီး ပိတ်သွားနိုင်တယ်နော်၊ အင်းလေ .. ဘာမဟုတ်တဲ့ကိစ္စနဲ့ ဘာဟုတ်တဲ့ ကိစ္စ လဲချင်တယ်ဆိုရင်တော့လည်း .."

"ကဲပါ .. ဒက်ဒီရယ် .."

သုနန္ဒာ မနေသာတော့ဘဲ ဖြစ်သင့်တာကို ဝင်ပြောရပါတော့ တယ်။

ဦးသုနောင် နေကျော် ဆိုတဲ့ကောင်ကို သူနှစ်သက်တဲ့ ပုစွန် အစိမ်းသုပ်လို သံပရာသီးညှစ်ပြီး အစိမ်းလိုက် ဝါးစားချင်နေပါသည်။





* ဟိတ်.. ကလေးမ

တဆိတ်လောက် ခြေကိုကြွ

မင်းခြေပဝါးအောက်က ငါ့အသည်းစ

ကြေမွသွားမှာ စိုးလို့ဗျ..။

* ဟိတ်.. ကလေးမ

အရိုပ်ပြုလို့ အကောင်မမြင်ရအောင်

ငါ့ကို အစွယ်မပါတဲ့ တဇ္ဈေ

သိက္ခာမရှိတဲ့ သရဲ

ငါ့ကို အရှက်ခွဲမယ်ပေါ့..။

* ဟိတ်.. ကလေးမ

အရှက် ခွဲချင်ခွဲပါ

သရဲကို အသည်းမခွဲပါနဲ့..။





www.burmeseclassic.com

www.burmeseclassic.com



"နေကျော် ကတော့လေ .. တကယ့်ကောင်ပဲ"

မာလာ ပြောပြီး ရယ်ပါတော့သည်။ သုနန္ဒာ မှာ စိတ်လည်းပျက်၊ ရယ်လည်းရယ်ချင်နေ့ပါ။ ပြီးတော့ အဲဒီလူကို အနားမှာရှိနေရင် ထုရိုက် ကုတ်ဆွဲမိမှာအမှန်။

"သူနဲ့ ဖြူဖြူထွေး ကို မြင်ကတည်းက ပြဿနာကတော့စပြီလို့ ငါထင်လိုက်တာ .. တကယ်မှန်နေတယ်ဟယ် .."

"သူ ဆိုတာ ဘယ်သူလဲ၊ အပေါက်စောင့်တဲ့ ဇော်ထွန်း လား"

သစ်မာ သိသိကြီးနဲ့ မသိချင်ယောင်ဆောင်မေးတော့ သုနန္ဒာ အမြင်ကပ်ကပ်နဲ့ နှုတ်ခမ်းစူပြီး ...

"ဘယ်သူရမှာလဲ၊ ဟိုလူ ကိုနေကျော် ပေါ့"

"ဘာ!... ကိုကိုနေကျော် .."





သစ်မာ ဆင်ထားတဲ့ခွင်ထဲဝင်သွားမှန်းသိတော့ သုနန္ဒာ သစ်မာ လက်မောင်းကို မမီမကမ်း ဆွဲဆိတ်တော့ သစ်မာ က ရှောင်သည်။

"နင်နော် .. မစပါနဲ့ဆို .."

"သြော် .. ရှစရာမလိုတော့ဘူး၊ အတည်ပေါ့"

"မာလာ .. နင်နော်၊ ဘာဖြစ်နေတာလဲ"

မာလာက တဟားဟား ..။ သစ်မာ က ပြုံးစိစိနဲ့ ...

"မလုပ်ပါနဲ့ဟယ် .. ထပ်စရင် တို့သူငယ်ချင်းလေး တစ်ခါတည်း တန်းပြေးတော့မှာ၊ ကိုကိုနေကျော် အိမ်ကို .."

သုနန္ဒာ ဒီနှစ်ယောက်ကို ဘယ်လိုမှမနိုင်တော့တာကြောင့် နှုတ်ခမ်းကိုက်ပြီး ငြိမ်နေလိုက်ပါတယ်။ ပြီးတော့ အဲဒီ နေကျော် ဆိုတဲ့ လူကို စိတ်ထဲကနေမြင်မိကာ .. အမြင်ကပ်ကပ်နဲ့ မျက်စောင်းထိုးမိတော့ ...

"ဟော ကြည့် .. ဘာတွေစဉ်းစားပြီး ပြုံးစိစိဖြစ်နေလဲ မသိဘူး ဟေ့၊ မိသု တော့ တစ်ခုခုတော့ တစ်ခုခုပဲ"

"တော်ကြပါတော့ဟာ .."

နောက်ဆုံး အရှုံးပေး လက်မြှောက်တော့ မာလာ ... 

"ဒါဆို နင့်ဒက်ဒီက လေသံအေးအေးလေးနဲ့ ဖြူဖြူထွေး ကို



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်လိုက်ရတာပေါ့"

သုနန္ဒာ မနေ့ကအဖြစ်ကို ပြန်မြင်ယောင်မိရင်း ရယ်ချင်လာပြီး...

"အေးပေါ့ဟဲ့ ..၊ ဒက်ဒီ့အသံက မတတ်သာလို့သာ တောင်းပန်လိုက်ရတဲ့ အောင့်သီးအောင့်သက်အသံကြီး၊ ပြီးတော့ ငါးလစာလည်း ပေးလိုက်ရတယ်ဆိုတော့ နင်တို့ပဲ စဉ်းစားကြည့်လေ"

မာလာ တွေးပြီး ရယ်ချင်လာကာ ပခုံးတွန့်ပြရင်း ...

"မလွယ်ဘူးနော် .. အန်ကယ်ဦးသုနောင် စိတ်ထဲမှာ ကိုနေကျော်ကို အမှုန့်ချေပစ်ချင်နေမှာ သေချာတယ်ဟ"

မာလာ စကားကြောင့် သစ်မာ က ထပ်စပြန်သည်။

"အေးပေါ့ .. အန်ကယ်က အမှုန့်ချေ၊ သမီးလုပ်တဲ့သူက အဲဒီအမှုန့်ကို တယုတယနဲ့ .. ဟိ .. ဟိ .."

"ခွေးမ .."

သုနန္ဒာ ခပ်ကျိတ်ကျိတ်ဆဲပြီး အနားမှာရှိတဲ့ စားပွဲပေါ်က ဘောပဲန်နဲ့ သစ်မာ ကို လှမ်းပေါက်လိုက်ပါသည်။

အင်းပေါ့လေ .. ချိတ်ချိတ်ချင်းဆိုတော့လည်း ချိတ်မိမှာပေါ့။

"ဒါပေမယ့်ဟာ .. ဒီလူ ဒက်ဒီ့ကို သက်သက်ပညာပေးတာဟ"

"ဟောတော် .. ဇာတ်သွေးက ပြလာပြီ၊ ကဲ .. မရွှေသုနန္ဒာ၊ ရှင်





မယုံရင် ကျုပ်တို့ဆေးရုံကို လိုက်ခဲ့ .."

"ငါက ဘာလို့လိုက်ရမှာလဲ"

ရှုပုပ်ပုပ်နဲ့ သူမ ပြောတော့ သစ်မာ က ခွင့်လွှတ်နားလည်ပေးတဲ့ အပြုံးနဲ့ သူငယ်ချင်းဖြစ်သူ မိသု ကို ကြည့်ပြီး ...

"အဲဒီနေ့ကသာ ကားတိုက်ခံရတဲ့ကလေးမကို ခွဲစိတ်ဖို့ ဖြူဖြူထွေး ရဲ့သွေးသာမရရင် မလွယ်ဘူးဟ"

သုနန္ဒာ က မယုံကြည်ချင်ဟန် ..၊

"ဟဲ့ .. သွေးလှူမယ့်လူတွေ အဲလောက်တော့ မရှားလောက်ပါဘူးဟယ်"

ခေါင်းမာနေဆဲ သူငယ်ချင်းဖြစ်သူကိုကြည့်ပြီး သစ်မာ သက်ပြင်းချမိပါသည်။ အေးပေါ့လေ .. အဒေဖကိုထိတော့ ဇာတိသွေးက ကြွပြီပေါ့။ အဲဒါကြောင့် ...

"ဒီလိုဟ .. ကားတိုက်ခံရတဲ့ ကလေးမလေးသွေးက ရှားတယ်၊ ဘယ်လိုပြောရမလဲ .. ဘီ ပလပ်စ် သွေးအမျိုးအစားပေါ့ဟာ"

"ဘာ .. ဘီ ပလပ်စ်"

သူမ သိတာက စီပလပ်လောက်ပဲ ကြားဖူးသည်။ အ[illegible]ရည်ဘူးတံဆိပ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဘီပလပ်စ်တို့ ဘီမိုင်းနက်စ် တို့ဆိုတဲ့ သွေးအမျိုးအစားက ရှားတယ်ဟ၊ ဆယ်ယောက်မှာ တစ်ယောက်မရှိဘူး"

အဲလိုဆိုတော့လည်း သုနန္ဒာ ဘာဆက်ပြောရမှန်း မသိ၊ ဒါပေမယ့် ဟိုလူကိုတော့ အမြင်မကြည်လင်တာကြောင့် ...

"အဲဒါတွေထားပါတော့၊ ဒါပေမယ့် ဒက်ဒီ့ကို တမင်ပညာပြသွားတာတော့ မခံချင်ဘူး"

သုနန္ဒာ ရဲ့ စူပုပ်ပုပ်မျက်နှာနဲ့ နှုတ်ခမ်းစူပုံကြောင့် မာလာ ဘာမှ မပြောတော့ဘဲ ခေါင်းယမ်းပါတယ်။

သုနန္ဒာ ဆိုတာ ဘယ်လိုရှုတ်ရှုတ် ကျွတ်မယ့်ပုံ မပေါ်။ တလွဲမတွေးပါနဲ့ .. အစွဲကို ပြောပါသည်။





"ချိတ် ချိတ်ချင်းဆိုတော့လည်း ချိတ်မိတာ မဆန်းပါဘူးကွာ"

ကိုစည်သူ .. လေအေးအေးလေးနဲ့ပြောတော့ နေကျော် က ခပ်တည်တည်နဲ့ ...

"ကျွန်တော့်ဘက်က ဖြောင့်ပါတယ်၊ သူ့ဟာက ကောက်တာ .."

နေကျော် စကားကြောင့် ကိုစည်သူ မျက်ခုံးမြင့်တက်သွားပြီး နေကျော့် ကို ကမန်းကတန်း မော့ကြည့်ပါတယ်။

"ဟော့ကောင် .. မင်းက ဘာကိုပြောတာလဲ"

"ဘာပြောလို့လဲ .. စိတ်ကိုပြောပါတယ်"

"တော်သေးတာပေါ့ကွာ"

ကိုစည်သူ က ရေနွေးကြမ်းငှဲ့ရင်း ...

"အင်း .. ဒီလူကြီးကတော့ ဆွေ့ဆွေ့ခုန်နေတာ အမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိပေါ့ဗျာ .. ဦးသုနောင် ကလည်း ထိုင်ခါနီး ထိုင်ခုံမှာ ဘာရှိလဲ ကြည့်သင့်တာပေါ့"

စိုးမိုး ခပ်တည်တည်နဲ့ပြောတော့ အားလုံးက ပြုံးစိစိ ..။

"ဟေ့ကောင် စိုးမိုး .. မင်းက ဘာကိုပြောတာလဲ"

"ဟင် .. ဆွေ့ဆွေ့ခုန်နေတယ်ဆို ..၊ အဲဒါပြောတာလေ၊ သူ ထိုင်မိတော့ ဖင်ကို တစ်ခုခုစူးတာ နေမှာပေါ့"

ကိုစည်သူ မျက်နှာကြီး ရှုံ့မဲ့ကာ ...

"ဟာ .. အခံရခက်တာကို ပြောတာကွ"

ဒီတစ်ခါ အောင်ညီမိမ်း အလှည့် ..။

"ကျွတ် .. ဖျွတ် .. ဖင်ကလည်း စူး၊ ဒီကြားထဲ ငရုတ်သီးအစား များတော့ .. အင်း .. သူ့ဖင်ကတော့ .."

"ဟာ .. ဒီကောင်တွေ ..၊ ငါပြောတာ .. ဟိုလိုကွာ .. ဦးသုနောင် ခံပြင်းသွားတာကို ပြောတာကွ"

"အေးကွာ့ .. ခံလည်း ခံရသေး ..၊ ဒါတောင် ပျင်းတယ်ဆိုတော့ တော်တော်ခံနိုင်တဲ့လူပဲ"

ကိုထွန်းမင်း စကားကြောင့် ကိုစည်သူ နှာတစ်မှုတ်မှုတ်နဲ့ ရှူးရှူး ရှဲရှဲ ဖြစ်လာပါတယ်။





စိုးမိုး ပြုံးစိစိနဲ့ ...

"တွေ့လား .. တို့အစ်ကိုကြီး ကိုစည်သူ နှာတစ်မှုတ်မှုတ်နဲ့ ရှူး ရှူးရှဲရှဲဖြစ်နေပြီ၊ ဟော .. ခွာယက်နေပြီ၊ ချိုနဲ့ ခွေ့တော့မယ်ထင်တယ် အွတ် .."

ကိုစည်သူ ရှက်ရမ်းရမ်းပြီး စိုးမိုး ရဲ့ကျောကို ထုလိုက်တဲ့အတွက် အွဘ်ခနဲ ဖြစ်သွားတော့ ရယ်သံတွေ ဆူညံသွားပါသည်။ ရယ်သံဆုံး တော့ ဒအောင်ညီမိမ်း က ...

"မင်းကိုတော့ ဦးသုနောင် က သိပ်ကြည်မှာ မဟုတ်ဘူးနော်"

"ရပါတယ်ကွာ၊ သူ့အဖေ မကြည်လည်း သူ့သမီးကြည်ဖို့ အရေး ကြီးတယ်၊ ဒီကောင် သူ့အဖေကြီးကို ကြိုက်တာမှ မဟုတ်တာ .."

အတိုင်အဖောက်ညီနေတဲ့စကားတွေကြောင့် နေကျော် မျက်နှာ ရှုံ့မဲ့ရင်း ခေါင်းတခါခါနဲ့ ...

"တော်ပါကွာ .. စကားနဲ့တောင် မညွှားပါရစေနဲ့၊ အဲဒီမိသားစုထဲ ဝင်ရင် မျက်နှာကို အချုပ်ကျသလို နေရမှာ ..."

"ဘာကြီး .. မျက်နှာကို အချုပ်ကျသလို ..."

ကိုထွန်းမင်း က နားမလည်နိုင်တာကြောင့် မေးပါသည်။ သူ ခေါင်းညိတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ .. မပြုံးရ၊ မရယ်ရ၊ မငိုရ၊ ခံစားမှုမရှိတဲ့မျက်နှာနဲ့ နေရမှာ၊ မျက်နှာက ကျောက်ရုပ်ဖြစ်နေမှာ သေချာတယ်"

"မင်းကတော့ ပေါက်ပေါက်ရှာရှာ တွေးတတ်တယ် နေကျော်ရာ .."

နေကျော် ပြောတာ မမှားပါ။

ဒီအဖေနဲ့ ဒီသမီးကို ကျွတ်တမ်းဝင်ဖို့ တရားပြချင်ရင် တရားပြမယ့်သူမှာ အတွင်းအားနဲ့ ခံနိုင်ရည်အား ကောင်းဖို့ လိုတာအမှန်ပင်။





"ဩော် .. ကိုအောင်ညီမိမ်း .. ဘယ်သူ ဘာဖြစ်လို့လဲ"

ရုတ်တရက် မြင်လိုက်ရတာမို့ သစ်မာ တအံ့တသြနဲ့ မေးမိပါတယ်။ ဝှဲဒ်ထဲက အရေးတကြီးလူနာတစ်ယောက်ရဲ့အခြေအနေကို စောင့်ကြည့်နေရတာမို့ စိတ်အေးရလောက်တဲ့အခြေအနေရှိပြီဆိုတာကြောင့် နာ့စ်တစ်ယောက်ကို လိုအပ်တာတွေ မှာထားခဲ့ပြီး သူမ နားနေဆောင်ဘက်ကို ထွက်အလာ အခုလို ဆုံမိခြင်း ဖြစ်ပါသည်။

အောင်ညီမိမ်း အမူအရာက .. ဘယ်လိုပြောရမလဲ .. အပြစ်ရှိတဲ့ကလေးငယ်တစ်ယောက် မိဘရှေ့ရောက်နေသလို အမူအရာမျိုး။ သူမ မျက်မှောင်ကို ယောင်ယောင်လေးကျုံ့မိရင်း ...

"ကိုအောင်ညီမိမ်း .. ဘာဖြစ်လို့လဲ၊ ရှင် နေမကောင်းလို့လား"

"ဟုတ်ကဲ့ .. ဟာ .. မဟုတ်ပါဘူး၊ ဟိုလေ .. သွေး.. အဲ .. သွေးလာလှူတာ .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင်!... သွေးလာလှူတာ၊ နေပါဦး .. ပြီးခဲ့တဲ့တစ်ပတ်ကပဲ ရှင်နဲ့ နောက်တစ်ယောက်နဲ့ လာလှူသေးတယ်လေ"

အောင်ညိမ်း အခုမှ ပြန်သတိရကာ မျက်လုံးပြူးသွားရင်း ကမန်းကတန်း ပြန်ဖြေရပါသည်။

"ဟို .. သွေး မဟုတ်ဘူး၊ ဆေးလာကုတာ .."

ဘာတွေပြောနေမှန်း မသိလို့ သစ်မာ ကိုယ်တိုင် ကြောင်တောင်တောင် ဖြစ်သွားရပါသည်။

"ဆေးလာကုတာ .. ဘယ်သူလဲ .."

အောင်ညိမ်း က ရှက်ကိုးရှက်ကန်းနဲ့ လုံချည်ခါးပုံစကို ဆွဲလိမ်နေရပြီ။

"ကျွန်တော် .. ..."

"ရှင် .. ရှင်က ဘာဖြစ်လို့လဲ"

"အိမ်မှာ ကြွက်သွန်လှီးရင်း ဓားရှလို့ .."

"ဘာကြီး ..."

နားမရှင်းတာကြောင့် သစ်မာ ထပ်မေးမိတော့ အောင်ညိမ်း က မျက်လုံးလေး ပေကလပ် ပေကလပ်နဲ့ ဖြေပါတယ်။

"ဟုတ်တယ်၊ လက်ဓားရှလို့ ဆေးရုံလာပြတာ .."





သူမ ရယ်ချင်ချင် ဖြစ်သွားပါသည်။

"ကဲ .. ပြပါဦး၊ ဓားရှတဲ့နေရာ ..."

သစ်မာ အမေးကြောင့် အောင်ညိမ်း သူ့လက်မနှစ်ဖက်က ဒဏ်ရာကို မှန်ဘီလူးမပါဘဲ ပြူးတူးပြတဲ ရှာပါသည်။ ဒဏ်ရာက အနာဟောင်းလေးတောင် မကျန်ပါ။ နောက်တော့ သွားဖြီးလေးနဲ့ ...

"ဟိုလေ .. လမ်းထဲက အသိတစ်ယောက် ရှတာ၊ မေးခိုင်ပိုးဝင်ရင် မကောင်းဘူးဆို ..၊ အဲဒါကြောင့် သစ်မာ ကို ဘာဆေးလိမ်းရမလဲလို့ လာမေးတာ ..."

သစ်မာ က သူမကို တမင်နောက်နေမှန်း သိလိုက်တာကြောင့်...

"ရှင်ကတော့လေ .. လူတွေ့ရင် လှောင်ဖို့ပြောင်ဖို့ပဲ၊ ကဲ .. ကျွန်မ ဂျူတီလည်း ပြီးပြီဆိုတော့ ဆေးရုံရှေ့ကဆိုင်မှာ တစ်ခုခု သွားသောက်ရအောင် .."

"ဗျာ .. တစ်ခုခု သွားသောက်မယ်၊ ဟို .. ဟို .. အရက်တွေဘာတွေတော့ မဟုတ်ပါဘူးနော်"

သစ်မာ က အောင်ညိမ်း စကားကြောင့် ရယ်ပြီး အမူအရာမဲ့ အောင်ညိမ်း လက်မောင်းကို လှမ်းရိုက်မိပါသည်။ အဲဒီ မှတ်တာဆလေးက အောင်ညိမ်း ရင်ထဲမှာ ဘင်ခရာတီးဝိုင်းကြီး အနီးကပ်တီးနေ



www.burmeseclassic.com

www.burmeseclassic.com



သလိုပါ။

"ကဲ .. လာ၊ သွားရအောင် .."

နှစ်ယောက်အတူ ဆေးရုံထဲကထွက်တော့ သစ်မာ နဲ့သိတဲ့ ဆရာဝန်၊ ဆရာဝန်မတွေ၊ သူနာပြုတွေက ပြုံးစိစိ ..။ သစ်မာ က သိသိကြီးနဲ့ မသိချင်ယောင်ဆောင်ပြီး ထွက်လာပေမယ့် အောင်ညိမ်း က မျက်နှာပေါ်မှာ အပြုံးတွေနဲ့ဖိတ်လျှံကာ တဟိဟိနဲ့ အူမြူးနေပါသည်။

"ရှင်က အဲဒါ ဘာဖြစ်တာလဲ .."

နောက်ဆုံး မနေနိုင်တော့ဘဲ မသိမသာ မျက်စောင်းထိုးကာ ပြောမိတော့ ...

"ဟောဗျာ .. အသလွတ်ကြီး .. ဟဲ .. ဟဲ .."

အောင်ညိမ်း ရဲ့ဟဲဟဲက ဘာကိုဆိုလိုမှန်း သစ်မာ သိတာကြောင့် ဆက်ပြောမနေတော့ဘဲ ဆိုင်ထဲ ဝင်လာခဲ့ပါသည်။

"ကဲ .. ရှင် ဘာသောက်မလဲ"

အောင်ညိမ်းက လက်ဖက်ရည်တစ်ခွက် မှာပါသည်။ သစ်မာ ကတော့ အအေးပဲ သောက်ပါတယ်။

"မုန့်လေးဘာလေး မှာလေ၊ တော်ကြာ .. ကျွန်မဆီလာတာ လက်ဖက်ရည်ပဲသောက်ရတယ်လို့ အပြောခံနေရပါဦးမယ်"





"မဟုတ်တာဗျာ .. ကျွန်တော်တို့က အရည်သမား၊ လက်ဖက်ရည်ကို ပြောတာနော်"

အောင်ညိမ်း ရဲ့ အနောက်အရှုတ်ကြောင့် သစ်မာ ပြုံးမိပြီး ...

"အရည်ဆိုလို့ ပြောရဦးမယ်၊ ကျွန်မတောင် သန့်ဘက်ခါဆို တရားစခန်းဝင်မလို့ရှင့် .."

"ဟင် .. ဘာဖြစ်လို့လဲ၊ ဘာအမှုလဲ"

"ရှင် .."

"ဩော် .. ရဲစခန်းသွားမလို့ဆို .."

ဒီလူနဲ့တော့ သစ်မာ တော်တော်စိတ်ညစ်ရပါတယ်။

"ဘယ်က ရဲစခန်းရမှာလဲ၊ တရားစခန်းရှင့် .. တရားစခန်း"

"ဟာ .. နှမြောစရာဗျာ .."

"ရှင် ..."

အောင်ညိမ်း သူ့အတွေးနဲ့သူ ပြောမိပြီးမှ ကမန်းကတန်း ဖြေရပါတယ်။

"ဟိုလေ .. ခင်ဗျားတတ်ထားတဲ့ပညာတွေ .. အဲဒါ .."

သစ်မာ နောက်တစ်ကြိမ်မြောက် မျက်စောင်းထိုးမိပြီး ...

"ကျွန်မက တစ်သက်လုံး ဝင်မှာမှ မဟုတ်တာ .."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့"

"ရှင်!..."

ဒီတစ်ခါလည်း သစ်မာ မျက်လုံးပြူးတော့ ...

"ဟို .. ဟိုလေ .. လူနာတွေအတွက် ပြောပါတယ်"

အဲဒီ ကိုအောင်ညိမ်း ဟာလေ ..၊ စကားပြောရင် အနှောင့်အသွား မလွတ်ချင် ..။

"ဒါနဲ့ ဘယ်တာရားစခန်းလဲ"

"ရှင်တို့နဲ့ ကထိန်အတူခင်းခဲ့တဲ့ကျောင်းလေ"

"ဩော် .. ကသစ်ပိုင်"

သူမ က အပြုံးနဲ့ ခေါင်းညိတ်ပြတော့ ...

"ဘယ်နှစ်ရက်လောက် ရိပ်သာ၀င်မှာလဲ"

သူမ က မျက်မှောင်ကျုံ့ စဉ်းစားပြီး ရိပ်သာထွက်မယ့်ရက်ကို ပြောပြပါသည်။

အောင်ညိမ်း သက်ပြင်းချမိပါတယ်။ ဩော် .. လောကလူ့ဘုံဆိုတာ အပူအမောတွေနဲ့ မျောနေကြပါလားလို့ သုံးသပ်မိပါသည်။





"ဒေါ်လေး .. အောင်ညိမ်း ရော .."

ကျွန်တော် ခြံထဲ၀င်၀င်ချင်းမေးမိတော့ ဒေါ်လေးက သူစိုက်ထားတဲ့ပန်းပင်တွေကို ပိုးမကျအောင် ဆေးဖျန်းနေရာက ရယ်ရင်း ...

"မင်းကောင် ရှိပါတယ်၊ အခြေအနေကို သွားကြည့်လိုက်ပါဦး"

"ဟင် .. ဘာဖြစ်လို့လဲ ဒေါ်လေး၊ နေမကောင်းလို့လား"

"အင်း .. နေမကောင်းတာက ဆေးကုလို့ရတယ်၊ ငါတောင် ဒီအပင်တွေကို ပိုးသတ်ဆေးဖျန်းပြီးရင် ဒီကောင့်ကို ၂၊ ဆေးဖျန်းရင် ကောင်းမလားလို့ စဉ်းစားနေတာ .."

ဒေါ်လေးပြောတဲ့အကြောင်းအရာကို နားမလည်ပေမယ့် ကျွန်တော် ရယ်မိရင်း ဒီကောင် တစ်ခုခုတော့ တစ်ခုခုဖြစ်နေပြီလို့လည်း တွေးမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သွားကြည့်လိုက်ဦးမယ် ဒေါ်လေး"

"အေး .. အေး .. သွား၊ ကျုပ်တောင် ခြံထဲဆင်းနေတာ ကြည့်တော့ မောင်ကျော်"

ကျွန်တော် သဘောကျစွာရယ်ရင်း အိမ်တံခါးတွန်းဖွင့်ကာ အထဲကို ဝင်လာခဲ့ပါသည်။ အိမ်အတွင်းထဲရောက်ရောက်ချင်း စပီကာက ကြားလိုက်ရတဲ့အသံကြောင့် တွန့်သွားပါတယ်။ တရားသံ ..၊

(× × ချစ်သား သာရိပုတ္တရာ ×× ငါဘုရားကို သင်ချစ်သား အမြဲပြုစုလုပ်ကျွေးဖို့ မသင့်တော်ပါဘူး ××)

ဘာတွေ ဘယ်လိုဖြစ်လဲဟ လို့ ယောင်ပြီး မအော်မိပေမယ့် နေကျော် သူကိုယ်တိုင်ပဲ လက်အုပ်ချီရမလို ဖြစ်သွားပါတယ်။ ပြီးတော့ အကျီအဖြူ၊ ယောဂီရောင်လုံချည်နဲ့ ပုတီးကို လက်မှာကိုင်ပြီး စကြံလျှောက်ရင်း တရားမှတ်နေတဲ့ အောင်ညိမ်း ရဲ့ အရှင်လတ်လတ်ပုံစံကြောင့် ...

"အရှင်ဘုရား .. အဲလေ .. ယောင်ကုန်ပြီ၊ ဒီမှာ ကိုယ်တော် .. ဟာ .. မဟုတ်သေးပါဘူး၊ ကိုရင်အောင်ညိမ်း .. ဟာ .. ရှုပ်ကုန်ပြီ"

ဘယ်လိုကဘယ်လို ပြောရမှန်း မသိတော့။ လူလည်း မဟုတ်၊ ဘိုးတော်လည်း မဟုတ်၊ ကိုရင်၊ ဦးပဉ္ဇင်း၊ သံဃာတော်လည်း မဟုတ်





တဲ့ ဟိုမဟုတ် ဒီမဟုတ်ပုဂ္ဂိုလ်ကို အခုလိုအရဲစွန့်ပြီး ခေါ်လိုက်ပါတယ်။

"ဒီက ကိုယ်တော်ကြီး အောင်ညိမ်း .."

အောင်ညိမ်း က မျက်လွှာလေး အသာချကာ ဖြည်းညင်းစွာလှည့်ကြည့်ရင်း ...

"သြော် ... မောင်နေကျော် ရောက်လာပြီကိုး .."

လေယူလေသိမ်းနဲ့ အသံက သူတောင် အတော်ကြည်ညိုလာတာကြောင့် ကျုံ့ကျုံ့လေးထိုင်ပြီး လက်အုပ်လေးချီမိပါတယ်။

"ဟို .. ဘယ်လိုကဘယ်လိုဖြစ်ပြီး .."

ရှေ့ကို ဘယ်လိုစကားဆက်ရမှန်းမသိတာကြောင့် တစ်ပိုင်းတစ်စနဲ့ရပ်လိုက်တော့ ဟို .. အရောင်ပြောင်းထားတဲ့ မောင်အောင်ညိမ်း က ...

"မောင်နေကျော် ကြည့်ရတာ အတော်ပူလောင်လှချည်ရဲ့ကွယ်"

"ဒါပေါ့ ကိုယ်တော်အောင်ညိမ်း ရယ် .. ကိုယ်တော့်အိမ်က မယားကွန်းရှိတာကိုး .."

ကိုယ်တော်ကြီး အောင်ညိမ်း သူ့စကားကြောင့် မျက်နှာကြီးရှုံ့မဲ့သွားပါတယ်။

"မောင်နေကျော် .. ကျုပ် ပြောတာက ကိလေသာတဏှာ၊



www.burmeseclassic.com

www.burmeseclassic.com



လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေကို ကင်စားတာ .. အဲ .. တင်စားတာ ..”

သူ ကမန်းကတန်း လက်အုပ်ချီပြီး ...

“ဟို .. ဆောရီး .. ကန်တော့ပါ ကိုယ်တော်ကြီး၊ တပည့်တော် နားရှုပ်ထွေးသွားလို့ပါဘုရား၊ ဒါနဲ့ ကိုယ်တော်က ဘယ်လိုက ဘယ်လို”

အောင်ညီမ်း က သမာဓိဆန်စွာ ပြုံးယဲ့ယဲ့နဲ့ အခုလိုပြောပါတယ်။

“တို့ဘုရားလောင်း ဝေဿန္တရာမင်းလက်ထက်က မယ်လိုဒီ ..”

“မဒီ ပါ ကိုယ်တော်ကြီး”

“ငါ သိပါတယ်ကွာ ..”

နေကျော် နှုတ်ခမ်းမဲ့ပြမိမတတ် ..။ ဖော်သေးတာပေါ့၊ မိုးဒီလို့ မပြောတာ ကံကောင်း။

“အင်း .. မဒီ က ဝေဿန္တရာမင်းကြီးအတွက် ပါရမီဖြည့်ဆည်းပေးတဲ့ အဖော်မွန်ကောင်းလေ”

“အဲဒီတော့ ....”

ဆိုလိုရင်းကို နားမလည်သေးတာကြောင့် ခပ်မြန်မြန် သိချင်တာမို့ စကားထောက်ပေးမိတော့ ...

“အင်း .. ကျုပ်လည်း လောကီလူသားတွေအတွက် ပါရမီဖြည့်





ရမယ်လေ”

အတော်မွန်မြတ်တဲ့အလုပ်မို့ နေကျော် သာဓုခေါ်ဖို့အလုပ် .. အောင်ညီမ်း စကားသံက ထပ်ကြပ်မကွာ ပေါ်လာပါသည်။

“ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာသာရေး၊ သာသနာရေးတွေ လုပ်ကြတာ ကြည့်၊ ဟိုဒေါက်တာမလေး ခင်သစ်မာ ဆိုရင် ရိပ်သာတွေဘာတွေ ဝင်လို့၊ ကျုပ်လည်း အားကျတယ်၊ သူ ကောင်းကောင်းမွန်မွန် တရားအားထုတ်နေချိန်မှာ ကျုပ်က ဒီအတိုင်းနေလို့ ကောင်းပါ့မလား။ ပါရမီဖြည့်ဖက်ဆိုတာ ..”

ကျွန်တော် မအောင့်အည်းနိုင်တော့ဘဲ တဟားဟား အော်ရယ်တော့ ကိုယ်တော်ကြီးအောင်ညီမ်း က ကြောင်တောင်တောင်နဲ့ ကျွန်တော့်ကို ကြည့်ပါတယ်။

နေကျော် တဟားဟား အော်ရယ်နေရင်းက အောင်ညီမ်း ကို လက်ညှိုးညွှန်ကာ ...

“ဘာများလဲလို့ နားထောင်နေတာ၊ နှာဗူးကြီးကိုး ..”

အဲဒီအခါကျမှ အောင်ညီမ်း စပ်ဖြီးဖြီးနဲ့ တိုးတိုး ဆိုတဲ့ အမူအရာလုပ်ပြပြီး ...

“အပေါ် .. တိုးတိုးလုပ်ပါကွာ .. သူငယ်ချင်းရာ ..”



www.burmeseclassic.com

www.burmeseclassic.com



အောင်ညိမ်း သူ့ဘေးမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း ရယ်ကျဲကျဲလုပ်နေတော့ ကျွန်တော် ဒီကောင့်ပုံစံကို ကြည့်ကာ ...

"ငါ့မှာ ကြည့်ညိုလိုက်ရတာ၊ မင်းကွာ .. ဘယ်လိုကဘယ်လိုဖြစ်ပြီး .."

"နေဦး .. ငါပြောပြမယ် .. ဒီမှာတော့ မဟုတ်ဘူး၊ လက်ဖက်ရည်ဆိုင်ကျမှ၊ အခုတော့ ဒီမွန်မြတ်တဲ့ဝတ်စုံကို လဲလိုက်ဦးမယ်"

ကျွန်တော် သဘောကျစွာ ရယ်နေမိပါသည်။ ရုတ်တရက် ရောက်ရှိလိုက်တဲ့ ဒီကောင့်ဝေဒနာကိုလည်း အံ့အားသင့်မိပါသည်။

အချစ်ဆိုတာ အလွန်လျှင်မြန်တဲ့ ဗိုင်းရပ်စ်တစ်မျိုးလား ..။

လူ့ဝတ်ကြောင်ဘဝကို ပြောင်းလဲလိုက်တဲ့ အောင်ညိမ်း အခန်းထဲက ပြန်ထွက်လာကာ ...

"ကဲ .. လစ်ရအောင် .."

နှစ်ယောက်သား အိမ်ရှေ့တံခါးကထွက်တော့ အဝင်ဝမှာ အောင်ညိမ်း အမေနဲ့ ဆုံပါတယ်။ ဒေါ်လေးက အောင်ညိမ်း ပုံစံ အပြောင်းအလဲကို တွေ့တော့ ...

"ဩော် .. ငါကတော့ ပရိက္ခရာသွားဝယ်ဖို့ စဉ်းစားနေတာ .."

အောင်ညိမ်း က ရယ်ကျဲကျဲနဲ့ ...





"စောပါသေးတယ် မေမေရာ .. ကျွန်တော့်ရဲ့ဒကာမလေး မရောက်မချင်း မဝယ်ပါနဲ့ဦး"

"ဒေါ်လေးရေ .. စောစောကတည်းက ပိုးသတ်ဆေး ဖျန်းရမှာ၊ အချိန်မီသေးတယ်နော်"

အောင်ညိမ်း က တဟီးဟီးနဲ့ ရယ်သည်။ လမ်းမှာ စိုးမိုး ကို ဝင်ခေါ်ပါသည်။ ဆိုင်ကိုရောက်တော့ အကြောင်းစုံကို စိုးမိုး ကို ရှင်းပြလိုက်ပါတယ်။ အောင်ညိမ်း ကတော့ အရှက်မရှိ တဟီးဟီးနဲ့ ရယ်နေပါသည်။

"မသိပါဘူးကွာ .. ငါ့မှာတော့ ထိုင်ပဲရှိခိုးရမလိုလို ဘာလိုလိုနဲ့.."

"ဒါနဲ့ မင်းက ဘယ်လိုကနေဘယ်လို ဖြစ်သွားရတာလဲ အောင်ညိမ်း"

အဲဒီအခါကျတော့ အောင်ညိမ်း က ညောင်နာနာအသံနဲ့ ...

"မသိပါဘူးကွာ .. ရင်ထဲကိုဝင်လာတာက အတော်ကြာပြီကွ"

"ဘယ်လိုဝင်တာလဲ .. ဖင်ထဲကတစ်ဆင့်လား"

"ဟာ .. ဒီခွေးကောင်၊ ငါ ဖီလင်အပြည့်နဲ့ ပြောနေတာနော်၊ လက်ဖက်ရည်မတိုက်ဘဲ နေလိုက်မှာနော်"

အောင်ညိမ်း က လက်ဖက်ရည်နဲ့ ခြိမ်းခြောက်တော့ စိုးမိုး က



www.burmeseclassic.com

www.burmeseclassic.com



အရှည်ကိုမျှော်ကိုးပြီး ...

"ဘယ်ကပဲဝင်ဝင်ကွာ .. အချစ်ဆိုတာ ဝင်ပြီးရင် ပြန်ထုတ်ရခက်တဲ့ ဖုတ်တစ္ဆေလိုပါပဲကွာ"

အောင်ညိမ်း က အကြောင်းသုံးပါးမရွေးဘဲ စိုးမိုး ရဲ့ဗဟိုချက်တည့်တည့်ကို မျက်စောင်းထိုးပါတယ်။

"ကဲ .. ပြောမယ့်အရေး ပြောပါကွာ၊ လက်ဖက်ရည်သောက်ချင်လာပြီ"

ကျွန်တော်က ခပ်တည်တည်နဲ့ပြောတော့ အောင်ညိမ်း က လှမ်းကန့်ပါတယ်။ ပြီးတော့ အောင်ညိမ်း က သူ မနေနိုင်လွန်းအားကြီးစွာ သွားတွေ့မိတဲ့အကြောင်း ရင်ဖွင့်တော့ ...

"မင်းက အရိုပ်အမြွက်လေးတောင် မပြောလိုက်ဘူးလား"

"မပြောဘဲနေမလားကွ.. အရိပ်အမြွက်တင် မဟုတ်ဘူး၊ အကောလိုက်ကြီးမြင်အောင် ခြောက်ပြတာ၊ သူက နောက်နေတယ်ပဲ ထင်နေတယ်ကွာ"

ကိုထွန်းမင်း က လက်ဖက်ရည်ဖျော်နေရာက လှမ်းကြားနေရတာမို့ ကျွတ်ခနဲ စုတ်တစ်ချက်သပ်ကာ ...

"အဲဒါပေါ့ကွာ .. မင်း အရိပ်ပြပြီး အကောင်လုံးလုံးကြီးခြောက်ပြ





တာတောင် မင်းကို အစွယ်မပါတဲ့ တစ္ဆေ၊ သိက္ခာမရှိတဲ့ သရဲထင်ပြီး ကြောက်ဖို့ကိုတောင် ပြန်သင်ရမလို ဖြစ်နေပြီ"

"ဟာ .. ကောင်းလိုက်တဲ့စကားဗျာ"

"ကောင်းဆို ရှယ်ဖျော်နေကျကိုးဟ .."

"ဘာရှယ်လဲ .. လူမသိသူမသိ ရှယ်လား၊ ဘူးနို့ဆီဆိုပြီး .. ဟင်းဟင်း .."

ကိုထွန်းမင်း က ကျွန်တော့်ရဲ့စကားကြောင့် မျက်လုံးကြီးပြူးပြီး ...

"ဟော့ကောင် .. ဘူးနို့ဆီနဲ့ဖျော်တဲ့ ရှယ်အစစ်ပါကွာ၊ မယုံရင် စိုးမိုး ကို မေးကြည့် ..."

စိုးမိုး က ကြောင်တောင်တောင်နဲ့ ...

"ကျွန်တော်နဲ့ ဘာဆိုင်လဲဗျ"

စိုးမိုး စကားကြောင့် ကိုထွန်းမင်း က ခပ်တည်တည်နဲ့ပြောပါတယ်။

"ဟ .. ဘူးနို့ဆီနဲ့ဖျော်တဲ့ လက်ဖက်ရည်ကို ဗူးသမားသောက်ပြနေမှတော့ ရှယ်တကာ့ရှယ်ပေါ့ကွ"

"ဟာဗျာ ..."

စိုးမိုး ရှက်ကိုးရှက်ကန်းနဲ့ ညည်းတော့ အားလုံးက ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အောင်ညိမ်း ကတော့ မရယ်နိုင်အား ..။ အချစ်ဆိုတာ စတင်ခံစား မိကတည်းက သူ့မှာ လေဖြတ်သလိုလို၊ လေးဖက်နာရောဂါသည်လိုလို၊ မပားတရား စွဲလမ်းခြင်းရဲ့ နုတ်မရတဲ့ဆူးနဲ့ စူးနေသူလေ။

ဒီအချိန်မှာ ပပဝတီ ကိုယ်ထင်ပြပြီး ခင်သစ်မာ နဲ့ လဲမလားလို့ မေးရင် ပပဝတီကို ဆန္ဒင်းလိမ်းထားတဲ့ကုလားမဆိုပြီး ချေးများချဝ်ရင် များနေမယ့်အစွဲအလမ်းနဲ့ ပပဝတီကို (welcome) လုပ်မယ်တောင် မထင်တာ အမှန်ပါ။

"ဒါဆို မင်း သူ တောထွက်ရင် လိုက်သွားကွာ"

"ဟော့ကောင် စိုးမိုး၊ တရားစခန်းကထွက်ရင် ပြောစမ်းပါ၊ ဘာသာ ရေးနဲ့ ဘယ်လောက်နီးစပ်လဲ၊ အဲဒါသာ ကြည့် .."

အခွင့်အရေးရတုန်း သာသာနဲ့နာနာနက်တော့ စိုးမိုး ကလည်း မခေ၊ ပြန်ပက်ပါတယ်။

"ဘာထူးလဲ မင်းကျတော့ရော .. အောင်ညိမ်း၊ အခုကျမှ ဘာသာ ရေးလိုလို၊ သာသနာရေးလိုလိုနဲ့ မင်းလည်းအစက ဓမ္မာရုံလူကြီး ဦးမြင့် တို့နဲ့ပေါင်းပြီး တရားနဲ့၊ ကုလားနဲ့ဆို .."

"ဟာ!... ဟော့ကောင် .."

တစ်ခါတလေ အောင်ညိမ်း က ဓမ္မာရုံလူကြီး ဦးမြင့် တို့နဲ့အတူ





ပိုကာ အပျင်းပြေ ကစားတတ်ပါသည်။ အပျင်းပြေဆိုပေမယ့် ဘယ် လောက်ပျင်းသလဲဆိုရင် တစ်ခါထိုင်မိရင် လေးငါးနာရီပါ။

"ကဲ .. နှစ်ကောင်လုံး၊ မင်းတို့ရဲ့ ကမ္ဘာကျော်ဂုဏ်ပုဒ်တွေကို ထုတ်ပြမနေကြနဲ့ ကဲ .. ကိုယ်တော်ကြီးအောင်ညိမ်း၊ မင်း ဘာလုပ်မှာ လဲ .. ကြာပါတယ်ကွာ၊ သစ်မာ ရိပ်သာက ဘယ်တော့ထွက်မှာလဲ"

အောင်ညိမ်း က သစ်မာ တရားစခန်းထွက်မယ့်ရက်ကို ပြောပြ ပါတယ်။ နေကျော် လက်ဖျောက်တစ်ချက်တီးပြီး ...

"အိုကေ .. မင်း အဲဒီနေ့ သွားကြိုပြီး ဖွင့်ပြောလိုက်ကွာ"

"ကောင်းပါ့မလားကွာ .. တရားစခန်းထိ လိုက်ပြီး ..."

"ဟာ .. သူ တရားထိုင်နေတဲ့အချိန်မှ မဟုတ်တာ၊ တစ်ခုရှိသေး တယ်"

"ဘာလဲ .."

"အဲဒါက သူ့ရဲ့ ဘာသာတရားအပေါ် ဘယ်လောက်ခိုင်မာသလဲ၊ စမ်းသပ်ရမယ်၊ သူ့ရဲ့ခိုင်မာတဲ့စိတ်ဓာတ်နဲ့ ဘာသာတရားအပေါ် အာရုံ ရှိနေရင် မင်းကို ငြင်းမှာပဲ .. မဟုတ်ဘူးလား"

အဆင်းဘီးတပ်ပြီး ကန်ချမှန်း ဒီကောင် မရိပ်မိပါ။

"အေးကွာ .. ငါ သွားကြိုမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုမှပေါ့ကွ .."

အောင်ညီမ်း ကတော့ ကြုံတွေးပြီး ပျော်နေပါသည်။ ခင်သစ်မာ ကိုတော့ အားနာပါရဲ့။ ဒါပေမယ့် လက်ဖက်ရည်က ဒီနေ့ ပိုသောက်လို့ ကောင်းသည်လေ။ ပြီးတော့ အောင်ညီမ်း ပျော်နေသည်ဆိုတော့ ကမ္ဘာကြီးငြိမ်းချမ်းတာပေါ့။

စိုးမိုး ကတော့ လက်ဖက်ရည်တင်အားမရဘဲ ဘယ်လက်မှာ မုန့် တစ်ခု၊ ညာလက်မှာ စီးကရက်တစ်လိပ် ..။

အောင်ညီမ်း က တဟဲဟဲ ..၊ မျက်နှာကို မပျက် ..။ ပျက်စရာ မျက်နှာလည်း ကျန်မနေပါဘူးလေ။





"ကြီးကြီး .. သွားမယ်နော်"

"အေး .. အေး ..သမီး၊ သွား ..သွား .."

ရိပ်သာတရားစခန်းပြီးတော့ ပြန်ဖို့ ပြင်ဆင်ကြပါတယ်။

ကြီးကြီး ကတော့ ပြောပါတယ်။ သူတို့တရားစခန်းဝင်တဲ့ ရိပ် သာရဲ့နောက် ကျောကပ်လျက်မှာ ဘူတာတစ်ခု ရှိသည်လေ။

ကျိုက်ထိုဘက်က လာတဲ့ ရထားလာမှ ပဲခူးအထိ စီးသွားပါ သားတဲ့။ ပဲခူးမှတစ်ဆင့် ရန်ကုန်ကို ပြန်ရသည်က လွယ်ကူသည် လေ..။

သစ်မာ က ရန်ကုန်ကို စောစောရောက်ချင်တာကြောင့် ကျောင်း ကို ပစ္စည်းပစ္စယလာပို့တဲ့ ကုန်ကားနဲ့ ကျောင်းကနေ ကားလမ်းမပေါ် လမ်းကြုံလိုက်သွားပြီး လမ်းမပေါ်ရောက်မှ ရန်ကုန်သွားတဲ့ အဝေး



www.burmeseclassic.com

www.burmeseclassic.com



ပြေးကားကို တားစီးရင် အဆင်ပြေမယ်လို့ အစီအစဉ်ချထားလိုက်ပါတယ်။

သစ်မာ သူမ သယ်ရမယ့် အိတ်တစ်အိတ်နဲ့ ဆွဲခြင်းတစ်ခုကို သယ်ဖို့ပြင်လိုက်စဉ်မှာ ...

"ဖယ် .. သစ်မာ .."

ပြောလည်း ပြော၊ သူမ သယ်မယ့်ခြင်းကို ဝင်သယ်လိုက်တဲ့ လက်တစ်စုံကြောင့် သူမ ကမန်းကတန်း မော့ကြည့်လိုက်တော့ ...

"ဟင် .. ကိုအောင်ညိမ်း။ ဘယ်လိုကဘယ်လို ..."

အောင်ညိမ်း က ကော်လံကတုံးတွေ၊ ယောပုဆိုးတွေနဲ့ဆိုတော့ ချက်ချင်း မမှတ်မိချင်ပြန်။

"ဟိုလေ .. သွေးလှူဖို့ .."

အောင်ညိမ်း ရဲ့ ရယ်ကျဲကျဲနဲ့စကားကြောင့် ရိပ်သာက ထွက်ခါစ ယောဂီမလေး နှုတ်ခမ်းလေးစူ၊ မျက်စောင်းလေးထိုးပြီး ...

"ဒကာမ .. ကိလေသာနဲ့ စပတ်သက်ပြီလား"

အောင်ညိမ်း ရဲ့အမေးကြောင့် သူမ ရှက်ကိုးရှက်ကန်းနဲ့ တဏှာနဲ့ပတ်သက်တဲ့ ကိလေသာတွေကို မျက်နှာပေါ် ဖန်တီးမိပြန်သည်။

"ကဲ .. လာ ဒကာမလေး၊ ဒကာလေးမှာ ကားပါတယ်"





အခုမှတော့ ပြောလည်း ဘာမှပိုထူးတော့မှာ မဟုတ်တာကြောင့် အောင်ညိမ်း ဦးဆောင်ရာနောက်ကို လိုက်ခဲ့ပါတယ်။

"ဟင်!... ဒါက ကား .."

"အင်းလေ ..၊ ဘာဖြစ်လို့လဲ"

ကားတော့ ကားပေါ့။ ဒါပေမယ့် အောင်ညိမ်း ယူလာတဲ့ကားက အုတ်ခဲတို့၊ သဲတို့တင်တဲ့ ပက်လက်ကား ..။ အောင်ညိမ်း ကို ကြည့်တော့ စပ်ဖြီးဖြီး ..။

"ဟိုလေ .. ကျွန်တော်နဲ့ သစ်မာ နဲ့ လွတ်လွတ်လပ်လပ်စီးရဖို့က အရေးကြီးတယ်လေ၊ ရှေ့ခန်းက အကျယ်ကြီးဟာ၊ ပြီးတော့ လမ်းမှာ ပစ္စည်းလေးဘာလေး ဝယ်ချင်ရင် ကြိုက်သလောက် ဝယ်၊ အဆင်ပြေဖို့ အရေးကြီးတယ်လေ၊ ကျွန်တော်တွေက အပေါ်ယံ ဈေးကြီးခွင်ကျယ် ပကာသနတွေပဲဟာ .."

သူမ ရယ်လည်း ရယ်ချင်မိပါတယ်။

အင်းပေါ့လေ .. ကိုအောင်ညိမ်း ပြောသလိုပဲ သက်သောင့်သက်သာ စီးရဖို့က အရေးကြီးတာပါ။ ကျွန်တော်တွေက ဈေးကြီးခွင်ကျယ်တွေပါ။

အခုတော့ ဒီလူ ဘာကြောင့် မထွေးဖြစ်တဲ့ ကျွန်မအနားမှာ ရွှေ



www.burmeseclassic.com

www.burmeseclassic.com



စွန်ညိုကြီးလို ဝဲရတာလဲဆိုတာ သိလိုက်ရပါပြီ။

တစ်လမ်းလုံး သူက စကားလေးပြောလိုက်၊ ကားမောင်းလိုက်နဲ့ပါ။ လမ်းမှာ ဖရဲသီးဈေးတန်းတွေ့တော့ ဆင်းဝယ်လိုက်နဲ့ ပျင်းစရာကို မရှိပါဘူး။

ကျွန်မ တစ်ယောက်တည်းဆိုရင် ဒီလို လွတ်လွတ်လပ်လပ် ပြန်လာရဖို့ အခွင့်အရေးမရှိမှန်း သိပါတယ်။

ဒီလိုနဲ့ လှည်းကူးအကျော် ပြည်လမ်းမဘက် ချိုးရင်း ...

"သစ်မာ .. အချိန်ရတယ် မဟုတ်လား"

"ရတယ်လေ ကိုအောင်ညီမိုး"

အောင်ညီမိုး က ခေါင်းညိတ်ပြပါတယ်။ ဘယ်သွားလို့ ဘယ်လာမယ် .. သစ်မာ ပြန်မမေးမိ။

ကားကြီးက တဒုန်းဒုန်း တဒိုင်းဒိုင်းနဲ့ ခေတ်မီဆန်းပြားတဲ့ ရန်ကုန်မြို့တော်ကြီးထဲကို ဝင်လာပါတယ်။

"ဟင် ..."

အောင်ညီမိုး ခြံဝင်းလေးတစ်ခုထဲ ကားကို ချိုးကွေ့လိုက်ပါတယ်။

အောင်ညီမိုး ချိုးကွေ့လိုက်တဲ့ခြံက ခေတ်မီသားနားတဲ့ အဆင့်





မြင့် ကော်ဖီဆိုင်လေးတစ်ဆိုင် ဖြစ်နေပါတယ်။

သူတို့ကားကိုမြင်တော့ ခြံထဲက ဆက်ကျူရတီက ပါးစပ်အဟောင်းသား ..။

ဟုတ်တယ်လေ ..၊ ဒီလိုကားမျိုးနဲ့ ဒီလိုခြံဝင်းမျိုးက ဘယ်လိုပတ်သက်မှုမှ မရှိနိုင်တာကိုး ..။ ဝန်ထမ်းကောင်လေးတွေ မပြောနဲ့ သစ်မာကိုယ်တိုင်တောင် ယောင်နန။

"ဆင်းလေ .. သစ်မာ"

"ဩော် .. အင်း .. အင်း .."

သစ်မာ ကြောင်တောင်တောင်နဲ့ ဆင်းလိုက်ရပါတယ်။ သူတို့နှစ်ယောက်ပုံစံကိုလည်း ကြည့်ပါဦး ..။

သစ်မာ ဝတ်ထားတာက ယောဂီဝတ်စုံ ..။ အဖြူရောင် ရင်စေ့အင်္ကျီနဲ့ ယောဂီထဘီနဲ့။ အောင်ညီမိုး က ကော်လံကတုံးအဖြူနဲ့ ယောပုဆိုးနဲ့။ ကားပုံစံကလည်း ကြည့်။

အောင်ညီမိုး က တအံ့တသြနဲ့ ငေးကြည့်နေတဲ့ ကောင်လေးကို ကားသော့ ပစ်ပေးပြီး ...

"မင်း ပါကင်ထိုးချင်ရင် ထိုးလေ၊ လာ .. သစ်မာ"

သစ်မာ ကိုခေါ်ပြီး ဆိုင်ထဲဝင်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲကလူတွေကလည်း သူတို့အတွဲကိုကြည့်ပြီး ဘယ်လိုလူတွေလဲလို့ တွေးနေကြမှာ သေချာပါတယ်။

သစ်မာ ကတော့ ရှက်လို့ထင်ပါရဲ့ .. ခေါင်းငုံ့နေပါတယ်။ အောင်ညိမ်း က ထီမထင်တဲ့ မျက်နှာပေးနဲ့ ...

"ဘာဂုဏ်ငယ်စရာရှိလို့လဲ .. သစ်မာ လည်း တရားသဘောကို သိတာပဲ၊ အပေါ်ယံတွေကို အရေးစိုက်မနေနဲ့၊ ကဲ .. ဘာစားမလဲ"

အောင်ညိမ်း ပြောတာလည်း ဟုတ်ပါတယ်။ သေချာပြန်စဉ်းစားကြည့်တော့ ကိုယ့်ပိုက်ဆံနဲ့ကိုယ် စားတာပဲ၊ ရှက်စရာ မဟုတ်။

"အင်း .. ကော်ဖီတစ်ခွက်နဲ့ ဆင်းဒဝှစ်ချ်တစ်ပွဲဆိုရင် ရပါပြီ"

အောင်ညိမ်း က အစားအသောက်တွေ မှာလိုက်ပါတယ်။ ပြီးတော့ အေးအေးဆေးဆေး လေသံနဲ့ ...

"ကျွန်တော် တရားသဘောလေးတစ်ခုကို မသိလို့ မေးလို့ ရမလား သစ်မာ"

အလို့ .. ဒီလိုဆိုတော့လည်း အောင်ညိမ်း က တရားတွေဘာတွေ စိတ်ဝင်စားပါလားလို့ ကျိတ်ပြီး အမှတ်ပေးမိပါသည်။

"မေးလေ .. သစ်မာ သိရင်တော့ ဖြေပါ့မယ်၊ မသိရင်လည်း သစ်မာ တို့ ကိုးကွယ်တဲ့ ဆရာတော် ရှိတယ်လေ"





"အာ .. ရတယ်၊ သစ်မာ သိမှာပါ"

သူမ စိတ်ဝင်တစား နားထောင်မိပါသည်။

"အာရုံကို တည်ငြိမ်အောင် ထားတယ်၊ အသက်ကို ရှူတယ်၊ ထုတ်တယ်၊ ဒါပေမယ့် အာရုံထဲမှာ ဝေးသွားလိုက်၊ နီးလာလိုက် ဖြစ်နေတယ်"

သူမ ပြုံးမိပါသည်။

"သမထအားနည်းလို့ ဖြစ်မယ် ကိုအောင်ညိမ်း၊ ဒါက ချက်ချင်းလုပ်လို့ မရဘူးလေ၊ သမထအား တည်ငြိမ်ဖို့ ဆရာကောင်းရှိဖို့ လိုတယ်၊ ဒါပေမယ့် ကောင်းကောင်း လမ်းညွှန်နိုင်မယ့် လူတစ်ယောက်ယောက်ရှိရင်လည်း ဖြစ်ပါတယ်"

"ဟုတ်ကဲ့ .. ကျွန်တော်လည်း လမ်းညွှန်နိုင်မယ့် ဂိုဒ်ကောင်းကောင်း ရှာနေတာပါ၊ ဥပမာ .. မသစ်မာ ပေါ့"

"ရှင်!..."

ရုတ်တရက်မို့ လန့်ဖျန့်သွားပါတယ်။

"ကျွန်တော် အာရုံကို ဘယ်လိုပဲ တည်ငြိမ်အောင်လုပ်လုပ် မ[illegible]မှာ ပုံရိပ်ကို ဖျောက်လို့ မရဘူးလေ၊ စားလည်း ဒီစိတ်၊ သူမလည်း ဒီစိတ် ဖြစ်နေတာပါ မသစ်မာ၊ သံသရာကလွတ်ချင်ရင်တော့ တဏှာ



www.burmeseclassic.com

www.burmeseclassic.com



ကို တဏှာလို့ အမှန်အတိုင်းမြင်ဖို့ လိုအပ်တယ်ဆိုတာ ကျွန်တော် သိပါတယ်၊ တဏှာကိုမပယ်နိုင်တဲ့ ကာလအတိုင်းအတာ တစ်ခု အတွင်းမှာတော့ ကျွန်တော် မသစ်မာ ရဲ့ ပါရမီဖြည့်ဖက်အဖြစ် ကူညီခွင့်ပေးစေချင်ပါတယ်၊ ဒါပါပဲ မသစ်မာ ..”

သစ်မာ ရှက်လည်း ရှက်၊ မျက်နှာတွေလည်း ထူပူမိပါတယ်။ ဝတ်ထားတာက ယောဂီဝတ်စုံ ..။

ဘာတွေ ဘယ်လိုဖြစ်နေပါလိမ့်နော် ..။





“သစ်မာ ရယ် .. နင် တရားသွားအားထုတ်တာကလည်း တရားတင် မဟုတ်ဘူး၊ ရည်းစားပါ ရလာတယ်လို့ဟယ် ..”

မာလာ က သစ်မာ တို့နှစ်ယောက်ကိုကြည့်ပြီး ကြည်ကြည်နူးနူး ပြောမိတော့ သစ်မာ ရှက်ပြီး ဘေးက အောင်ညီမ်း ကို ဆွဲဆိတ်ပါ တယ်။

“ဟောဗျာ .. ကိုယ်နဲ့ဘာဆိုင်လို့လဲ သစ်မာ ရယ် ..”

“အို .. အို .. ဘာလို့မဆိုင်ရမှာလဲ၊ ကို့ကြောင့် သစ်မာ အပြောခံ ရတာ ..”

သုနန္ဒာ ကတော့ ဘာမှမပြော ..။ သူတို့နှစ်ယောက်ကိုကြည့်ပြီး တပြုံးပြုံး ..၊ စိုးမိုး က လက်ကနှာရိကို ကြည့်ပြီး ...

“ဟိုကောင် မလာသေးဘူးလား အောင်ညီမ်း ..”



www.burmeseclassic.com

www.burmeseclassic.com



အောင်ညီမ်း .. စိုးမိုး စကားကြောင့် လမ်းမဘက်ကို တစ်ချက်လှမ်းကြည့်ပြီး ...

"အေးကွာ .. ဘာဖြစ်လို့ နောက်ကျနေလဲ မသိပါဘူး"

ဒီနေ့ သစ်မာ နဲ့ အောင်ညီမ်း ချစ်သူဖြစ်တဲ့ အမှတ်တရပွဲအဖြစ် နှစ်ဖက်သူငယ်ချင်းတွေကို ဒီဆိုင်လေးမှာ ဧည့်ခံ ကျွေးမွေးခြင်းဖြစ်ပါသည်။

နေကျော် ပြောသလိုပေါ့။ သစ်မာ ဓာတ်မီးတစ်လက် ရပြီတဲ့။ သစ်မာ က အူကြောင်ကြောင်နဲ့ပြန်မေးတော့ ဒီကောင်က လက်ဆုပ်လက်ကိုင်ရလိုက်သလို ကိုယ့်ကို လမ်းပြဦးဆောင်မယ့်သူလည်း ရပြီတဲ့ ..။

ထုံးစံအတိုင်း ဒီစကားအတွက် ဒေါ်ရွှေသုနန္ဒာ က နှာခေါင်းရှုံ့ ရင်း ကြီးကျယ်ရန်ကောပေါ့။ (အမှန်တော့ မောင်နေကျော် မကြီးပါ၊ ပြီးတော့ မကျယ်ပါ၊ အမှန်အတိုင်းပြောခြင်း ဖြစ်ပါသည်)

"ဟော .. မင်းသား လာပါပြီ"

စိုးမိုး အသံကြောင့် သူမ ဖျတ်ခနဲ ကြည့်မိသည်။ ခပ်လှမ်းလှမ်းမှာကတည်းက အားလုံးကိုရယ်ပြပြီး သူတို့ဆီ ဦးတည်လျှောက်လာတဲ့ နေကျော် ကို အထင်းသား မြင်ရပါသည်။





"မင်းသား လာပြီဆိုတော့ .. ကဲ .. မင်းသမီး ..."

စပ်ဖြဲဖြဲနဲ့ မာလာ က သူမကို တိုးတိုးပြောတော့ သူမ လှမသိအောင် မာလာ့ ပေါင်ကို ဆွဲဆိတ်ပြီး ...

"နင်နော် .. ဘာဖြစ်နေလဲ၊ ဟိုကကြားသွားမှဖြင့် ရောင့်တက်နေဦးမယ်"

မာလာ ကလည်း တိုးတိုးပြန်ပြောပါသည်။

"ဟဲ့ .. ငါ ဘာပြောလို့လဲ၊ ကဲ .. မင်းသမီး .. ဘာစားမလဲ ပြောမလို့ဟာကို .."

"အောင်မာ .. ငါ မသိဘူး မှတ်လို့ .."

နေကျော် သူမ ရှေ့တည့်တည့်စားပွဲရဲ့ တစ်ဖက်မှာ ဝင်ထိုင်ပါသည်။ အောင်ညီမ်း က ခရီးရောက်မဆိုက် အပြစ်ပြောနေပါသေးသည်။

"မင်းကွာ .. ကြာလိုက်တာ .."

"ကြာဆို မင်းညီမက မပြီး .. ငါက ကြာ ..."

"ဘာ .. ဘာကြီး .."

"ဟိုလေ .. လမ်းမှာ မင်းရဲ့ညီမ ငြိမ်းငြိမ်း နဲ့တွေ့တော့ ကိုနေကျော် သမီးနဲ့ လဝကရုံးလိုက်ခဲ့ပါဆိုလို့ သူ့စာရွက်စာတမ်းတွေ ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်ပေးတာ .. သူ့ကိုစွကမပြီးတော့ ကြာတာပေါ့၊ အဲဒါ ..”

စိုးမိုး က တခွီးခွီး ရယ်ပါသည်။

“လက်ဖက်ရည် ရှယ်တစ်ခွက်ပော့ .. ဖွန်းမထည့်နဲ့”

နေကျော် လှမ်းမှာပြီး သူ့ရှေ့တည့်တည့် စားပွဲအလယ်က ပေါက်စီကို လှမ်းအယူ၊ သုနန္ဒာ ကလည်း ပေါက်စီကို လှမ်းအနှိုက်၊ လက်နှစ်ဖက် ပေါက်စီတစ်လုံးထဲကို ပြိုင်တူကိုင်မိပါတယ်။

နေကျော် မျက်ခုံးမြင့်တက်သွားပြီး သုနန္ဒာ ကို ကြည့်ပါတယ်။ သုနန္ဒာ ကလည်း မျက်မှောင်ကျုံ့ပြီး နေကျော် ကို ကြည့်ပါတယ်။ နေကျော် လေဒီဖတ်စ် ဆိုတဲ့သဘောနဲ့ ပေါက်စီကို လက်လွှတ်ပြီး တခြားမုန့်တစ်ခုကို လှမ်းအယူ၊ သူမကလည်း သူ့လိုပဲ ရည်ရွယ်ချက်နဲ့ တခြားမုန့်တစ်ခုကို လှမ်းအယူ၊ ခုနလိုပဲ ရွေးချယ်မှုက တူညီနေပြန်ပါတယ်။ ဒီတစ်ခါတော့ သုနန္ဒာ နေကျော့် လက်ကို ပြန်ရုတ်မှာပဲထင်ပြီး မုန့်ကို လှမ်းအဆွဲ၊ နေကျော် ကလည်း သူ့လို လှမ်းအဆွဲ၊ မုန့်က သူတို့နှစ်ယောက်အတွက် တစ်ယောက်တစ်ပိုင်းစီ ဖြစ်သွားပါတော့တယ်။

အားလုံးက မထင်မှတ်တဲ့ဖြစ်ရပ်ကြောင့် မတိုင်ပင်ဘဲ ဝါးခနဲ ရယ်ချလိုက်ကြပါတယ်။ စိုးမိုး က မျက်ရည်ထွက်မတတ် ရယ်ရင်း ..

“တရုတ်သိုင်းကား ကြည့်ရသလိုပဲ .. ရှုပ်နေတာပဲ”





“သိုင်းကားတော့ သိုင်းကား၊ အဆင့်မြင့်သိုင်းကား၊ သိုင်းကားနာမည်က တစ်ယောက်တစ်ခြမ်း အချစ်ရဲ့ခွဲတမ်း တဲ့”

သုနန္ဒာ နေကျော့် ကို မကျေမနပ်နဲ့ကြည့်ကာ ရှက်ရှက်နဲ့ နေကျော် ကို အဲဒီမုန့်နဲ့ ကောက်ပေါက်ကာ ကားဆီကို ထွက်ပြေးသွားတော့ မာလာ ကမန်းကတန်းလိုက်ရင်း ...

“ဟဲ့ .. ဘယ်လဲ၊ ဒီကလေးမ .. ရှက်ရမ်းရမ်းပြီး ပြေးပြီ၊ ဟဲ့ ..”

မာလာ မမီတော့ပါ။ မာလာ ဝိုင်းကိုပတ်ပြီး ဆိုင်ပြင်ရောက်တော့ ဟိုက ကားမောင်းပြီး ထွက်သွားပါပြီ။

နေကျော် ပြုံးစိစိနဲ့ သုနန္ဒာ ကောက်ပေါက်လိုက်တဲ့မုန့်ကို အားရပါးရစားနေတာကို မြင်တော့ သစ်မာ က ...

“နေကျော် ... ရှင် ဒီမုန့်ကို အမှတ်တရ သိမ်းထားရမှာ ..”

“အေးလေ ..”

တစ်ယောက်တစ်ပေါက် သူ့ကို ဝိုင်းစကြတော့ နေကျော် က ပလုတ်ပလောင်းနဲ့ ...

“နောက်မှ အမှတ်ရတော့ .. ဗိုက်က တဗွီဗွီနဲ့အရှက်ရတော့မယ်”

ပေါ့ပေါ့ပါးပါးပြောပြီး ငှဲ့ထားတဲ့ရေနွေးကို စိမ်ပြေနပြေ [illegible]သောက်နေတော့ မာလာ ဝင်ထိုင်ရင်း နေကျော် ကို [illegible]ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင် .. သုနန္ဒာ ကို စိတ်မဝင်စားဘူးလား"

ထူးထူးဆန်းဆန်း မေးလာတဲ့ မာလာ့ စကားကြောင့် နေကျော် မျက်ခုံးမြင့်တက်သွားပါတယ်။ သူ မျက်လုံးကလယ်ကလယ်နဲ့ တစ်ယောက်ချင်းစီကို လိုက်ကြည့်တော့ သူတို့အားလုံးကလည်း သူ့အဖြေကို စောင့်မျှော်နေတဲ့ပုံနဲ့ ဝိုင်းကြည့်နေကြပါတယ်။

"အဟဲ ..."

ကပ်နေတဲ့ သွားပေါ် ကမုန့်ကို စုပ်ယူလိုက်တော့ စိုးမိုး က ရွံ့ရှာဟန်နဲ့ ...

"ထွီ .. ရွံစရာကွာ .."

နေကျော် က စပ်ဖြဲဖြဲနဲ့ ...

"ဩော် .. အဲဒါကျတော့ ရွံ့တယ်၊ ဟိုလို .."

အဓိပ္ပာယ်ပါပါနဲ့ အောင်ညီမ်း နဲ့ သစ်မာ ကို ကြည့်တော့ သစ်မာ ရှက်ကိုးရှက်ကန်းနဲ့ ခေါင်းငုံ့သွားသည်။ ဟိုကောင် အောင်ညီမ်း က မျက်လုံးပြူးပြသည်။ မာလာ က မသိချင်ယောင်ဆောင်နေပြီး ...

"ကဲပါ .. မေးတာသာ ဖြေစမ်းပါ"

နေကျော် လက်ဖဝါးချင်းပွတ်ကာ မုန့်အပေတွေကို ဖယ်တော့ စိုးမိုး နှာခေါင်းရှုံ့ပြန်သည်။ ပြီးတော့ နေကျော် က သူ့ပေါင်ကို သူ့လက်





နဲ့ပွတ်တော့ ...

"မင်း တော်တော်ညစ်ပတ်တဲ့ကောင်ကွာ .."

စိုးမိုး က မနေနိုင်တော့ဘဲ ထပ်ပြောတော့ နေကျော် က တဟားဟားနဲ့ ...

"ဟေ့ကောင် .. ငါ ဖြေဖို့ ရှက်နေတာကွ"

နေကျော့် စကားကြောင့် အားလုံး ဝိုင်းရယ်ကြပါတယ်။ သစ်မာ က ခေါင်းတခါခါနဲ့ ...

"နေကျော် ရယ် .. ရှင် ရှက်တာကလဲ .."

နေကျော် က သစ်မာ စကားကြောင့် အခုလို ပြောပါတယ်။

"သစ်မာ ရယ် .. ရှက်ရင် ပွတ်ရတယ်ဆို ..၊ အဲဒါကြောင့် ပွတ်နေတာလေ"

"ရှင် ပွတ်နေတာကလည်း လက်သုတ်နေသလိုပဲ"

သစ်မာ က နှာခေါင်းရှုံ့ပြောတော့ သကောင့်သားက အခုလို ပြန်ပြောသည်။

"ဩော် .. သစ်မာ ရယ် .. အိုဗာအိုက်တင်နဲ့ မရှက်ချင်ပို့ပေါ့၊ ပေါ့ပေါ့ပါးပါးလေး ရှက်ပြတာ၊ လူဆိုတာ ရှက်ရင် နှစ်မျိုးလုပ်တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်စမ်းပါဦး .."

"အေး .. လူတွေရှက်ရင် နှစ်မျိုးပဲ လုပ်တတ်တယ်၊ တစ်မျိုးက လုံးတယ်၊ တစ်မျိုးက ပွတ်တယ်၊ ဒါပဲ"

မာလာ က မျက်စောင်းထိုးပါသည်။

"ကဲပါ .. ပြောမယ့်အရေးကို .."

နေကျော် ပြုံးစိစိနဲ့ ခေါင်းညိတ်ပြီး ...

"အဟမ်း .. ဖြေပွဲမယ်၊ စိတ်ဝင်စားတယ် .. ပြီးတော့ ချစ်တယ်"

ဖြေပုံကြီးက အရမ်းလွယ်နေတာကြောင့် စိုးမိုး က ...

"မင်းဖြေပုံကလည်း ပေါ့ပျက်ပျက်နဲ့ကွာ .."

"ဘယ်လို ..၊ ဒါဆိုရင် ငါကပဲ ပါးစပ်ထဲ ငံပြာရည်လောင်းပြီး ပြောရမယ်ပေါ့၊ ဟောကောင် .. အပိုတွေပြောလည်း ဒီအဓိပ္ပာယ်ပဲ၊ မထူးပါဘူးကွာ"

"ဒါပေမယ့် ကိုနေကျော့် ပုံစံက မချစ်သလိုပဲ"

မာလာ့ စကားကြောင့် နေကျော် ပြုံးမိသွားပါတယ်။

"အင်း .. မာလာ ပြောတာ မှန်ပါတယ်၊ မချစ်သလိုမဟုတ်ဘူး၊ မဖြစ်နိုင်တဲ့ အနေအထား၊ စိတ်တူကိုယ်တူ မဟုတ်တော့ ရင်ထဲက အင်ဂျင်ကို လောင်စာဆီ ထည့်မပေးတာ .."





"ဘာလို့ မဖြစ်နိုင်ရတာလဲ နေကျော် ရယ် .."

"ဒီလို .. သစ်မှာ၊ သူနဲ့ကျွန်တော် ရည်းစားဖြစ်ရင် ဘယ်လိုပုံစံလဲ ဆိုတော့ ကုလားလေးတစ်ယောက်နဲ့ ကချတ်မလေးတစ်ယောက် ရည်းစားဖြစ်သလိုပဲ၊ ဘယ်လိုမှ အပ်စပ်မှာ မဟုတ်ဘူး၊ ဒီလောက်ပဲ ပြောတတ်တယ်"

"မင်းကွာ ..ပေါက်ပေါက်ရှာရှာ .."

စိုးမိုး ပြောသာပြောလိုက်ရပေမယ့် နေကျော် ပြောတဲ့ဥပမာက မှန်နေပါတယ်။

လမ်းလွှဲလို့ နိမိတ်ပြထားတဲ့နေရာကို တည့်တည့်ကြီး ဆက်တိုးရင် ကိုယ်ပဲ အထိနာရုံရှိမှာပေါ့။

ဆောင်းရာသီမှာ အတင်းမိုးရွာခိုင်းတော့ ဘယ်လောက်အေးလိုက်မယ့်ဖြစ်စဉ်လဲ ..။ တပေါင်းနေအတွက်တော့ သုနန္ဒာ ဟာ ကျွန်တော့်အတွက် ထီးတစ်လက် မဖြစ်နိုင်ပါ။

တကယ်လို့ ကံကောင်းမယ်ဆိုရင်တော့ ..။




www.burmeseclassic.com

www.burmeseclassic.com



မလိပ်ပိုးမလိမ္မာ ဒီဝေဒနာ
အချိန်အကြာကြီး ဘယ်သူ မွေးတာလဲ ..၊
ဒီနေ့ပေးပြီး ဒီနေ့ ပြန်ယူမယ့်အကြွေး
ရှေ့ရေးတွေးပြီး ရွှေရင်အေးလေး သောက်ပါရစေ ..။
ရင်မောစရာ သက်ပြင်းတွေကို
ဘုရားရှေ့ ခြေတော်ရင်းမှာ
ဝပ်စင်းကာ လွှတ်ပါ .. ရစေ ..။
အခုတော့ ..
အချစ်ဆိုတဲ့ ခြေနှစ်ချောင်း
မကာယ်ကောင်းမှန်း သိပါရဲ့ .. ...။







"သမီးရေ .. မပြီးသေးဘူးလားဟေ့ .."

"ပြီးပါပြီ ဒက်ဒီရဲ့ .."

သူမ လှမ်းအော်ပြီး အခန်းတံခါးဖွင့် ထွက်လာတော့ ဒက်ဒီ့ညီမ အန်တီခိုင် က သူမကိုကြည့်ပြီး ပီတိနဲ့ ...

"ငါ့သမီးလေးကတော့ ဘယ်အချိန်ကြည့်ကြည့် လှပါ့ ချောပါ့ ဟယ်"

"အန်တီနိုင်ကလဲ .. ကိုယ့်ရှောက်သီး ကိုယ်ပြန်ချဉ်နေပြန်ပြီ"

"ဒီကောင်မလေးကတော့လေ .."

အန်တီခိုင် က တပြုံးပြုံးနဲ့ကြည့်ပြီး ကျန်နေခဲ့ပါတယ်။ ဒင်းလေ သူ့နှလုံးသား ရဲ့မိခင် မမနန္ဒာ က သမီးလေး ငယ်ငယ်ကတည်းက ဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



တော့ သူမပဲ မိခင်တစ်ယောက်လို တူမလေးကို ထိန်းကျောင်းလာခဲ့ရတော့ သူမရဲ့သမီးဆိုလည်း မမှားပါဘူး။

သုနန္ဒာ တိုက်ရှေ့ ဆင်ဝင်အောက်ကိုရောက်တော့ ဒက်ဒီက ကားထဲရောက်နေပါပြီ။ သုနန္ဒာ ကားထဲဝင်ထိုင်ပြီး တံခါးပိတ်တော့ ဒက်ဒီက ကားကို မောင်းထွက်ပါတယ်။

ပြီးတော့ ကားမောင်းရင်း လက်မှ နာရီကို ကြည့်ကာ ...

"နောက်တော့ မကျလောက်ပါဘူးနော်"

ဒက်ဒီ့စကားကြောင့် သုနန္ဒာ အခုလို ပြောလိုက်ပါတယ်။

"ဒက်ဒီရယ် .. ပွဲစစချင်းတော့ လူစုံမှာ မဟုတ်သေးပါဘူး၊ ဒီအချိန်လောက်သွားမှ အန်ကယ်မိုး တို့၊ အန်ကယ်မင်းခန့် တို့ လာမှာနဲ့ အတော်ပဲ"

ဒက်ဒီက သူမ စကားကြောင့် တပြုံးပြုံးနဲ့ ဘာမှမပြောတော့။ ဒက်ဒီ့ကို နားဝင်အောင် ပြောနိုင်သူဆိုလို့ ဒီကမ္ဘာမှာ သုနန္ဒာ တစ်ယောက်သာ ရှိသည်။

ဒက်ဒီက ခေါင်းအလွန်မာသူလို့ နာမည်ကြီးသူ တစ်ယောက်လေ။ တချို့စီးပွားရေးကိစ္စတွေမှာ ခေါင်းကြောမာပြီး တမင် အရှုံးခံတဲ့အထိ ပြတ်သားတဲ့သူလို့ သိကြပါသည်။





ညနေ မှောင်ရီစအချိန်မို့ လမ်းမီးတွေက စထွန်းနေပါပြီ။ ဒက်ဒီက မိန်းလမ်းမကြီးအတိုင်း မသွားဘဲ ကြားဖြတ်လမ်းဖြစ်တဲ့ တိတ်ဆိတ်ငြိမ်သက်တဲ့ လူချမ်းသာရပ်ကွက်တစ်ခုကနေ ဖြတ်သည်။

ကားနှစ်စီးစာရှောင်ရုံ လမ်းချိုးတစ်ခုကိုအဖြတ်မှာ ကားမီးရောင်ကြောင့် လမ်းမအလယ်မှာ လူနှစ်ယောက်ကို တွေ့သည်။ တစ်ယောက်က ပက်လက်ကလေး၊ တစ်ယောက်က အဲဒီလဲနေသူကို ပွေ့ချီထားသည်။

ဦးသုနောင် စိတ်ပျက်သွားသည်။ ထုံးစံအတိုင်း အကူအညီတစ်ခု တောင်းတော့မည်ဆိုတာ သိလိုက်၍ ..။

"ရှစ် .. အရေးထဲမှာကွာ .."

ကားမီးရောင်အောက်မှာ သူတို့ကို အကူအညီတောင်းတဲ့မျက်လုံးနဲ့ မော့ကြည့်နေတဲ့လူငယ်ကို မြင်လိုက်တော့ သုနန္ဒာ မျက်လုံးပြူးသွားသည်။

"ဟင် ..."

နေကျော် မှ နေကျော် အစစ်။ ဘယ်လိုကဘယ်လို သူ့ပေါင်ပေါ်မှာ ဆယ့်နှစ်နှစ်အရွယ် ကလေးမလေး ..၊ ပြီးတော့ ချွေးတွေကရွှဲနေသည်ဆိုပေမယ့် သတိတော့ မလစ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကားကို အဲဒီကလေးနဲ့ နေကျော် က လှမ်းကြည့်သည်။

"ဟာ!... ဒီကောင် ..."

ဦးသုနောင် အနားရောက်မှ သူ့ရဲ့မဟာရန်သူတော် ဟိုကောင်လေးမှန်း သိသွားသည်။ အဲဒီကောင်လေးက ကလေးမလေးကို ပွေ့ချီပြီး ကားနားရောက်လာတော့ ...

"ဟေ့ .. ဟေ့ .. ကားနားမကပ်နဲ့၊ ငါ့ကားကို သွေးတွေပေကုန်မယ်"

ကလေးမလေးကို ပွေ့ချီလျက်သား အနေအထားနဲ့ နေကျော် ကြောင်တောင်တောင်ဖြစ်သွားပြီး ထိုလူကြီးကို ကြည့်မိသည်။

နေကျော် ဝတ်ထားတဲ့ စတစ်ကော်လံနဲ့ အင်္ကျီအဖြူမှာလည်း သွေးတွေ ရွှဲနစ်နေပါသည်။

"ဟို .. ကလေးက ဒဏ်ရာမပြင်းပေမယ့် သွေးအရမ်းထွက်နေလို့ပါ အန်ကယ်၊ ကျွန်တော့်ကို အန်ကယ့်ကားနဲ့ ခဏလေး .."

ဦးသုနောင် ခါးခါးသီးသီး ခေါင်းခါသည်။

"အို .. ဘယ်ဖြစ်မလဲကွ .. ဖယ်ပါကွာ၊ ငါ ကိစ္စရှိသေးတယ်"

"ဒက်ဒီ .. ဟိုလေ .."

သုနန္ဒာ လည်း အခုလိုအခြေအနေမှာတော့ နေကျော် နဲ့ မတည့်





တာ အသာထား၊ ကိုယ့်ရှေ့မှာ မြင်နေရတဲ့အဖြစ်အပျက်မို့ ပြောဖို့ပြင်တော့ ...

"သမီး .. ဘာမှမပြောနဲ့၊ ရှုပ်ရှုပ်ယှက်ယှက်တွေ ထားလိုက်၊ ကိုယ်မကယ်လည်း တခြားလူ ကယ်မှာပဲ၊ ဖယ် .. ချာတိတ်၊ ငါ အချိန်သိပ်မရဘူး"

ဦးသုနောင် ပြောလည်း ပြော၊ နာရီကို တကြည့်ကြည့် ..၊

ဒီညနေ့ခံပွဲက အရေးကြီးသည်လေ ..၊ အကျိုးအမြတ်ရှိသည့်ပွဲ။ အမှန်က ညနေ့ခံပွဲက ဟန်ပြ ..။

နေကျော် မမြင်ဖူး မတွေ့ဖူးတဲ့လူတစ်ယောက်လို ဦးသုနောင်ကို ငေးကြည့်မိသည်။

ဘယ်လိုနှလုံးသားနဲ့ မွေးလာတဲ့လူလဲ ..၊ ဒီလို နှလုံးသားနဲ့လူမျိုးကို သူ တစ်ခါမှ မမြင်ဖူး မတွေ့ဖူးခဲ့တာ အမှန်ပါ။

"တောက် ..."

ကားက ဘေးကလို မှိုအတွက်၊ နေကျော် နာနာကြည်းကြည်းတက်ခေါက်မိသည်။ တက်ခေါက်သံကြောင့် ဦးသုနောင် နောက်ကြည့်မှန်မှတစ်ဆင့် လှမ်းကြည့်ပြီး ကားက အရှိန်နှေးသွားသည်။

ထိုလူငယ်ရဲ့မျက်လုံးတွေ သူ့ကားကို အားကိုးတကြီး ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေပုံက ..။

သူ့ခြေထောက်တွေ ဘရိတ်ကို အုပ်မိလျက်သားဖြစ်သွားသည်။ သုနန္ဒာ အားတက်သွားပါတယ်။

"ဒက်ဒီ .."

ဒါပေမယ့် သက်ပြင်းချသံနဲ့အတူ ဆုံးဖြတ်ချက်ချလိုက်ဟန်နဲ့ ကားက ဝေါခနဲ ထွက်သွားပါတယ်။.

ရုတ်တရက်မို့ သုနန္ဒာ ပါးစပ်အဟောင်းသားနဲ့ နေကျော် ကို လည်ပြန်ငေးကြည့်မိသည်။

နေကျော် အံတင်းတင်းကြိတ်လိုက်သည်။ မေးကြောတွေ တင်း မှာ ပြတ်ထွက်မတတ် ..။

လက်ထဲက ကလေးမလေးကို ငုံ့ကြည့်မိတော့ ကလေးမလေးက ငိုတော့မငို ..၊ ဒါပေမယ့် သွေးက တအားထွက်နေသည်။

"သမီး .. ဘာမှမဖြစ်ဘူးနော်"

သူ ဆုံးဖြတ်ချက်ချလိုက်ပါသည်။ ဧည့်ခံပွဲတစ်ခုကိုသွားဖို့ ဒီလမ်း သွယ်ကဖြတ်ပြီး တစ်ဖက်ကားလမ်းကိုသွားဖို့ ရွေးချယ်ခဲ့တဲ့ သူ့ ဆုံး ဖြတ်ချက်က မှားသွားခဲ့တာလား။

ကံတရားတစ်ခုပေါ့လေ။ ဒါမှမဟုတ် ဒီကလေးနဲ့ သူနဲ့က ဆုံမှ





တစ်ခု ဖြစ်ခဲ့တာလား ..။

သူ ကလေးကိုလှမ်းမြင်လိုက်တဲ့အချိန်မှာ တိုက်တဲ့ကားက ထွက် ပြေးသွားပါပြီ။

"ခဏလေး သမီး .."

ကလေးကို ပြန်ပွေ့ချပြီး သူ အင်္ကျီအဖြူကို ချွတ်လိုက်ပါတယ်။ သွေးတအားထွက်နေတဲ့နေရာကို သူ့ရဲ့အင်္ကျီနဲ့ ပတ်ပေးလိုက်သည်။

"သမီး .. ဦး ကို သေချာဖက်ထားနော်"

"ဟုတ်ကဲ့ .."

ဒီလမ်းအခြေအနေက ခေါ်မကြား၊ အော်မကြားလမ်း ..၊ အလှူ မလာရင်တောင် ထွက်မကြည့်တဲ့လမ်း ..။ ခွေးအားကိုးနဲ့ ပတ်ဝန်းကျင် ကို လျစ်လျူရှုနေတဲ့လမ်းလို့ စိတ်ထဲက ကျိန်ဆဲမိပါတယ်။

ကိုရီးယားရုပ်ရှင်ကားတွေထဲကလို မူးနေတဲ့ချစ်သူကို လမ်းမှာ ကုန်းပိုးသွားရတဲ့အဖြစ် မဟုတ် ..၊

အရေးကြီးတဲ့၊ အရေးပေါ် အသည်းအသန်အခြေအနေ၊ ကလေးမ တစ်ယောက်ရဲ့အသက်ကို လုရမယ့်ပွဲ။

လမ်းမီးတိုင်ရဲ့အောက်မှာ သွေးသံရဲရဲနဲ့ ကလေးကိုချီပြီး ပြေး များနေတဲ့အဖြစ်ကို အိမ်တစ်အိမ် အပေါ်ထပ် ပြတင်းပေါက်ကနေ



www.burmeseclassic.com

www.burmeseclassic.com



မမြင်ကြတော့ဘူးတဲ့လား။

ဆိုဟိုက်နေတဲ့ အခြေအနေကို သိပေမယ့် သူ ပြေးနေတဲ့ခြေလှမ်းတွေကို မရပ်ရဲ ..။

ကားသံတစ်ခု ကြားလိုက်ရသည်။ ပြီးတော့ လှမ်းခေါ်သံလိုလို။ နားတွေက အူနေသည်။

"ကျွီ .. .."

သူ့ဘေးမှာ အရှိန်နဲ့ဘရိတ်အုပ်ပြီး ရပ်လိုက်သံနှင့်အတူ ...

"ဟေ့လူ .. တက် .. တက် .."

တက္ကစီတစ်စီးလား၊ ကိုယ်ပိုင်ကားလား .. သူ မသိ။

သူ သိလိုက်တာက ကလေးငယ်ကိုပွေ့ပြီး ကားသမား တံခါးဖွင့်ပေးတဲ့ရှေ့ခန်းမှာ ဝင်ထိုင်ပြီး တံခါးပြန်ပိတ်လိုက်တာကို ဖြစ်သည်။

"ဘာဖြစ်တာလဲဗျ .."

ကားသမားက ကလေးမလေးကို စိုးရိမ်တကြီး လှည့်ကြည့်ပြီး မေးကာ ကားကို အမြန်မောင်းထွက်လာပါတယ်။

"ကားတိုက်ခံရတာဗျ။ တိုက်တဲ့ကားက ပြေးပြီ"

"ဟာဗျာ .. ထင်တော့ထင်သား၊ ကျွန်တော် ဝရန်တာထွက်ပြီး လေညှင်းခံနေတုန်း ခင်ဗျားတို့ကို တွေ့တာနဲ့ အမှီလိုက်လာတာ .."





"ကျေးဇူးပါပဲဗျာ .."

လမ်းမကြီးပေါ် မေးတင်တော့ ကားသမားက ဟွန်းသံအဆက်မပြတ်ပေးပြီး မောင်းလာပါတယ်။

ဆဲသံဆိုသံတွေကို ဂရုမပြုအား ..။

နောက်တော့ အနီးဆုံး ပုဂ္ဂလိကဆေးရုံတစ်ခုရဲ့ဝင်းထဲကို ချိုးကွေ့လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခံပွဲကျင်းပရာ ခြံဝန်းထဲက ကားပါကင်ထိုးတဲ့နေရာရောက်တဲ့အထိ သုနန္ဒာ နဲ့ ဒက်ဒီ တစ်ယောက်ကိုတစ်ယောက် စကားမဆိုမိကြပါ။ ဘာကြောင့်လဲတော့ မပြောတတ် ..။

တစ်ဦးချင်းစီရဲ့ ရင်ထဲမှာ အုံ့မှိုင်းနေသလို ခံစားနေရတာက အမှန်..။ ဦးသုနောင် ကိုယ်တိုင် ကားစက်သပ်ရပ်ပြီးတာတောင် ကားထဲက ချက်ချင်းမထွက်နိုင်ဘဲ ငူငူငိုင်ငိုင်ကြီး ဖြစ်နေခဲ့ပါတယ်။ သုနန္ဒာ သက်ပြင်းချပြီး လည်ချောင်းတစ်ချက်ရှင်းကာ ...

"ဒက်ဒီ .. ဆင်းမယ်လေ"

"ဩော် ... အေး .."

ဒက်ဒီက ဆတ်ခနဲ ဖြစ်သွားပြီးမှ သတိဝင်လာသလို ပြောပါတယ်။





သုနန္ဒာ နဲ့ဒက်ဒီ ကားပေါ်ကဆင်းလို့ ဧည့်ခံပွဲက ဂီတသံတွေကို စကြားရတော့ ဒက်ဒီ ပုံမှန်ပြန်ဖြစ်သွားတာ သုနန္ဒာ သတိထားမိသည်။

"ဟာ .. နောက်ကျလိုက်တာ ကိုသု ရာ .."

ဧည့်ခံပွဲကျင်းပရာ အိမ်ရှင် အန်ကယ်ဇော်သက် က ဒက်ဒီ့ကို တွေ့တွေ့ချင်း လာပြီး နှုတ်ဆက်သလို သူမကိုလည်း ချစ်စနိုးနဲ့ ခေါင်းလှမ်းပုတ်ပါတယ်။

"ဟေ့လူ .. ကိုမိုး ရောက်ပြီလား .."

ဒက်ဒီ့အမေးကြောင့် အန်ကယ်ဇော်သက် က သူ့လက်က နာရီကို ကြည့်ပြီး ...

"အေးဗျာ .. ဒီလူ ဘာလို့နောက်ကျနေလဲ မသိဘူး၊ ဒီလူ အချိန်ပိပ်လေးစားတဲ့သူဗျ။ ကိုမင်းခန့် တို့တော့ ရောက်နေပါပြီ၊ လာဗျာ.."

အန်ကယ် ဇော်သက် က ဒက်ဒီနဲ့သူမကို အထူးစပါယ်ရှယ်ဧည့်သည်ဝိုင်းကို ခေါ်သွားပါတယ်။ ဒက်ဒီက စိတ်လောနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အန်ကယ်မိုးကျော်ခိုင် နဲ့ အရေးကြီးတဲ့အလုပ်ကိစ္စတို့ ဒီဧည့်ခံပွဲမှာ ဆွေးနွေးဖို့ရှိသည်လို့ သူမကို ပြောထားသည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ .. နောက်ကျလိုက်တာဗျာ"

အန်ကယ်ထွန်း နဲ့ အတူထိုင်နေတဲ့ ဒက်ဒီ့မိတ်ဆွေတစ်ယောက်ကပြောတော့ ဒက်ဒီက အမှတ်တမဲ့ ပြောလိုက်သည်။

"အေးဗျာ .. လမ်းမှာ ..."

စကားက တစ်ဝက်တစ်ပျက် ရပ်သွားပါတယ်။ ဒက်ဒီက သူမကို မသိမသာကြည့်ပြီး ...

"ဒီ .. ဒီလိုပါပဲဗျာ .."

ဒက်ဒီ စကားကိုလျှော့ချလိုက်မှန်းသိတာကြောင့် သူမ သက်ပြင်းချလိုက်မိသည်။

"ဟော့ .. မိသူ၊ ညည်း နေမကောင်းဘူးလား"

အန်ကယ်မင်းခန့်က သူမရဲ့အမူအရာကြောင့် လှမ်းမေးပါတယ်။

"ကောင်းပါတယ် အန်ကယ်မင်း"

နောက်တော့ စားကြသောက်ကြ အလုပ်အကြောင်း စကားပြောကြနဲ့ သူမကိုတောင် မေ့နေပုံရသည်။

"ဟော့လူ ... ဘာမျှော်နေတာလဲ၊ ကိုမိုး ကို မျှော်နေတာလား။ အေးဗျာ .. ဒီလူ .."

ခြံပိုင်ရှင် အန်ကယ်ဖော်သက် က ခြံအပြင်ကို တမျှော်မျှော်လုပ်





နေပုံကြောင့် ဒက်ဒီ့မိတ်ဆွေတစ်ယောက်က လှမ်းမေးတာကြောင့် အန်ကယ်ဖော်သက် က လက်ကနာရီကို တစ်ချက်ကြည့်ပြီး ...

"ကိုမိုး ကို မျှော်တာလည်း ပါတယ်၊ ပြီးတော့ ကောင်လေးတစ်ယောက်ကို မျှော်နေတာ .."

"ဘာဗျ .. ကောင်လေးတစ်ယောက် .."

အန်ကယ်ထွန်း မေးလိုက်သံကြောင့် အန်ကယ်ဖော်သက် က စိတ်လျှော့လိုက်ပုံနဲ့ သူ့နေရာမှာ ပြန်ထိုင်ပါတယ်။ ခုံကို လျော့ရဲရဲမှီထိုင်ပြီး သူ့ရှေ့က အရက်ခွက်ကို တစ်ငုံယူသောက်ကာ ...

"အင်း .. ကျုပ် အသည်းအသန်ဖြစ်နေတဲ့အချိန်မှာ လိုအပ်တဲ့ သွေးကို ဆေးရုံကနေတစ်ဆင့် လာလှူပေးတဲ့ချာတိတ်ဗျ၊ ကျုပ် ကျေးဇူးရှင်ဆိုလည်း မမှားဘူး"

"သြော် .. ဟိုတစ်ခါ ခင်ဗျား အက်ဆီးဒင့်ဖြစ်သေးတယ်နော်"

ဒက်ဒီက အမှတ်ရဟန်နဲ့ လှမ်းပြောတော့ အန်ကယ်ဖော်သက် က ခေါင်းညိတ်သည်။

"အေးဗျာ .. ကျုပ်သွေးကလည်း ရှားမှရှား၊ ဝယ်မရဖြစ်နေချိန် ဆေးရုံက ဆေးရုံအုပ်ကြီးက ကျုပ်လေဒီကို အဲဒီသွေးအကြောင်းကို လှမ်းဖုန်းဆက်ခိုင်းတာ၊ ဖုန်းဆက်ပြီးပြီးချင်း သိပ်မကြာဘူး၊ အဲဒီကောင်



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ နောက်တစ်ယောက် ရောက်လာတာ၊ ချာတိတ်နာမည်က နေ .. မောင်နေကျော် .. ဟုတ်တယ် ..”

“ဟင်!...”

သူမ ဆတ်ခနဲ ဖြစ်သွားပါတယ်။ တိုက်ဆိုင်လိုက်ပုံများ ..၊ သူမနဲ့ဆက်နွှယ်တဲ့ အသိုင်းအဝိုင်းအထိ နေကျော် က ပတ်သက်နိုင်လွန်းသည်။ ဒက်ဒီကတော့ လူနဲ့နာမည် မတွဲမိတာကြောင့် ဘာမှမသိ။

“အစကတော့ လူမှုရေးလုပ်ငန်းတွေဆိုတာ အပေါ်ယံအလုပ်၊ လူမြင်ကောင်းအောင်လုပ်ကြတဲ့ အဖွဲ့အစည်းတစ်ခုလို့ ကျွန်တော် အရင်ကထင်ခဲ့တာ၊ ဒါကလည်း ကိုယ်ကိုယ်တိုင် ခလုတ်မထိသေးတဲ့ အချိန်ဆိုတော့ အမိ မဲ့ကာ,မိသေးတာပေါ့။ အခုတော့ ဒီလုပ်ငန်းတွေရဲ့ မွန်မြတ်တဲ့အနှစ်သာရကို ကျုပ်ကိုယ်တိုင် ပေဖြစ်တုန်း ခံလိုက်ရတော့မှ သဘောပေါက်သွားတာ ..”

ဒက်ဒီက အန်ကယ်ဖော်သက် ရဲ့စကားကို ငေးစိုက်ပြီး နားထောင်နေပါသည်။





“ကဲ .. ကျုပ်သွားဦးမယ်ဗျာ ..”

“ဟ .. စောလှချည်လားဗျ”

အန်ကယ်ဖော်သက် က လှမ်းပြောပေမယ့် ဒက်ဒီက ဘာမှပြန်မပြောဘဲ ပြုံး၍သာ အားလုံးကို လိုက်နှုတ်ဆက်ပြီး ပြန်ဖို့ အချက်ပြပါသည်။

ဒက်ဒီနဲ့အတူ ကားရှိရာကိုပြန်လာပြီး ကားထဲဝင်ကာ ခြံဝန်ထမ်းရဲ့လမ်းညွှန်မှုနဲ့ ကားကို ဘက်ခ်ဆုတ်ကာ ခြံဝန်းထဲက ထွက်လာခဲ့ပါတယ်။

သိပ်တောင် မမောင်းလိုက်ရပါဘူး၊ ဖုန်းသံကြောင့် ဒက်ဒီ ဖုန်းနံပါတ်ကိုကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့လူ .. ခင်ဗျားဗျာ၊ ကျူပ်ဖြင့် စောင့်လိုက်ရတာ၊ ဘယ်လို.. ဟုတ်လား ..၊ အင်း .. အင်း .. ကျူပ်လာခဲ့မယ်"

ဒက်ဒီက အရေးတကြီးပြောပြီး ကားကိုပြန်ကွေ့ကာ တခြားလမ်းကြောင်းတစ်ခုကို ဦးတည်လိုက်ရင်း ...

"သမီး ပင်ပန်းနေပြီလား"

"ရပါတယ် ဒက်ဒီ .. ဘာဖြစ်လို့လဲ .."

"အရေးတကြီးကိစ္စရှိလို့ .. ဒက်ဒီ .."

သုနန္ဒာ ဆက်မမေးတော့ဘဲ ငြိမ်ငြိမ်လေး လိုက်လာခဲ့ပါတယ်။ ဒက်ဒီက နာမည်ကြီး ပုဂ္ဂလိကဆေးရုံတစ်ခုထဲ ချိုးဝင်ပြီး ကားပါကင်ထိုးကာ သားအဖနှစ်ယောက် ဆေးရုံထဲကို ဝင်လာခဲ့ကြပါတယ်။

ဒက်ဒီက ရီဆက်ပ်ရှင်မှာမေးပြီး ဓာတ်လှေကားနဲ့ တတိယထပ်ကို တက်လာခဲ့ပါတယ်။ ပြီးတော့ အခန်းတစ်ခုထဲကို တံခါးဖွင့်ပြီး ဝင်တော့ ...

"ဟာ ..၊ လာ .. ကျူပ်က မနက်မှလာမယ်ထင်တာ .."

အန်ကယ်မိုးကျော် က သူတို့ကိုမြင်တော့ ကမန်းကတန်းလျှောက်လာကာ ကြိုဆိုပါတယ်။

အန်တီနှင်း ကတော့ လူနာခုတင်ဘေးကနေ မပီပြင်တဲ့ အပြုံး





ယှဲ့ယှဲ့နဲ့ ပြုံးပြရှာပါတယ်။

"ဘာဖြစ်တာလဲဗျ .."

ဒက်ဒီက အန်ကယ်မိုးကျော် လက်ကို ဆုပ်ကိုင်အားပေးရင်း လူနာဆီ လျှောက်လာကာ မေးတော့ ...

"အေးဗျာ .. ကျူပ်လည်း ညစ်ခံပွဲသွားဖို့ ပြင်ဆင်နေတာနဲ့ သမီးကို သင်တန်းက သွားမကြိုနိုင်လိုက်ဘူးလေ၊ အမြဲတမ်းလည်း ပြန်နေကျဆိုတော့ ဒီလိုပဲထားလိုက်တာ၊ ကလေးက အပြန်မှာ ကားတိုက်ခံရတာ"

"ကျွတ် .. ကျွတ် .. ကျွတ် .. မသေကောင်း မပျောက်ကောင်း.."

ဒက်ဒီက ကရုဏာသက်ဟန်နဲ့ပြောရင်း ခုတင်ပေါ်က အန်ကယ်မိုးကျော် ရဲ့သမီးလေးကို ငုံ့အကြည့် .. ပြောလက်စ,စကား အဆုံးသတ်သွားပါတယ်။

"တိုက်တဲ့ကားကတော့ ထွက်ပြေးသွားတယ်၊ သမီးကတော့ သတိလစ်မသွားခဲ့ဘူး"

ဒက်ဒီ ချွေးစေးတွေပြန်ပြီး မျက်နှာတစ်ခုလုံး ဖြူဖျော့သွားတာ အန်ကယ်မိုးကျော် မသိပေမယ့် သုနန္ဒာ သိနေသည်။

အခန်းထဲဝင်ဝင်ချင်း သုနန္ဒာ ကလေးကို လှမ်းမြင်လိုက်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



က ကံကြမ္မာဆိုတာ ကမ္ဘာမြေကြီးကို နယ်မြေကျဉ်းကျဉ်းလေးဖြစ်အောင် ပြန်လှည့်ပတ်တတ်တဲ့ စွမ်းအားရှင်ပါလားလို့ သုနန္ဒာ လက်ခံလိုက်ရပါတယ်။

"ကံကောင်းချင်တော့ လူငယ်တစ်ယောက်ကမြင်လို့ သူကိုယ်တိုင်ပဲ ကျောပိုးပြီး ဆေးရုံကို အမီပို့ပေးတာဗျ၊ ကောင်လေးကယ်ပေလို့သာပေါ့၊ သမီး ကျုပ်ကိုပြောပြတာတော့ လမ်းမှာ ကားတစ်စီးကို တားသေးတယ်တဲ့၊ သူ့ကား သွေးပေမှာစိုးလို့ ကားပေါ် မတင်ဘူးတဲ့၊ တောက် .. လူစိတ်မှရှိရဲ့လား မသိဘူးဗျာ၊ ဘယ်လောက် မိုက်ရိုင်းသလဲ"

အန်ကယ်မိုးကျော် ဒေါသဖြစ်ဖြစ်နဲ့ ပြင်းပြင်းထန်ထန်ပြောတော့ ဒက်ဒီ တွန့်သွားတာကို သုနန္ဒာ မြင်လိုက်တာမို့ မရယ်မိအောင် ထိန်းထားရပါတယ်။

ကံကောင်းလို့ ..၊ ကလေးက ဆေးအရှိန်နဲ့ မှိန်းနေလို့သာပေါ့။

ဦးသုနောင် ခုတင်ပေါ်က ကလေးမလေး သတိရလာမှာကို သေမလောက် ကြောက်နေတာ အမှန်ပါ။ အခုကျမှ နောင်တရပါပြီလို့ သူ မပြောရဲတော့ ..။

ဘယ်သူ့မျက်နှာမှ မကြည့်ဝံ့ ..။





ယုတ်စွအဆုံး သမီးဖြစ်သူကိုတောင် ရဲရဲ ရင်မဆိုင်ရဲ။ သူ့ကိုယ်သူလည်း မေးခွန်းထုတ်ရပါတော့မယ်။

သူ့စိတ်ဟာ လူမှ ဟုတ်ရဲ့လား ...၊

အန်ကယ်မိုးကျော်ကတော့ သူ့သမီးကို ကားပေါ် မတင်ဘဲ မောင်းထွက်သွားတဲ့ကားပိုင်ရှင်ကို တစ်ဗျစ်တောက်တောက်နဲ့ မေတ္တာပို့နေသမျှ ဦးသုနောင် မျက်နှာကြီး ရှုံ့မဲ့သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အန်ကယ် တော်တော်နှောင်တရနေတဲ့ပုံပေါ့"

သစ်မာ စကားကြောင့် သုနန္ဒာ သက်ပြင်းမောတွေနဲ့အတူ ခေါင်းညိတ်ပြပါတယ်။

သူမ ဒီအကြောင်းတွေကို ရင်ဖွင့်ချင်တာကြောင့် သစ်မာ ဆိ
ဖုန်းဆက်ခေါ်ကာ ပြောပြမိခြင်းပါ။

"ဒါနဲ့ အန်ကယ်ရော ..၊ ကုမ္ပဏီမှာလား"

"မသိပါဘူးဟယ် .. ဒီနေ့ ကုမ္ပဏီပိတ်ရက်လေ .."

သစ်မာ သုနန္ဒာ ကို ကြည့်ပြီး သနားလည်း သနားမိသလို အခု
ဖြစ်သွားတဲ့ကိစ္စကြောင့် ကျေနပ်မိပါတယ်။





ကိုနေကျော် ပြောသလို (ဘယ်လောက်ပဲ အသည်းမာမာ အခါအခွင့်နဲ့ကြုံရင် စာနာစိတ်ဆိုတာ ပြောစရာမလိုဘဲ သိသာမှာပါ) ဆိုတဲ့ အဓိပ္ပာယ်ကို အခုမှ သဘောပေါက်လာခဲ့ပါသည်။

"အေးဟာ ..၊ ငါ ဒီနေ့ ကြားရတာတော့ နင်တို့ကားလည်း ထွက်သွားရော .. နေကျော် အဲဒီကလေးကို ကုန်းပိုးပြီး သွေးသံရဲရဲနဲ့ လမ်းမအထိ မနည်းပြေးလာရတာတဲ့"

သုနန္ဒာ အဲဒီနေ့ကမြင်ကွင်းကို မျက်စိထဲကမထွက် ..။

အားကိုးတကြီး မျှော်လင့်ခြင်းတွေနဲ့ ငေးကြည့် ကျန်ရစ်တဲ့ နေကျော် မျက်ဝန်းတွေရဲ့ အဓိပ္ပာယ်ကို သူမ ဒီနေ့အထိ မေ့မရသေး ...။

ပိုလို့ဆိုးသည်က ဒက်ဒီ ကားဘရိတ်အုပ်မလိုလိုနဲ့ ရပ်တန့်သွားမိန်မှာ လင်းခနဲ ဖြစ်သွားတဲ့ သူ့မျက်ဝန်းတွေကို ပို၍ ရင်နာစရာကောင်းစွာ မြင်ယောင်မိနေဆဲပါ။

"ဒါဆို ဆေးရုံအထိ လမ်းလျှောက်သွားတာပေါ့"

"ဟင့်အင်း ..၊ ကံကောင်းချင်တော့ အဲဒီလမ်းထဲက လူတစ်ယောက်က ဝရန်တာက လှမ်းမြင်ပြီး သူ့ကားနဲ့ ဆေးရုံအထိ လိုက်ပို့ပေးတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားတစ်ခွန်းဟာ သုနန္ဒာ တို့သားအဖအတွက်တော့ အမြဲတမ်း နားကျင်နေစေမယ့် လက်နက်တစ်ခု ဖြစ်မှာပါ။

သူတို့သားအဖက ကူညီခွင့်ရခဲ့ပါလျက် ငြင်းပယ်ခဲ့သည်လေ။ ဟိုလူကတော့ တကူးတက လိုက်ပြီး ကူညီပေးခဲ့သည်။

ဘယ်သူက ဘယ်လိုအမျိုးအစားလဲဆိုတာ ခွဲခြားပြလိုက်သလိုပါပဲ။





နေ့က တော်တော်ပူနေသည်။ တံလျှပ်အရိပ်တွေက ပူပြင်းခြင်းရဲ့ဂုဏ်သတ္တိကို ပြနေသလိုပင်။

ဦးသုနောင် တံလျှပ်တွေကို ငေးကြည့်နေမိသည်။

စိတ်မှာ ဘာမှန်း ဝေခွဲလို့မရတဲ့ ဖိစီးမှုကြောင့် သူ ဒီနေ့ ကားယူမလာခဲ့ဘဲ ခြေဦးတည့်ရာ လျှောက်လာခဲ့ခြင်းပါ။

ဘဝမှာ ယနေ့အချိန်အထိ အခုလို အချိန်အကြာကြီး လမ်းမလျှောက်ခဲ့ဖူးတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြမိပါတယ်။

နောက်ဆုံးတော့ သူ ခံနိုင်ရည်တွေ ကျဆုံးလုနီးပါးအချိန်မှာ အခုလို လမ်းဘေးက သစ်ပင်ရိပ်အောက်ကို ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။ သူ့လက်ထဲမှာ လမ်းကဝယ်လာတဲ့ ရေဘူးအသ[illegible]က်စက်ကို ကိုင်ရင်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



နေရဲ့အပူရှိန်ကြောင့် သူ့လည်ချောင်းတွေက ရေရဲ့အထိအတွေ့ကို တောင့်တလာပါတယ်။

ဦးသုနောင် ရေဘူးကိုလှည့်ဖွင့်နေစဉ် သူ အရိပ်ခိုရာ သစ်ပင်ရိပ်အောက်ကို နောက်ထပ်တစ်စုံတစ်ယောက်ကလည်း အရိပ်ခိုဖို့ ဝင်လာပါတယ်။

အဲဒါကတော့ ဆွမ်းခံကြွလာတဲ့ ရဟန်းတော်တစ်ပါးပါ။

ရဟန်းရဲ့ခြေဖဝါးတွေက ဗလာသက်သက်မို့ ဘယ်လောက်ပူလောင်ခဲ့မလဲ ..၊ သူ မှန်းဆကြည့်မိပါတယ်။ ရဟန်းတော်ကလည်း သူ့လိုပဲ ခေတ္တလာပြီး အရိပ်ခိုပုံ ရပါတယ်။

သူ ရေဘူးကို သောက်ဖို့ ပြင်ပြီးမှ ရဟန်းကိုကြည့်ပြီး သူ ရေသောက်ဖို့ မတင်မကျဖြစ်နေမိပါတယ်။ ဘာကြောင့် အခုလို ဖြစ်နေရတာလဲ .. သူ မသိ။ ရဟန်းတော်ကို ရေဘူးပေးလိုက်ရမလား ..၊ သူ့စိတ်ထဲမှာ ဇဝေဇဝါ ..။

သူ တစ်ယောက်တည်း ခေါင်းခါနေမိပါတယ်။ ရဟန်းတော်က ရေချမ်းစင်ရှိရာကို လှမ်းကြည့်ပြီး ထရပ်မည်ပြုတော့ သူ ကမန်းကတန်း ...

"အရှင်ဘုရား .. တပည့်တော်ရေဘူးကို သောက်ပါဘုရား"





သူ့အသံကြောင့် ရဟန်းတော်က ခေါင်းညိတ်ပြီး လှမ်းယူပါတယ်။

သူ တရိုတသေပေးတော့ ရဟန်းက ရေဘူးကို ယူသောက်ပါတယ်။ ရဟန်းပြန်ပေးတဲ့ ရေဘူးကို လှမ်းယူရင်း၊ ရဟန်းပေးတဲ့ ဆုတောင်းတွေကို ခံယူရင်း သူ ရေငတ်ပြေသွားသလို ခံစားရသည်။

သူလည်း ရဟန်းပြန်စွန့်တဲ့ ရေလက်ကျန်ကို ကုန်အောင် သောက်လိုက်ပါတယ်။ ပြီးတော့ အဲဒီရဟန်းနဲ့သူ အပြင်ကို ငေးနေမိကြပါတယ်။

အဲဒီအချိန်မှာ သူတို့နားခိုရာဇိမာန်ကို နောက်ထပ်ရောက်လာသူ တစ်ဦး ရှိပါတယ်။

အဲဒါကတော့ အရူးတစ်ယောက်ပါ။ အရူးကတော့ အရူးတို့ထုံးစံအတိုင်း သီချင်းတွေ ဆို၊ ပေါက်ကရတွေ ပြောပေ့ါ။

အရူးခန္ဓာကိုယ်ကထွက်တဲ့ အနံ့ဆိုးတွေကြောင့် သူ ရွံရှာသလိုဖြစ်ပြီး ဒီနေရာက အမြန်ဆုံးထွက်ခွာဖို့ စိတ်ကူးမိပါတယ်။

သူ ထွက်သွားဖို့ ကြံရွယ်ပြီးမှ အရူးရဲ့ စိတ်ဝင်စားစရာကောင်းတဲ့လုပ်ရပ်ကြောင့် သူ သွားဖို့စိတ်ကူးကို စွန့်လွှတ်လိုက်ပါတယ်။

အရူးက ညစ်ပတ်ပေရေနေတဲ့ သူ့အိတ်ထဲက ဘယ်သူ့စွန့်ပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှန်းမသိတဲ့ မုန့်လက်ကျန်ကို ထုတ်စားနေပါတယ်။ သူ့ပုံစံက တော်တော် ဆာလောင်နေပုံပဲ။ အရှူးရဲ့ အငမ်းမရစားနေပုံကိုကြည့်ပြီး သူနဲ့အတူရှိနေတဲ့ရဟန်းက ဆွမ်းခံလို့ရလာတဲ့ သပိတ်ထဲက အကြော်တစ်ခုကို လှမ်းပေးသည်။

အရူးဟာ ဆာလောင်နေတဲ့ကြားက မျက်နှာမှာ အပြုံးတစ်ခုကို လှစ်ပြပါတယ်။ ပြီးတော့ အဲဒီရဟန်းကို အဆက်မပြတ် ဦးချပါတော့တယ်။

ရဟန်းက ပြုံးနေပါသည်။

အဲဒီအရူးတော့ အကြော်ကို အငမ်းမရစားတော့မယ်လို့ သူ ထင်လိုက်ပါတယ်။ ထင်တဲ့အတိုင်း အရူးက စားတော့မယ်ပြင်ပြီးမှ သူ့ခြေထောက်ကို လာနမ်းရှုံ့နေတဲ့ ခွေးတစ်ကောင်ကြောင့် ခွေးကို ငုံ့ကြည့်ပါတယ်။

ကျွန်တော် ထင်လိုက်တာက အဲဒီခွေးကို ဒီအရူး လှမ်းကန်လိုက်မယ်ပေါ့။

ဒီတစ်ခါတော့ ကျွန်တော့်ထင်မြင်ချက်တွေ လွဲသွားခဲ့ပါတယ်။ အရူးက အကြော်ကို တစ်ဝက်ချိုးလိုက်ပြီး ခွေးကို ချကျွေးပါတယ်။ ခွေးက လှမ်းဟပ်ပြီး မြေပေါ်ချကာ စားနေပါတယ်။





ပြီးတော့ အရူးထွက်သွားတဲ့နောက်ကို ခွေးကလည်း အပြေးလိုက်သွားပါတယ်။

ရဟန်းတော်က ခွေးနဲ့အရူး ထွက်သွားရာကို အေးချမ်းတည်ငြိမ်တဲ့အပြုံးနဲ့ ငေးကြည့်နေတာကို သူ မြင်နေရပါတယ်။

ရဟန်းတော်ကလည်း အမောပြေပြီမို့ သူ့ရဲ့ လျော့တိလျော့ရဲ သက်န်းကို ပြန်ပြင်ဆင်ပြီး ထွက်ခွာဖို့ ပြင်ပါတယ်။

သူ ခြောက်သွေ့တဲ့နှုတ်ခမ်းကို လျှာနဲ့သပ်လိုက်ပြီး တရိုတသေ လက်အုပ်ချီကာ ...

“အရှင်ဘုရား ...၊ တပည့်တော် မသိလို့ တစ်ခု မေးပါရစေ”

ကျွန်တော့်စကားကြောင့် ဆက်လက်ထွက်ခွာဖို့ ပြင်ဆင်နေတဲ့ ရဟန်းက တည်ငြိမ်တဲ့ကြွေနဲ့ လှမ်းကြည့်ပြီး ...

“မေးပါ ဒကာ ..”

ကျွန်တော် သက်ပြင်းကို လေးလေးပင်ပင် ချလိုက်ပြီး တရိုတသေနဲ့ ...

“လူဆိုတာ ဘာလဲဘုရား”

ကျွန်တော့်ရဲ့အမေးကြောင့် ရဟန်းက ပြုံးသည်။ အဲဒီအပြုံးဟာ လူကို ရှုံ့ချတဲ့အပြုံး မဟုတ်မှန်း သူ သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒကာကြီး ..၊ လူကို လေးမျိုးလေးစား ခွဲခြားထားတယ် ဒကာကြီး၊ အဲဒီလေးမျိုးကတော့ တစ် .. လူ့ငရဲသား၊ နှစ် .. လူ့တိရစ္ဆာန်၊ သုံး .. လူ့ပြိတ္တာ၊ လေး .. လူ့ပရမတ္ထ တဲ့"

"အရှင်ဘုရား .. အချိန်ရမယ်ဆိုရင် တပည့်တော် နားလည်အောင် ရှင်းပြပေးပါလား ဘုရား"

ရဟန်းတော်က နေကိုလှမ်းကြည့်ပြီး သူ့ကို ပြန်ငဲ့ကြည့်ကာ အခုလို ရှင်းပြပါတယ်။

"လူ့ငရဲသားဆိုတာ ငရဲကို ကျရောက်နေတဲ့သူတွေသည် ဒါန၊ သီလ၊ ဘာဝနာ တစ်ခုမှ အားထုတ်ခွင့်မရကြဘဲ နှိပ်စက်ညှဉ်းပန်းမှုကို စက္ကန့်မလပ် ခံနေကြရသလို တချို့လူတွေလည်း ဒီအတိုင်း ခံနေရရှာတယ်၊ သို့သော် ဒါန၊ သီလ၊ ဘာဝနာ တစ်ခုမှ အားထုတ်ခွင့်မရကြဘဲ သတ်မှု၊ ခိုးမှု စသည်များကြောင့် ထောင်တန်းကျကာ နေ့စဉ် နှိပ်စက်ညှဉ်းပန်းမှုကို ခံနေကြရတဲ့လူတွေကိုလည်း လူ့ငရဲသားလို့ ခေါ်တယ်ကွယ့်၊ အင်း .. လူ့တိရစ္ဆာန်ဆိုတဲ့ လူအမျိုးအစားကတော့ ဒါန၊ သီလ၊ ဘာဝနာ တစ်ခုမှမပြုဘဲ အိပ်၊ စား၊ ကာမ ဤသုံးဝကိုပဲ အားထုတ်ပြုလုပ်ရင်း ဘဝကို စခန်းသွားကြတဲ့လူတွေ၊ လူ့ပြိတ္တာကတော့ သရဲ၊ တစ္ဆေ လို့ခေါ်တဲ့ ပြိတ္တာတွေလို ဒါန၊ သီလ၊ ဘာဝနာ





တစ်ခုမှအားမထုတ်နိုင်ဘဲ ဝမ်းရေးအတွက် ရှာဖွေ စားသောက်ရင်း တစ်ဘဝလုံး စခန်းသွားရတဲ့လူတွေပေါ့"

"ဒါဆိုရင် လူ့ပရမတ္ထ ဆိုတာကရောဘုရား .."

သူ သိလိုစိတ်နဲ့ အမောတကော မေးမိတော့ ရဟန်းတော်က ခေါင်းကို ညင်သာစွာညိတ်ပြီး ဆက်ဟောပါတယ်။

"လူ့ပရမတ္ထ ဆိုတာ သူများတန်းတူ စီးပွားရေးကိုလည်း အတန်အသင့်ရှာတယ်၊ ဒါန၊ သီလ၊ ဘာဝနာကိုလည်း တက်နိုင်သလောက်ကြိုးစားအားထုတ်သူကိုသာလျှင် လူ့ပရမတ္ထ၊ လူစစ်စစ်လို့ ဆိုတယ်ဒကာ ..၊ ဒကာလည်း ဘယ်အမျိုးအစားထဲမှာ ပါသလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် ခွဲခြမ်း ဆန်းစစ်ကြည့်ပေါ့၊ အင်း .. နေလည်း အတော်မြင့်လာပြီ၊ ဦးပဉ္ဇင်းလည်း ဆွမ်းစားချိန် နောက်ကျနေမယ်၊ ကြွဦးမှ .."

ရဟန်းတော်က ထွက်ခွာသွားပါတယ်။ သူ ငိုင်တွေစွာနဲ့ ကျန်ရစ်ရပါတယ်။ သူ့ခေါင်းထဲမှာ ငါ ဘယ်အမျိုးအစားထဲမှာပါနေသလဲ ဆိုတဲ့ မေးခွန်းတွေ .. မေးခွန်းတွေ ..။

အဖြေရှာနေရင်း နောက်တော့ သူ ဖြည်းညင်းစွာ ထရင်ရိုက်ပါတယ်။ ဒီနေ့တော့ အိမ်အပြန်လမ်းတစ်လျှောက်မှာ မေးခွန်းပေါင်းများစွာနဲ့ ပြန်ရတော့မယ် ထင်ပါရဲ့ ..။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်သက် ရဲ့ စကားတစ်ခွန်းကိုလည်း သတိရလိုက်မိပါသည်။

"ကိုယ်ကိုယ်တိုင် ခလုတ်မထိသေးခင်အထိတော့ အမိ မတ,မိသေးဘူးပေါ့"

သက်ပြင်းတွေဟာ ဒီနေ့တော့ မိုးတွေလိုပဲ ခဏခဏ ရွာချနေရပါတယ်။ သူ သစ်ပင်ရိပ်ကထွက်တော့ နေပူရှိန်က မကျသေး ..။

"ဟင်!..."

ရုတ်တရက်မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် သူ ပါးစပ်အဟောင်းသား ..။ ခုန သူ့အနားကထွက်သွားတဲ့ အရူးနဲ့ခွေးက ပလက်ဖောင်းဘေးမှာ တစ်ယောက်နဲ့တစ်ယောက် ကလူကျီစယ်နေကြပါတယ်။

သူတို့ကို နောက်ကျောပေးထားတဲ့ ကားကို မမြင် ..။ အရူးက ခွေးနဲ့အတူ တစ်ဖက်ကားလမ်းကိုကူးဖို့ ဟန်အပြင်မှာ ...

"ဟာ!... ကား .. ကား .. ..."

သူ အချိန်မီအောင် တားပေမယ့် ...

"ကျွီ ... ... ..."

ကားကလည်း ရုတ်တရက် မြင်လိုက်ရတဲ့အချိန်မှာ ဘရိတ်အုပ်လိုက်ပေမယ့် မမီတော့ပါ။





"ဒုန်း .. ..."

"ဟာ .. တိုက်ပြီ"

အော်သံတွေ ဆူညံသွားပါတယ်။ သူလည်း တခြားလူတွေနဲ့အတူ သွေးအိုင်ထဲမှာ လဲကျနေတဲ့အရူးကို ကြည့်တော့ အရူးက သွေးတွေနဲ့အတူ လူးလိမ့်နေပါတယ်။

ခွေးကတော့ ဘာမှမဖြစ်။ ဒါပေမယ့် သူ့ရဲ့မိတ်ဆွေ အရူးကို ခြေဖျားတွေကို နမ်းရှုပ်လိုက်၊ လူတွေကိုမျှော်ကြည့်လိုက်နဲ့ လုပ်နေရှာပါတယ်။

ဘယ်သူမှလည်း အဲဒီအရူးကို ဆေးရုံပို့ဖို့ မကူညီကြ။ တချို့ကကြည့်ပြီး ထွက်သွားကြသည်။ တချို့က တိရစ္ဆာန်တစ်ကောင်လို ဒါမှမဟုတ် လမ်းဘေးက မျက်လှည့်ပွဲတစ်ခုလိုပဲ ငေးကြည့်နေကြပါတယ်။

"တိုက်တဲ့ကားရော .."

"ကားက ထွက်ပြေးသွားပြီဗျ .."

"ကားနံပါတ်တော့ မှတ်မိပါတယ်"

လူတစ်ယောက်က သူမြင်လိုက်တဲ့ကားနံပါတ်ကို ပြောပြပါတယ်။ သူလည်း ဇဝေဇဝါနဲ့ ဘာလုပ်သင့်လဲ ဝေခွဲရ ခက်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင်ကမှ ရဟန်းပြောသွားတဲ့ လူလေးမျိုးက နားထဲမှာ ပြန်လည် ကြားနေဆဲပါ။

သူ လူအုပ်ထဲက ရှေ့ထွက်ဖို့ပြင်ဆင်နေစဉ်မှာ လူငယ်တစ်ယောက်က အရှူးကို လှမ်းပွေ့လိုက်ပါတယ်။ အဲဒီလူငယ်က ...

"ဟင်!... မောင်နေကျော် .."

သူ ပါးစပ်အဟောင်းသား ..။ နောက်ဆုံးတော့ သူ ဆုံးဖြတ်ချက်မချခင်မှာ သူ့ခြေလှမ်းနဲ့ ခန္ဓာကိုယ်က အဲဒီကောင်လေးဘေးမှာ ထိုင်လျက်သား ..။

ကောင်လေးက ဖျတ်ခနဲ ငဲ့ကြည့်ပြီး အံ့သြဟန်နဲ့ ...

"ဟင်!... အန်ကယ် .."

သူ ရဲရဲဝံ့ဝံ့ ပြုံးပြလိုက်ပါတယ်။ ပြီးတော့ ...

"ကဲ .. တို့ ဆေးရုံသွားဖို့ ပြင်ရအောင် .."

ကျုပ်စကားဟာ သူ့အတွက် ပိုပြီး အံ့အားသင့်စရာဖြစ်နေမှာ ကျုပ် သိတာပေါ့။ ဒါပေမယ့် အံ့အားသင့်ဖို့ထက် လုပ်သင့်လုပ်ထိုက်တာကိုလုပ်ဖို့ ကျုပ်နဲ့ မောင်နေကျော် ရွေးချယ်လိုက်ပါတယ်။

အဲဒီအရူးကို တစ်ဖက်တစ်ချက်သယ်ပြီး လူအုပ်ထဲက ထွက်လာပါတယ်။





လူအုပ်ကတော့ ကူညီဖို့နေနေသာသာ အရူးရဲ့သွေး ပေမှာကို ကြောက်ရွံ့နေဟန် ရှိကြသည်။

ကျုပ်နဲ့ မောင်နေကျော် တက္ကစီတစ်စီးကို မနည်းငှားရပါတယ်။ လက်ပြတားတဲ့ကားတိုင်းဟာ လက်ခါပြပြီး ကွေ့ရှောင် မောင်းပြေးကြတာ များပါတယ်။

"ဒုက္ခပဲ .. သွေးတွေ တအားထွက်နေပြီ အန်ကယ် .."

နွေရာသီနေရဲ့အပူရှိန်ကြောင့် သွေးက တအားထွက်နေပါတယ်။ အရူးကတော့ တုတ်တုတ်မျှ မလှုပ်တော့ ..။ အဲဒီအချိန်မှာ ကားတစ်စီးက ကျုပ်တို့ရှေ့ကို ရပ်ပြီး ...

"ဆေးရုံလား .. တက် .. တက် .. မြန်မြန် ..."

ကိုယ်ပိုင်ကားတစ်စီး ဖြစ်ဟန်တူပါတယ်။ မပြောဘဲ ကိုယ့်ကာသာ နားလည်ကြတဲ့ ဒီလိုလူမျိုး ရှိပါသေးလားလို့ ကျုပ် စိတ်ထဲက တွေးပြီး ကားသမားကို ကျေးဇူးတင်မိပါတယ်။ ကားက အဲဒီနေရာကနေ အလွန်လျင်မြန်စွာပဲ ထွက်ခွာလာခဲ့ပါတယ်။

ကျုပ်နဲ့ မောင်နေကျော် ရဲ့ခန္ဓာကိုယ်မှာ အရူးခန္ဓာကိုယ်က သွေးတွေက မြင်မကောင်းအောင် ပေကျံနေပါတယ်။ ကျုပ်တို့ ဆေးရုံရောက်တော့ သူနာပြုဆရာ၊ ဆရာမတွေနဲ့ ဆေးရုံဝန်ထမ်းတွေက



www.burmeseclassic.com

www.burmeseclassic.com



အရှူးကို လှည်းပေါ်တင်ပြီး ခေါ်ဆောင်သွားပါတယ်။ ကျုပ်နဲ့သ
ရပ်နေမိပါတယ်။ ကောင်လေးက ကျုပ်ကို ကြည့်ပြီး...

"ကျေးဇူးတင်ပါတယ် အန်ကယ်၊ ဒါနဲ့ အန်ကယ် ပြန်ချင်ပြန်လေ

"မင်းကလဲဗျာ .."

နေကျော် က ပြုံးပြီး ...

"ကျွန်တော် အခြေအနေကိုစောင့်ကြည့်ပြီး တိုက်တဲ့ကားကို တို
ရမယ်၊ ရဲစခန်းကို စစ်ချက်ပေးဖို့ ပြောရဦးမယ် အန်ကယ် .."

"အေး .. ဒါဆို အန်ကယ်လည်း မင်းနဲ့အတူ စောင့်နေပေးမယ်

"ဗျာ!..."

ကျုပ်စကားဟာ သူ့အတွက် အံ့သြစေမယ်ဆိုတာ ကျုပ် သိ
တယ်။ ဒီတစ်ခါတော့ ကျုပ် ရဲရဲဝံ့ဝံ့ ပြုံးရဲပါပြီ။

"ဒီအရူး ကားမတိုက်ခင် မိနစ်ပိုင်းမှာတင် အန်ကယ်နဲ့ အမိုးရှိ
တစ်ခုအောက်မှာ အတူတူရှိခဲ့ကြသေးတယ် မောင်နေကျော် ..."

နေကျော် ပါးစပ်အဟောင်းသား ..။ ပြီးတော့ သူ မမြင်ဖူးတ
အပြုံးတွေနဲ့ လန်းဆန်းနေတဲ့ ဒီလူကြီးကို မယုံနိုင်အောင် ငေးကြည့်
နေမိပါတယ်။

"ရဟန်းတစ်ပါးရယ် ..၊ အန်ကယ်ရယ် ..၊ ကားတိုက်ခံရတဲ့အ





ရယ် ..၊ ပြီးတော့ ခွေးတစ်ကောင်ရယ်လေ .."

ကျွန်တော် အန်ကယ့်စကားတွေကို စိတ်ဝင်တစား နားထောင်
နေမိပါတယ်။ အန်ကယ်က သက်ပြင်းချတယ်။

"လူနဲ့ တိရစ္ဆာန်ရဲ့ တစ်ဦးပေါ် တစ်ဦးထားတဲ့ မေတ္တာတရားက
အန်ကယ့်စိတ်ဓာတ်တွေကို အမိအရပြောင်းလဲပေးလိုက်တဲ့ ဖြစ်စဉ်
တစ်ခုပဲ မောင်နေကျော်၊ အဲဒီမှာ အန်ကယ် ရဟန်းတော်ကို မေးကြည့်
လိုက်တယ်၊ လူဆိုတာ ဘာလဲပေါ့၊ ရဟန်းတော်က လူလေးမျိုးရဲ့
အကြောင်းကို ရှင်းပြတယ်"

ဒီလောက်ဆိုရင် မောင်နေကျော် သဘောပေါက်လောက်ပြီလို့
သူ ထင်ပါသည်။ မောင်နေကျော် ကို ဆေးရုံတာဝန်ရှိသူတစ်ဦးက
လာခေါ်ပါတယ်။

"မောင်နေကျော် .."

မောင်နေကျော် သူ့ကို လှည့်ကြည့်သည်။

"လူနာရဲ့ ဆေးကုသစရိတ်ကို အန်ကယ် တာဝန်ယူမယ်နော်"

"ဗျာ!.... ဟုတ် .. ဟုတ်ကဲ့ .."

ကောင်လေးထွက်သွားတော့ သူ ကျေကျေနပ်နပ်နဲ့ ပြုံးမိစဉ်
ဖုန်းသံကြောင့် ဖုန်းဖွင့်နားထောင်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီ .. သမီးပါ၊ ဒက်ဒီ ဘယ်မှာလဲ"

"ဆေးရုံမှာ .. သမီး .."

"ရှင်!..."

သမီး လန့်ဖျပ်သွားပုံရပါတယ်။

"သမီး မြန်မြန်လာခဲ့၊ ( .....) ဆေးရုံမှာ၊ အရေးပေါ်ဌာန၊ ပြီးတော့ အဝတ်နှစ်စုံလောက်ယူခဲ့နော် သမီး .."

"ဟုတ် .. ဟုတ်ကဲ့ ဒက်ဒီ"

ဖုန်းပြန်ပိတ်ပြီးတော့ သူ အရှူးခွဲစိတ်နေတဲ့ ခွဲစိတ်ခန်းအနီးမှာ သွားစောင့်နေမိပါသည်။





မပြေးရုံတမယ် လျှောက်လာတဲ့သမီးက သူ့ကိုမြင်တော့ အခုမှ စိတ်အေးသွားဟန်နဲ့ ...

"စိုးရိမ်လိုက်တာ ဒက်ဒီရယ် .. ဒက်ဒီ တစ်ခုခုဖြစ်တယ် ထင်လို့၊ ဒါနဲ့ ဘယ်သူ ဘာဖြစ်လို့လဲ"

သမီးက သူ့ကိုယ်ပေါ်က ပေကျံနေတဲ့သွေးတွေကိုကြည့်ပြီး မေးပါတယ်။

"ဒက်ဒီတို့ ဘာမှမဖြစ်ပါဘူး၊ ဒက်ဒီ လမ်းလျှောက်ထွက်တုန်း အရူးတစ်ယောက် ကားတိုက်ခံရလို့ ဆေးရုံလိုက်ပို့တာ .."

"ရှင်!..."

ဒီနေ့တော့ သူ့စကားတွေဟာ ကြားရသူအဖို့ ရှုဆန်းနေမှာ သေချာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သမီး၊ ဒီနေ့တစ်နေ့ဟာ ဒက်ဒီရဲ့စိတ်ဓာတ်တွေကို ပြောင်းလဲပစ်ဖို့ ထူးဆန်းတဲ့လူတချို့ကို ကံကြမ္မာက လွှတ်လိုက်တယ် ထင်ပါတယ်"

သုနန္ဒာ ကတော့ ဒက်ဒီ့စကားတွေရဲ့ဆိုလိုရင်းကို နားမလည်ပေမယ့် ဒက်ဒီ့စိတ်တွေ ပြောင်းလဲသွားတာကို ကျေးဇူးတင်မိသည်။

ဘာထူးလဲ ..၊ သူမကိုယ်တိုင်တောင် သူမ မသိလိုက်ဘဲ စိတ်ဓာတ်တွေ ပြောင်းလဲသွားတာ အံ့သြနေရတာပဲလေ။ ဒါဟာ ဘယ်သူ့ကြောင့်လဲ။

"ကဲ .. သမီး၊ ဒက်ဒီ့ကို အဝတ်တစ်စုံပေး .."

ဒက်ဒီက အဝတ်တစ်စုံယူပြီး အဝတ်လဲဖို့ သန့်စင်ခန်းကို သွားမယ်ပြင်တော့ ...

"နောက်တစ်စုံက ဘယ်သူ့အတွက်လဲ ဒက်ဒီ"

ဒက်ဒီက ပြုံးသည်။

"လာယူပါလိမ့်မယ် သမီး"

ဒက်ဒီကပြောပြီး ထွက်သွားပါတယ်။

သူမကတော့ ကြောင်တောင်တောင်နဲ့ ခွဲစိတ်ခန်းဘက် ပြန်ငေးကြည့်နေစဉ်မှာ ...





"ဟော ..."

ခွဲစိတ်ခြင်းကိစ္စတွေ ပြီးမြောက်လို့ အခန်းထဲကထွက်လာကြတဲ့ ဆရာဝန်ကြီးနဲ့ အခြားဆရာဝန်တွေကို သူမ တွေ့လိုက်ရပါတယ်။ ရှေ့ဆုံးကလျှောက်လာတဲ့ ဆရာဝန်ကြီးက သူမကို မြင်တော့ ...

"သမီးရေ .. အောင်မြင်တယ် သိလား .. ကံသီပေလို့သာပေါ့၊ အချိန်မီသာ မရောက်ရင် လူနာအသက်ကို ကယ်ဖို့မလွယ်ဘူး"

"ဟုတ် .. ဟုတ်ကဲ့ .."

"ဒါနဲ့ လူနာနဲ့ သမီးက .."

"ဟို .. ဟိုလေ .. ဦး .. ဦးလေးပါ"

"ဟော!..."

ဆရာဝန်ကြီးက မျက်ခုံးမြင့်တက်သွားရင်း သူမ ကို ခြေဆုံးခေါင်းဆုံး ကြည့်ပါတယ်။

"သြော် .. အေး .. အေး၊ ကဲ .. သွားမယ် သမီး၊ တောနေရင် လူနာနဲ့ဝင်တွေ့လို့ရပြီ သမီး"

"ဟုတ်ကဲ့ .. အန်ကယ်"

ဆရာဝန်ကြီးထွက်သွားတော့ ဘာကြောင့် ဆရာဝန်တွေ အံ့သြကြတာလဲဆိုတာ စဉ်းစားလို့မရ ..။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်မို့ ကြည့်ကောင်းအောင် သူမ ပြောလိုက်တဲ့စကားက ဘာအံ့ဩစရာ ရှိလို့လဲပေါ့။

စုန ဆေးရုံထဲ ဝင်လာတော့ အရေးပေါ်ခွဲစိတ်နေတဲ့ လူနာဟာ ယောကျ်ားကြီးတစ်ယောက်မှန်းတော့ နားစွန်နားဖျားကြားတာနဲ့ သူမ အစုလိုပြောလိုက်ခြင်း ဖြစ်ပါတယ်။

"ကဲ .. မိန်းကလေး၊ ကျုပ်အတွက် အဝတ်ရော .."

"ဟင်!..."

အနားနားကပ်ပြီး ပြောလိုက်တဲ့အသံကြောင့် သူမ လန့်ဖျပ်ပြီး လှည့်ကြည့်တော့ ပြုံးစိစိနဲ့ ငေးကြည့်နေတဲ့ နေကျော် ..။

"နေကျော် .. ရှင်က ဒီမှာ ..."

သူမ အလန့်တကြားနဲ့ပြောမိတော့ နေကျော် က အမြင်ကပ်စရာ ကောင်းအောင် သဘောကျစွာ ရယ်ပါတယ်။

ကျွန်မ မျက်စောင်းထိုးမိပါတယ်။

"ကဲ .. နောက်မှပြော .. ပေးပါ အဝတ်၊ ကျုပ်ကိုယ်က မြင်လို့ မကောင်းအောင် ပေနေတာ၊ အဝတ်အမြန်လဲမှ ဖြစ်မှာ .."

"ဒီအဝတ်က ရှင့်အတွက် .."

"ဟောဗျာ .. ဒက်ဒီ ခင်ဗျားကို မမှာလိုက်ဘူးလား"





"မှာတယ်လေ၊ ဟင်!... ဘာ .. ဘာပြောတယ်"

သူမ အယောင်ယောင်အမှားမှားနဲ့ ပြောမိပြီးမှ သတိရကာ မျက်လုံးကြီးပြူးပြီး အော်တော့ ထုံးစံအတိုင်း အဲဒီပုဂ္ဂိုလ်က ရယ်ပြန်ပါတယ်။

"ဘာတွေ ရယ်နေကြတာလဲကွ"

ဒက်ဒီက လှမ်းပြောရင်း လျှောက်လာတော့ နေကျော် က ပြုံးစိစိနဲ့ ရယ်ချင်ဟန်ကို ဖုံးထားပါတယ်။ သူမကတော့ မကျေမနပ်နဲ့ မျက်စောင်းထိုးလို့ပေါ့။

"ဒက်ဒီ .."

"ဟော့ .. ဘာလဲ သမီး"

သူမက မျက်မှောင်ကြုတ်ရင်း ...

"သမီးကို ဆရာဝန်ကြီးက လူနာနဲ့ ဘာတော်လဲမေးတော့ သမီးက ကြည့်ကောင်းအောင် ဦးလေးလို့ ဖြေလိုက်တာ၊ ဆရာဝန်ကြီး မျက်လုံးပြူးပြီး သမီးကို စူးစမ်းသလိုကြည့်တယ် ဒက်ဒီ .."

သူမ စကားကြောင့် မတိုင်ပင်ဘဲ ဒက်ဒီနဲ့ နေကျော် တဖွားဖွား နဲ့ ရယ်ပါတော့တယ်။

သူမ က နှုတ်ခမ်းစူရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ .. ဒက်ဒီနော် .."

သူမ ရဲ့ စူပုပ်ပုပ်စကားကြောင့် ဒက်ဒီက အရယ်ရပ်လိုက်ပေမယ့် ရယ်ချင်နေတုန်း ..။

"ရယ်မှာပေါ့ သမီးရဲ့၊ အဲဒီလူနာက အရူးကြီးလေ .."

"ရှင်!..."





"ဟဲ့ .. ဘာလို့လိုက်လာတာလဲ"

"လုပ်ပါဟာ .."

"ဘာလုပ်ပါဟာလဲ .. နင်နော် .."

သူမ မကျေမနပ်နဲ့ နှုတ်ခမ်းစူပြီး ပြောမိပါတယ်။ ဒက်ဒီကတော့ ဆေးရုံမှာနေခဲ့ဦးမယ် ဆိုပါတယ်။

ဒက်ဒီက ဘယ်ဘဝရေစက်လဲတော့ မသိ၊ ဒီအရူးအပေါ် ခံတက်ကျလို့ နေပါတယ်။

အရူး ဆေးရုံကဆင်းရင် စိတ်ကျန်းမာရေးဆေးရုံကို [illegible] ယူပြီး ပို့ပေးဦးမယ်ဆိုပဲ။

ပြီးတော့ ဒီသကောင့်သား နေကျော် ..။ ဒက်ဒီက ဘာစိတ်ကူးနဲ့ သမီးဖြစ်တဲ့ သူမကို လိုက်ပို့ခိုင်းတာလဲ မသိ ..။



www.burmeseclassic.com

www.burmeseclassic.com



သုနန္ဒာ သူနဲ့အတူ မသွားချင်တာကြောင့် ဆေးရုံက အမြန်ထွက်လာတော့ နေကျော် ကလည်း ထပ်ကြပ်မကွာ လိုက်လာပါတယ်။

"လုပ်ပါဟာ .. အရေးပေါ် .."

"ဘာအရေးပေါ်လဲ .. နင်နော် .."

နေကျော့် မျက်နှာက အပိုးမသေ ..။

"တကယ် အလျော်ပေးပါတယ် .. အဲလေ ..အရေးပေါ်ပါဟာ၊ လျှူလိုက်ပါနော်၊ လျှူရခဲ့တယ်ဟ"

သူမ စိတ်မရှည်တော့ဘဲ နေကျော့် ဘက် လှည့်ကာ ...

"ကဲ .. လျှူမယ်ဟာ .. ဘာသွေးလဲ"

ဒီကောင်က ပြုံးစိစိနဲ့ ...

"သွေး မဟုတ်ဘူး .. အချစ် .."

"ဟာ!... နင်နော် .."

သူမ ရှက်ပြီး ဒီကောင့်လက်မောင်းကို ထုပြီးမှ လန့်ဖျပ်ပြီး ခေါင်းငုံ့မိတော့ ...

"လျှူလိုက်ပါဟာ၊ အခုဆို ဒက်ဒီလည်း အလင်းဝင်လာပြီ .. အဲ.. အမြင်မှန်ရလာပြီပဲ"

"နေကျော် .. နော် .."





သူမ ရင်တွေ တလှပ်လှပ် ..။ ရုတ်တရက် အခွင့်အရေးရတာနဲ့ ရည်းစားစကားတွေ တတွတ်တွတ်ပြောနေတဲ့ သူ့ကို အမှန့်ကြိတ်ပစ်ချင်နေပါတယ်။

"နင် ရှက်နေတာလား .. ဒီလိုလုပ်ဟာ ..၊ ခေါင်းပန်းလှန်မယ်"

သူမ နှုတ်ခမ်းကိုက်ပြီး ဒီကောင့်ကို ဘုကြည့်ကြည့်ကာ ...

"အဲဒီတော့ ..."

"ဒီလိုဟာ .. ခေါင်းပန်းလှန်လို့ ခေါင်းကျရင် နင် ငါ့ကို ချစ်တယ်လို့ အဖြေပေးရမယ်"

"ဒါဆိုရင် ပန်းကျရင်ရော .."

"အဲ .. ဒါ .. တော့ ..."

နေကျော့် အသံက ညှိုးငယ်ငယ် ..။ သူမလည်း ဘာကြောင့်မှန်းမသိ၊ ဝမ်းနည်းလာသလိုလို ..။

"ပန်းကျခဲ့ရင် နင်က ငါ့ကို နိုးပြေး .."

"ဟာ .. ခွေးကောင် .."

သူမ စိတ်တိုတိုနဲ့ အမှတ်မရှိဘဲ လက်သီးဆုပ်နဲ့ သူ့ရင်ဘတ်ကို ထုတော့ သူက ကျွန်မလက်ကို လှမ်းဖမ်းပြီး ...

"အား ... နာတယ်ဟ ..ခွေးမရဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



"နင်နော် .. လက်ကို လွှတ် .."

"ဟင့်အင်း .. နင်က ငါ့ကို ထပ်ထုဦးမှာ၊ ငါကြောက်တယ်"

"အောင်မာ .. နင်ကြောက်တာက နည်းနည်း၊ ငါ့လက်ကို ကိုင်ချင်တာ မဟုတ်လား"

"မဟုတ်ပါဘူးဟာ .. ငါ တကယ်ကြောက်လို့ပါ"

သူမ ရယ်ချင်နေပါတယ်။

"လွှတ်ပါဆို .."

"ဒါဆို နောက်တစ်ကြိမ် ခေါင်းပန်း ပြန်လှန်မယ်"

သူမ မကျေမနပ်နဲ့ စိုက်ကြည့်နေမိပါတယ်။

"ဒီတစ်ခါတော့ အနိုင်အရှုံး ရှိတယ်"

ဒီကောင့်မျက်နှာက အပိုးမကျိုး ..။

"ဒီတစ်ခါ ခေါင်းကျရင် နင့်ကို ခိုးပြေးမယ်"

"ပန်းဆိုရင်ရော .."

သူမ မကျေမနပ်နဲ့ပြောတော့ ...

"ပန်းဆိုရင်တော့ ခိုးပြေးတဲ့အမှုနဲ့ နင် ငါ့ကို ထောင်ထဲပို့လိုက်"

"တကယ်နော် .."

"အေး .. ဒါပေမယ့် ထောင်က ရိုးရိုးထောင် မဟုတ်ဘူးနော်"



BURMESE CLASSIC .com



"ဘာထောင်လဲ .."

"အိမ်ထောင် .."

ဒီတစ်ခါတော့ သူမ ဟန်မဆောင်နိုင်စွာ ရယ်မိပါတယ်။ နေကျော်က သူမကို လှမ်းဖက်မယ်အလုပ် ..၊

"ဟဲ့ .. ဆေးရုံဝင်းထဲမှာ .."

"ဟင် .. ဟုတ်သားပဲ၊ ကားပေါ်တက် .. ပန်းခြံထဲသွားရအောင်"

သူ့စကားကြောင့် သူမ မျက်စောင်းထိုးပြီး ...

"အောင်မာ .. နင့်ကို ငါက အဖြေပေးသေးလို့လား"

"ဟင် .. နင်ပဲ ဆေးရုံဝင်းထဲမှာလို့ ပြောပြီးတော့ ..."

"ေ[illegible]းလေ .. အဲဒါ ဘာဖြစ်လဲ"

"ဟာ .[illegible]ဒါကြောင့်မို့ ပန်းခြံထဲမှာ ဖက်ရအောင်လို့ ခေါ်တာပေါ့"

"အောင်မာ ... ဖက်ရဲဖက်ကြည့်ပါလား"

"[illegible]် နိုင်းတာနော် .."

သူမ စိတ်တိုတိုနဲ့ သူ့ကျောကို အုန်းခနဲ ထုတော့ ...

"ဟဲ့ .. ဆေးရုံဝင်းထဲမှာနော်"

သူမက ရယ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မလက်ဖဝါးကို လှမ်းဆုပ်ကိုင်ပါတယ်။ ကျွန်မ တန်ဖိုးကြီးတဲ့အရာကို မထင်မှတ်ဘဲ လှူမိခဲ့ပါပြီ။

ဒါပေမယ့် ကျွန်မ ကျေနပ်ပါတယ်။ ဟိုအုပ်စုသာသိရင် ကျွန်မကို ဝိုင်းစနေကြမှာကိုပဲ စိုးရိမ်နေမိတာပါ။ ဒါပေမယ့် အဲဒီလို စနောက်တဲ့အခါ ...

ကျွန်မ ရှက်ရှက်နဲ့ နေကျော့် ကျောပြင်မှာ ပါးအပ်ပြီး ရှက်ပြုံးပြုံးနေမိမှာ သေချာပါသည်။


ဒွိနှင်းခ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ရေးကြီးခွင်ကျယ်ဆေးစက်နဲ့
ရေးခြယ်တဲ့ပန်းချီ



www.burmeseclassic.com